www.burmeseclassic.com

# နှင်းပွင့်နှင်းဆီ

တောင်ပေါ်မြို့ရဲ့ရစ်သမ်ပို့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | – ၅၀၁၂၀၄၁၀၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – ၅၀၁၁၉၅၁၀၁၁ |
| မျက်နှာဖုံးဒီဇိုင်း | – Lလင်း |
| ထုတ်ဝေသူ | – ဒေါ်ခင်မာချို(ပန်းဝေဝေ စာပေ) အမှတ်(၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | – ဒေါ်နီနီခိုင် (၀၇၁၃၅) သီရိမေရောင်စုံပုံနှိပ်တိုက် အမှတ်(၁၉)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။ |
| အတွင်းဖလင် | – ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | – Thirimay Binding |
| ကွန်ပျူတာစာစီ | – (Asia Glory) |
| ပုံနှိပ်ခြင်း | – ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (ပထမအကြိမ်) |
| အုပ်ရေ | – ၅၀၀ |
| တန်ဖိုး | – ၁၅၀ ကျပ် |

၈၉၅ . ၈၃

မှုပိုင်နှင်းဆီ

တောင်ပေါ်မြို့ရဲ့ရစ်သမ်ပျို / မှုပိုင်နှင်းဆီ–ရန်ကုန်

ပန်းဝေဝေ စာပေ၊ ၂၀၁၁ အောက်တိုဘာလ

၂၂၈ စာ၊ အလျား ၁၂.၇ စင်တီ၊ အမြင့် ၁၇.၈ စင်တီ

(၁) တောင်ပေါ်မြို့ရဲ့ရစ်သမ်ပျို

BURMESE CLASSIC .com

## အစပျိုး

ညိုမည်းမှောင်နေတဲ့ ကောင်းကင်ကြီးဟာ . . သွန်းထွေး ကြည့်နေရင်းမှပင် မီးခိုးရောင်ဘက်သို့ တဖြည်းဖြည်းပြောင်းသွား သည်။

ဟော . . . ကြည့်နေရင်းနဲ့ မီးခိုးရောင်က အရောင်နုသွား ပြန်ပြီ . . . အို . . . သူတို့ကြားထဲမှာ အဖြူရောင်လေးတွေတောင် ရောပါနေလိုက်သေး။

ဖြူလာပါပြီ . . . ဖြူပြီးတော့ လင်းလာတော့မယ် . . .

နေပါဦး၊ လူတွေက အိပ်နေလိုက်ကြတာ မိုးကောင်းကင် ကြီးကို သွန်းထွေး စောင့်ကြည့်နေတာကြာပြီ . .

ဆောင်းညပြာသိုစာလ

www.burmeseclassic.com

www.burmeseclassic.com



မဆိုးဘူး. . သူက သစ္စာရှိတယ်။ နေ့တိုင်း ဒီအချိန်ရောက်ရင် ဒီလိုအရောင်လေးတွေ ပြောင်းသွားရော. . .

ဒေါ်ဒေါ်ကတော့ ပြောဖူးသား. . . ဘာတဲ့. . အမည်းနဲ့ အဖြူ ရောလိုက်ရင် မီးခိုးဖြစ်သွားပြီး အဲဒီမီးခိုးကို အဖြူထပ်ရောလိုက်ရင် အရောင်က ပိုပြီး နုသွားရော တဲ့. . .

ဒေါ်ဒေါ်ပြောတာ မယုံလို့ သွန်းထွေးက လက်တွေ့စမ်းကြည့်ပြီးပြီ။

ဟုတ်နေသားပဲ။ အဖြူရောင်ဆိုတာ ဘာနဲ့မဆို ရောလို့ရတာပေါ့. . . သူနဲ့ရောလိုက်ရင် တစ်ဖက်က အရောင်တွေ ပြောင်းပြောင်းသွားတာ သွန်းထွေး သဘောကျလို့မဆုံးတော့. . .

သွန်းထွေးလည်း အဖြူရောင်လေးဖြစ်ချင်လိုက်တာ. .

ငှက်ကလေးတွေ အော်နေကြပြီ. . . ဘာသံလေးတွေမှန်း မသိဘူး. . နားကိုငြိးရော. . အဲဒါ. . သူတို့ အစာတောင်းနေတာလို့ ဒေါ်ဒေါ်က ပြောတာယ်. . အေးလေ. . . သူတို့မှာ ဗိုက်ပါလို့ ဆာတာနေမှာပေါ့. . သွန်းထွေးတောင် ဗိုက်ဆာနေပြီဥစ္စာ. . .

သွန်းထွေးသည် သူမ အခန်းကျယ်ကြီးထဲရှိ ပြတင်းပေါက်မှ တစ်ဆင့် ကောင်းကင်ကြီးကို တမျှော်တခေါ် ေးကြည့်ရင်း တွေးချင်ရာတွေ လျှောက်တွေးနေခြင်းဖြစ်သည်။





ကောင်းကင်ကြီးက ခုနကကျ မှောင်တယ်၊ ခုကျတော့ လင်းနေပြန်ရော. . . အမျိုးမျိုးပဲ တတ်လည်း တတ်နိုင်ပေရဲ့. . .

ကျလိကျလိ. . . တဲ့။

ဘာခပြောနေကြတာလဲ မသိဘူး. . သိချင်လိုက်တာနော်။ မဟုတ်မှလွဲရော သူတို့ အတင်းပြောနေတာပဲ ဖြစ်မယ်. .

အမယ်. . သူတို့ပျံနေတာက သိပ်ပြီး ကြည့်လို့ကောင်းတာပဲ. . ပေါ့ပါးလွတ်လပ်လို့၊ သွန်းထွေးလည်း သူတို့လိုပျံချင်တဲ့ဥစ္စာ။

ငှက်ကလေးတွေကိုကြည့်ပြီး ပြတင်းပေါက်ရှိ သံတိုင်များကို အပြစ်မြင်လာပြန်သည်။

'ဒီသံတိုင်တွေက တကယ်နှောင့်ယှက်တာပဲကွာ. . ဘာကိုမှ လွတ်လွတ်လပ်လပ်ကြည့်လို့မရဘူး'

သွန်းထွေးက နှုတ်ခမ်းလေးစူပြီး ဗျစ်တောက်ဗျစ်တောက် ပြောသည်။ တစ်ညလုံး မအိပ်ထားသည့်အတွက် ကျိန်းစပ်နေခဲ့သော မျက်လုံးတွေကို လက်ဖြင့်ပွတ်သေးသည်။

ထိုနောက်မှာတော့ ဗိုက်ဆာသည့်ဘက်သို့ အာရုံရောက်သွားပြန်သည်။ နေ့တိုင်း စားနေရလည်း အချိန်တန် ဆာလာပြန်ရော ရှုပ်ကို ရှုပ်တယ်။

နေပါဦး။ ဒီနေ့ သွန်းထွေး ဘာစားရမလဲ စဉ်းစားလိုက်



www.burmeseclassic.com

www.burmeseclassic.com



စမ်း. . . ဒီနေ့အတွက် breakfast menu လေး. . ပေါင်မုန့်တော့ ထည့်မှပါပဲ. . ပြီးမှ မစားချင်ရင် အသာလေးလွှင့်ပစ်လိုက်ပေါ့. . . ဟုတ်ပြီ. . ပေါင်မုန့်နဲ့ ငှက်ပျောသီးငါးပိချက်စားမယ် ဟဲ ဟဲ. ,

ပြီးတော့. . ဒေါ်ဒေါ်နေ့တိုင်းတိုက်တဲ့ နွားနို့ခွက်ထဲက နို့တွေကို သူ မမြင်အောင် သွန်ပစ်ရမယ်. . ဒေါ်ဒေါ်တော်တော်ဆိုးတာပဲ. . သူများ မသောက်ချင်တာကို နေ့တိုင်း တိုက်နေတယ်. .

ဒေါ်မိုးသူသည် မြတင်းပေါက်နံဘေးမှာ ညဝတ်ဂါဝန်ရှည်လေးဝတ်ပြီး မတ်တတ်ရပ်နေသော သွန်းထွေးကို မြင်တော့ အိပ်ချင်မူးတူးဖြစ်နေတာတွေ ပျောက်ကာ မျက်လုံးတွေ ပြူးကျယ်တုန်သည်။

သွန်းထွေးကတော့. . . သူမ ဝင်လာတာကို မသိဘဲ တစ်ယောက်တည်းရပ်ပြီး စကားတွေပြောလို့ကောင်းတုန်း။

ဆံနွယ်ရှည်ရှည်လေးတွေက ပွရောင်းပြီး လေတိုက်လိုက်တိုင်း လွင့်ဝဲလို့. . .

'သမီးလေး့သွန်းထွေး. . ညက မအိပ်ပြန်ဘူးလားကွယ်'

သွန်းထွေးက မျက်လုံးလေး ထောင့်ကပ်ပြီး စိုက်ကြည့်လာတာ. .

'သွန်းထွေးက အိပ်သားပဲ၊ မျက်လုံးက အိပ်မှမအိပ်တာ'





ဒေါ်မိုးသူက သွန်းထွေးအနားကပ်သွားပြီး ပခုံးလေးဖက်တာ ပွနေသော ဆံပင်တွေကို သပ်ပေးလိုက်သည်။

'ဟုတ်သားပဲ ငါ့သမီးမှာ အပြစ်မှမရှိတာ. . မျက်နှာလေးသစ်လိုက်နော် သမီး ဒါမှ လန်းသွားမှာ. . ပြီးလို့ရှိရင် မုန့်စားပြီးဆေးသောက်ရဦးမယ်'

သွန်းထွေးက ခေါင်းကို ယမ်းနေအောင် ခါရင်း

'မသောက်ဘူး. . အဲဒီဆေးတွေ မသောက်ချင်ဘူး. . နေ့တိုင်း တိုက်နေကြတာပဲ၊ ဒေါ်ဒေါ်ပဲ သောက်လိုက်. . သွန်းထွေးမသောက်ဘူး'

'လိမ္မာပါတယ် သမီးရယ်. . . နော်'

ဆေးသောက်ဖို့ ပြောတိုင်း သွန်းထွေးက သူမကို စိတ်တောက်တတ်သည်။ ခက်တာက ဒီအိမ်ကြီးမှာ သူ့ကိုစောင့်ကြည့်ဖို့က ကိုယ့်တာဝန် ဖြစ်နေသည်။

ညတုန်းက တိုက်တဲ့ဆေးထဲမှာ အိပ်ဆေးပါတယ်လို့ ဆရာက သေချာပြောထားပါလျက်နဲ့ ဒီကောင်မလေး မအိပ်တာ ထူးဆန်းမနေဘူးလား. . တစ်ခုခုတော့ တစ်ခုခုပါပဲ. .

သွန်းထွေးက ဒေါ်မိုးသူလက်ထဲမှ ရေခွက်ကို ဆွဲလုလိုက်ပြီး သူမ မျက်နှာပေါ်ကို ရေတွေလောင်းချပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဝတ်ဂါဝန်လေးမှာ ရွှဲရွှဲစိုလို့. . .

'ဟဲ့ သမီး. . အဲဒီလို မသစ်ရဘူးလေ'

'ဒေါ်ဒေါ် သစ်တာက ကြာတာကိုး၊ ဒီလိုလောင်းလိုက်တော့ ပြီးရော'

'အကျီတွေ စိုကုန်ပြီ သမီးရယ်. . တော်ကြာ အအေးပတ်နေမှဖြင့်'

'စိုရင် လဲလိုက်မှာပေါ့၊ ဘာခက်လို့လဲ'

သွန်းထွေးက ပြောပြီး သူမဂါဝန်ရှည်ကို ဆွဲချွတ်ဖို့ ကြိုးစားပါတော့သည်။

'အမယ်လေး. . .'

ဒေါ်မိုးသူက လန့်အော်ပြီး အကျီဆွဲချွတ်နေသော သွန်းထွေးလက်ကလေးကို ဖမ်းဆွဲထားရသည်။

ပြီးမှ ချော့မော့ပြီး သွားတိုက်ခိုင်းရသည်။ သွန်းထွေးက သွားတိုက်ပြီး ပါးစပ်ပလုတ်ကျင်းဖို့ပေးထားသော ရေတွေကို ဂလုဂလုလုပ်ပြီး ပြန်မျိုချပစ်လိုက်သည်။

'ဟယ်. . သမီး. . ဒီလိုမဟုတ်ဘူးလေကွယ်. . အပြင်ကို ထွေးထုတ်ရတယ် သမီးရဲ့. . ဒီလိုလေ'

ဒေါ်မိုးသူက နမူနာပြန်လုပ်ပြသည်။

*ဆောင်းညပြာသိစာပေ*



'မသိဘူး သွန်းထွေး သွားတိုက်ပြီးပြီ ဗိုက်ဆာတယ် ပေါင်မုန့်နဲ့ ငွေးသီးငါးပိချက် စားမယ်'

'ကြည့်စမ်း. . သမီးက နောက်ပြန်ပြီကွယ်. . . ပေါင်မုန့်နဲ့ ကြက်ဥပဟပ်ဖရိုက်လေး ကြော်ပေးမယ်လေ'

'နေ့တိုင်း ဒါတွေပဲ စားနေရတယ်. . . ပြီးရင် လာမေးကြမယ်. . သမီးလေး ဘာစားချင်လဲ. . ပြီးတော့. . သူတို့ကျွေးချင်တာကျွေးနေကြတဲ့ဥစ္စာ'

'ဟုတ်တယ်နော် အဲဒါ ဒေါ်ဒေါ့်အပြစ်၊ တဲ. . လာ. . ဒေါ်ဒေါ် ဆံပင်လေး ဖြီးပေးမယ်'

'ဖြီးချင်ပါဘူး၊ သွန်းထွေးဆံပင်တွေ နာကုန်မယ်'

ဒီကောင်မလေးနဲ့ နေ့တိုင်း နပန်းသတ်နေရတာ မောလှပါပြီ၊ တစ်နေ့ထက်တစ်နေ့ အခြေအနေက ပိုဆိုးလာသလိုပဲ။

မဖြစ်သေးပါဘူး. . . ဆရာ့ကိုတော့ ပြောပြဦးမှပါ။

သွန်းထွေးသည် သူမ ဆံပင်ကို အထိမခံဘဲ ဒေါ်မိုးသူ လဲပေးသော ဖက်ဖူးစိမ်းနှင့် ပန်းရောင်လေး ရောစပ်ထားသော အကျီ လှလှလေးနဲ့ ဂျင်းကွာတားလေး ဝတ်ပြီး breakfast စားဖို့ လိုက်လာခဲ့သည်၊ သီချင်းလေး တကြော်ကြော်နဲ့. . .

♪ မမြင်အောင် ပုန်းကာဝှက်ကာရယ်

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ရှင်မှာ ထွေးပွေ့ထားပါကွယ်

ဒယ်. . ဒယ်. . ဒယ်. . ဒယ်. . ဒယ်. . ဒယ်. .

တိတ်တိတ်လေးပဲ ချစ်သွားမယ် ♫

'အမယ်. . တယ်ဟုတ်ပါလား အဲဒါ ဘာသီချင်းလဲ သမီး'

'မယားငယ်သီချင်း အဟီ'

'ကြည့်စမ်း. . ကြည့်စမ်း. . ဒေါ်ဒေါ်က အဟုတ်အောက်မေ့နေတာ'

အောက်ထပ် ထမင်းစားခန်းတွင် သွန်းထွေး၏ ဘကြီးဦးနေစိုးက သတင်းစာဖတ်နေရာမှ အသံကြားသဖြင့်

'မောနင်း သမီး. . ညက အိပ်လို့ပျော်ရဲ့လား'

သွန်းထွေးက ဘာမှပြန်မပြောဘဲ မုန့်ပန်းကန်တွေကို စိတ်ဝင်တစား လိုက်ကြည့်နေသည်။ ဒေါ်မိုးသူက သွန်းထွေး မမြင်အောင် လက်ခါပြလေသည်။

ပြီးနောက် ဦးနေစိုး၏ခွက်ထဲသို့ ကော်ဖီငှဲ့ထည့်ပေးရင်း တိုးတိုးလေး ကပ်ပြောသည်။

'အခြေအနေ ပိုဆိုးလာသလိုပဲ ဆရာ'

ဦးနေစိုးက သွန်းထွေးကို တစ်ချိန်လုံး အကဲခတ်နေသည်။





ရုပ်ကလေးက မှန်နေအောင်လှပြီး အင်မတန်မှကဲဆိုးရွာတဲ့ ကလေး. . .

အခုချိန်မှာ ကိုယ်က သူ့ရဲ့အုပ်ထိန်းသူဆိုလည်း ဟုတ်၊ အမွေထိန်းဆိုလည်း ဟုတ်၊ သူ့ကို စောင့်ရှောက်ဖို့အတွက် အရွယ်တောင်းမှာ ဖူးစာမရှာခဲ့ဘဲ လူပျိုကြီးဘဝကို ရွေးချယ်ခဲ့သည်။

'သမီး မတ်တတ်ကြီးနဲ့ကွယ်. . ထိုင်ပြီး စားလေ'

သွန်းထွေးက မျက်လုံးကို ဘေးဘီ ဝေ့ဝဲကြည့်ပြီး လေသံတိုးတိုးလေးဖြင့်

'ဟိုနေ့က တီဗီမှာ စစ်ဖြစ်နေကြတယ်လေ အဲဒါကြောင့် ရပ်ပြီးစားနေတာ. . ရယ်ဒီလုပ်ထားတာ လေးစိုး၊ အဲလို ကျပ်ကျပ်ထိုင်နေသလား စစ်လာတိုက်ရင် သေနေဦးမယ်'

'သမီးရယ် လူကြီးကို'

ဒေါ်မိုးသူက ဝင်ပြီး ဟန့်တားသော်လည်း အရာမထင်ပါ။ ဦးနေစိုးက သူ့တူမလေးကို စိတ်ထဲရှိတဲ့အတိုင်းသာ ပြောစေသည်။ အကြောင်းမှာ သွန်းထွေး စိတ်မပြိုငြင်စေချင်လို့ ဖြစ်သည်။သွန်းထွေး ဖျစ်ညှစ်ထားသဖြင့် ဦးနေစိုးပါးမှာ ရဲတွတ်နေသည်။

'လေးစိုးက လူကြီးမဟုတ်ပါဘူး F4ထဲက မင်းသားလေးနော်'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ. . သမီးပြောတဲ့အတိုင်းပဲ'

သွန်းထွေးဟာ ခဏနေတော့ ကော်ဖီခွက်ထဲကို ပေါင်မုန့်မှာသုတ်သော ထောပတ်နှင့်ယိုကို ထည့်ပြီး အားပါးတရ မွှေလေတော့သည်။

ပြီးတော့ မော့ချလိုက်တာမှ တစ်ကျိုက်တည်း. . .

ဦးနေစိုး စိတ်ထဲမှာ မကောင်းလိုက်တာ. . .

တူမလေးဟာ သူ ဘာစားလို့ စားနေမှန်းလည်း သိပုံမရပါ။ ဘာလုပ်လို့ လုပ်နေမှန်း သိနိုင်တဲ့စိတ်ကလေး ကွယ်ပျောက်နေတာ ကြာပြီပဲ. . လွန်ခဲ့တဲ့ ခုနစ်နှစ်. . သူ့အသက် ကိုးနှစ်ကတည်းက ဆိုပါတော့. . .

◆



## တနှာစေရာမကောင်းတဲ့ ကောင်မလေး

မြင်လိုက်ရတဲ့မြင်ကွင်းဟာ ရင်ထဲမှ တရှုဏာတွေ အတုန်းလုံးကို ပွင့်အန်ထွက်သွားစေသည်။

ရောင်စုံသစ်ခွခြံလေးနံဘေးမှာထိုင်ပြီး ငြိမ်သက်ငေးမောနေတဲ့ ကောင်မလေးတစ်ယောက်. .

သူမနံဘေးမှာ စာရွက်တွေ ပြန့်ကျဲနေသည်။

နောက်ထပ် စာရွက်လွတ်တစ်ရွက်မှာ သူမက ပန်းချီထပ်ဆွဲနေပြန်သည်။

'ဖေဖေ့မုတ်ဆိတ်မွေးက ဒီနေ့ နည်းနည်းပိုရှည်လာသလိုပဲ. . ဟိ ဟိ. . အသက်ကြီးလာပြီဆိုတော့ ဆံပင်လည်း ဖြူလာပြီ'



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း စကားတွေ ပြောပြီး ရယ်နေပြန်ပါသည်။

သူမပြောစကားအရဆို အခုဆွဲနေတာက သူမရဲ့အဖေပုံဖြစ်ဖို့ များသည်။

ရယ်နေတဲ့ပုံစံလေးက အပြစ်ကင်းစင်လိုက်တာ. .

အခုခေတ်မှာ အမြင်ရများသလို ဟန်လုပ်ပြီး ပြုံးရယ်နေတာမျိုး မဟုတ်ဘဲ စိတ်ထဲမှာရှိသလို လွတ်လွတ်လပ်လပ် ရယ်နေခြင်းဖြစ်သည်မို့ သူ့မှာ မှင်တက်ပြီး ငေးကြည့်နေမိသည်။

ကောင်မလေးက စကားတွေ ဆက်ပြောနေပြန်သည်။

'ဖေဖေ. . သွန်းထွေးတို့ ပြင်ဦးလွင်ကို ဘယ်တော့ ရောက်မှာလဲဟင်'

'နောက်တစ်နာရီလောက်ဆို ရောက်တော့မှာပါ. . သမီးရယ်'

ဂီတ မျက်ခုံးနှစ်ဖက်က အပေါ်သို့ မြင့်တက်သွားသည်။ ကောင်မလေးက သူ့အသံကို ယောက်ျားကြီးတစ်ယောက်ရဲ့အသံလိုပြောင်းလဲပြီး ပြောနေသောကြောင့် ဖြစ်သည်။

'ပြင်ဦးလွင်က အရမ်းလှတယ်ဆို. . ဟုတ်လား ဖေဖေ'

'ဒါပေါ့'

*ဆောင်းညပြာသို့စာလေ*



မိန်းမသံတစ်လှည့် ယောက်ျားသံတစ်လှည့်လုပ်ပြီး စကားတွေ ဆက်ပြောနေပြန်သည်။

'အရမ်းလည်း အေးတာပဲဆို'

'အရမ်းအေးပြီး အရမ်းလည်း လှတဲ့ မြို့လေးပေါ့ သမီးရယ်'

'သွန်းထွေးကို အနွေးထည်နဲ့ ဦးထုပ်လေး ဝယ်ပေးရမယ်နော်'

'သမီးလိုချင်တာ အကုန်ဝယ်ပေးမယ်ဗျာ'

'မေမေ. . ပုတီးပဲ စိတ်မနေနဲ့လေ၊ သွန်းထွေးလိုချင်တာ ဝယ်ပေးမယ် မဟုတ်လား'

သူ့ကိုယ်သူ သွန်းထွေးလို့ပြောနေတဲ့ ကောင်မလေးက သူ့အမေပုံစံဖြင့် ခေါင်းညိတ်ပြလေသည်။

ပြီးတော့မှ ဘေးနားမှာ တစ်စုံတစ်ယောက်ရှိသောပုံစံဖြင့် ဖက်ပြီး အားရပါးရနမ်းလိုက်လေသည်။

'မေမေ့တို့ သွန်းထွေး သိပ်ချစ်တာပဲ. . .'

ပြောပြီး ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။ ဂီတ ရင်ထဲမှာ သနားစိတ်ဖြင့် စူးကနဲ ဖြစ်သွားသည်။ ပြေးပြီး ချော့ချင်စိတ်ပေါ်လာတာလည်း ထူးဆန်းနေသည်။

*ဆောင်းညပြာသို့စာလေ*

www.burmeseclassic.com

www.burmeseclassic.com



'တား တား ဟား တား သမီးက အမေ့ကို တပ်ခွဲနေတာ တိုး . . ဖေကြီးတို့ရော အာဘွားမပေးတော့ဘူးလား'

ငိုနေရာမှ ယောက်ျားကြီးအသံပြောင်းသွားပြန်သည်။ ပြီးမှ သူ့ဝင်တိုအသံလေးဖြင့် (ပင်ကိုအသံ ဆိုတာထက် ကလေးလေး တစ်ယောက်၏အသံနှင့် ပိုတူသည်)

'ဖေကြီးကိုလည်း ချစ်တာပေါ့'

တရွှတ်ရွှတ်ဖြင့် နမ်းနေပြန်သည်။

ထို့နောက်မှာတော့ ဘယ်လိုမှ ထင်မှတ်မထားစွာ ထိတ်လန့်တကြားအော်သံစူးစူးလေးက ကြက်သီးထစရာကောင်းအောင် ထွက်ပေါ်လာလေသည်။

'အား. . . .'

အော်သံနှင့်အတူ တစ်စုံတစ်ယောက်က တွန်းချလိုက်သဖြင့် ပြုတ်ကျသွားသလို သူမလည်း ထိုင်ခုံပေါ်မှကျပြီး မြေပြင်မှာ ပုံရက်ကလေးဖြစ်နေသည်။

ဦးနေစိုးက ဂီတကိုထားခဲ့ပြီး သူတူမအနားသို့ ပြေးသွားသည်။

'သမီး. . သမီးလေးရယ် မတော် ကျိုးပဲ့တုန်မှဖြင့် မှန်းစမ်း ဘယ်နာသွားသေးလဲ'

ဆောင်းညပြာသိစာပေ



'သွန်းထွေး ကားပေါ်က ပြုတ်ကျသွားတာ. . မေမေလေ သွန်းထွေးကို တွန်းချပစ်တယ် ဟီး. . . . . . . . သွန်းထွေးကို ထားခဲ့ပြီး သူတို့နှစ်ယောက်တည်း ပြင်ဦးလွင်ကို သွားကြတယ်. . သူတို့ မကောင်းဘူး ဟီး. . . . . . . . . .'

'အေးပါ. . အေးပါ. . ငါ့သမီးလေး သွားချင်ရင် လေးစိုး လိုက်ပို့ပေးမှာပေါ့နော်'

ကောင်မလေး အငိုတိတ်သွားသည်။ ဂီတက အခြေအနေ အဖြစ်အပျက်အားလုံးကို လေ့လာအကဲခတ်နေသည်။

ဦးနေစိုးက သွန်းထွေးကို အိမ်ထဲ ပြန်ခေါ်သွားချိန်အထိ နေရာမှ မရွေ့ဘဲ သူရပ်ကြည့်နေမိသည်။

သူ့ပခုံးကိုပုတ်ပြီး ဦးနေစိုး လာခေါ်မှ သတိပြန်ဝင်လာကာ

'သူက ဒီလိုပဲ အမြဲဖြစ်နေကျလား အန်ကယ်'

'အမြဲတမ်း မဟုတ်တောင် သူ အရမ်းသတိရတဲ့အချိန်တွေဆို သူ့အနားမှာ သူ့အဖေနဲ့အမေရှိနေသလို ခံစားပြီး ဒီလိုပဲ ပြုမူပြောဆိုနေတော့တာပဲ. . ကြာပါပြီကွယ်. . . သိပ်ပြီး သနားစရာကောင်းတဲ့ကလေး'

'ဒါဆို. . အချိန်အကြာကြီး သူ့ရင်ထဲမှာ ကိုးကွက်ခံနေရတာ ပေါ့'

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုပဲ ပြောရတော့မှာပဲ'

'သူ့ကို ကုပေးနေတဲ့ဆရာက ဘာပြောသေးလဲ'

'အချိန်တစ်ခုတော့ ယူရလိမ့်မယ်တဲ့ သူ့အခြေအနေဆက်ပြီး ဆိုးမလာအောင်တော့ ထိန်းပေးထားတာပဲ'

'ဆေးရော. . သူ ပုံမှန်သောက်ရဲ့လား'

ဂီတအမေးကို ဦးနေစိုးက စဉ်းစားပြီးဖြေသည်။

'မောင်ဂီတ သိတဲ့အတိုင်းပဲ အန်ကယ်က အလုပ်များတော့ သူ့ကို ပုံမှန်ဆေးတိုက်ဖို့ စောင့်ရှောက်ဖို့ အဒေါ်ကြီးတစ်ယောက်တော့ ငှားထားတာပဲ၊ ဒါနဲ့ နေပါဦး အဲဒီ မမိုးသူ ဘယ်ရောက်နေပါလိမ့်. . အဲမူရေ. . . အဲမူ'

အိမ်ဖော်မလေးဖြစ်ဟန်တူသော ကောင်မလေးက ဦးနေစိုးအနားမှာ ရိုရိုသေသေလာရပ်ရင်း

'ဒေါ်မိုးသူ အိပ်ပျော်နေပါတယ် ဘဘ'

'ဟေ. . ဒီအချိန် ဘာဖြစ်လို့ အိပ်ပျော်နေရတာတုန်း'

'မသိဘူးရှင့်၊ မမလေးတိုက်တဲ့နွားနို့ သောက်ပြီးကတည်းက အိပ်ချင်တယ်လို့ ပြောနေတာပဲ'

'ကဲ. . ဒါပဲ ကြည့်တော့ မောင်ဂီတရေ. . တကယ် အိပ်ရမှာက သူ မဟုတ်ဘူးလေ'

*ဆောင်းညပြာသိစာပေ*



ဦးနေစိုးပြောတာကို သဘောကျပြီး ဂီတမှာ ရယ်လို့မဆုံးတော့. . .

ဂီတရဲ့အဖေဦးမြတ်ထွန်းနှင့် ဦးနေစိုးတို့မှာ ကျောင်းနေဖက်သူငယ်ချင်းများဖြစ်သည့်အပြင် စီးပွားရေးလုပ်ငန်းတော့လည်း တစ်ယောက်တစ်ဝက် ရှယ်ယာထည့်ပြီး အတူလုပ်ကိုင်နေသူများ ဖြစ်ကြတော့ တကယ့်ဆွေမျိုးရင်းချာများနှယ် သံယောဇဉ်ကြီးကြသည်။

ဂီတက ငယ်ငယ်လေးကတည်းက အဖေ့ရဲ့ညီမ ရှိတဲ့ စင်ကာပူမှာ ကျောင်းသွားတက်နေရသည့်အတွက် ဦးနေစိုးအကြောင်းကို အဖေ့ဆီမှ အမြဲကြားနေရသော်လည်း လူချင်းတော့ ယခုမှတွေ့ရတာ ဖြစ်သည်။

တွေ့ဖူးတဲ့အချိန်ခဏလေးအတွင်းမှာ ဂီတ ကောက်ချက်ချမိတာတစ်ခုက ဦးနေစိုးဟာ သူ့တူမလေးကို အင်မတန်မှသံယောဇဉ်ကြီးသူတစ်ယောက်ပင်။

'သားရော. . ဒီမှာပဲ အခြေချတော့မှာလား'

'ဟုတ်ကဲ့ပါ အန်ကယ်. . ဒီမှာ အဖေတစ်ယောက်တည်း သိပ်စိတ်မချလို့ ပြန်လာတာ၊ ခွဲနေရတာလည်း ကြာပြီဆိုတော့. . ကျွန်တော် အဖေ့အနားမှာ နေချင်သေးတယ်'

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'သာခုပါဗျာ. . သာခု၊ သားအဖေရဲ့လုပ်ငန်းတွေကို သား ဆက်ခံသင့်ပြီတွယ်. . အဲဒါဆို မြတ်ထွန်းလည်း သူခုံမင်တဲ့ တရား ဘက်တို့ စိတ်အေးလက်အေး အားထုတ်လို့ရသွားတာပေါ့။ အန် တယ့်မှာသာ သားမြင်တဲ့အတိုင်းပဲ'

စိတ်မကောင်းဖြစ်သွားသော ဦးနေစိုးကို ဂီတာ နှစ်သိမ့် လိုက်မိသည်။

'ကျွန်တော့်ကို လိုတာရှိရင် ခိုင်းသာခိုင်းပါ အန်ကယ်. . ဘာမှအားနာစရာ မရှိပါဘူး. . ကိုယ့်တူကိုယ့်သားတစ်ယောက်လို သဘောထားပြီး အချိန်မရွေးပြောလို့ရပါတယ်'

'အေးပါတွယ်. . သားအဖေက အမြဲပြောပါတယ် သားက စိတ်သဘောဖြူပြီး လူတစ်ဖက်သားကို အမြဲကူညီတတ်တယ် တဲ့'

ဂီတက သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသည့် ဆန္ဒတစ်ခုကို ဦးနေစိုးထံမှာ ခွင့်တောင်းကြည့်လိုက်သည်။

'အန်ကယ် ကျွန်တော် ခုနက ညီမလေးကို အမြဲလာကြည့် ချင်တယ်. . အဲဒါ အန်ကယ့်ဆီက ခွင့်ပြုချက်လေး'

ဦးနေစိုးက ပထမ အံ့ဩသွားသည်။ ပြီးတော့မှ ပွင့်လင်း ရိုးသားသော ဂီတကို ပြုံးပြုံးကြီးကြည့်ကာ





'သားက စောင့်ရှောက်ချင်တယ်ဆိုရင် အချိန်မရွေး လာ ခဲ့ရုပါတယ်ကွယ်'

'ကျွန်တော် ကြိုးစားကြည့်ချင်လို့ပါ'

'Thank Youပါ သား. . ခုလို စေတနာထားတဲ့အတွက် အန်ကယ် တကယ် ဝမ်းသာတယ်ကွာ'

'ကျွန်တော်ရောက်နေတာလည်း ကြာပြီဆိုတော့ ပြန်ခွင့် ပြုပါဦး အန်ကယ်'

'ဟာ. . မဟုတ်တာ. . ဒီမှာ ထမင်းစားပြီးမှပြန်ပေါ့ သား ရယ်'

'အဖေက ကျွန်တော့်ကို ထမင်းစားစောင့်နေမှာ စိုးလို့ပါ အန်ကယ်. . . နောက်မှ အေးအေးဆေးဆေးလာစားပါ့မယ်'

နှုတ်ဆက်ပြီး ပြန်သွားတဲ့ ဂီတကျောပြင်ကိုကြည့်ကာ. . ဦးနေစိုးတစ်ယောက် ကျေနပ်ပြီး ကျန်ခဲ့လေသည်။

မြတ်ထွန်း. . မြတ်ထွန်း. . အင်မတန် ကုသိုလ်ထူးလို့သာ ဒီလိုသားလေးကို ပိုင်ဆိုင်ခွင့်ရထားတာပဲ. . ကောင်လေးက စကား ပြောတာလည်း လိမ္မာယဉ်ကျေးတယ်. . ဖော်ရွေရိုးသားတယ်၊ ရုပ် ရည်ကလေးကလည်း အနောက်နိုင်ငံက မင်းသားတွေနဲ့တောင် သွားဆင်နေသေး။ body ဆောင့်ထားလို့ သန်မာတဲ့ ကြွက်သားတွေ



www.burmeseclassic.com

www.burmeseclassic.com



အရပ်ကြီးကလည်း မြင့်လိုက်တာ ခြောက်ပေလောက်ကို ရှိမလား ပဲ. .

ဒီလိုသားမျိုးကို ပိုင်ဆိုင်ထားတဲ့ မြတ်ထွန်းတို့ စိတ်ချပြီ ဆိုလည်း ချလောက်ပါရဲ့လေ. .

ကိုယ့်မှာသာ ဒီတူမလေးအတွက် ရတက်မအေးရဘူး. . ဒီလောကကြီးထဲမှာ ကိုယ်မရှိတော့တဲ့ တစ်နေ့. . သူ့ခမျာ ဘယ်သူ့ကို သွားအားကိုးရမလဲ. .

ညဘက်တွေ ဒီအကြောင်း သွားတွေးမိလို့ကတော့ မျက်လုံးကြောင်ပြီး တစ်ညလုံး အိပ်မပျော်တော့ပါ. . .

♦



## မမျှော်လင့်ခဲ့

သတင်းစာဖတ်နေသော ဦးနေစိုးသည် အဲမှ ယူလာပြသော ဆေးလုံးများကိုကြည့်ပြီး အရမ်းအံ့သြသွားသည်။

'ဒီဆေးတွေက. . .'

'မမလေးသောက်တဲ့ ဆေးတွေလေ. . .'

'အေးလေ . . အဲဒါ နင် ဘယ်ကရလာသလဲ'

'ပြတင်းပေါက်နံဘေးမှာ တင်နေတာတွေ့လို့ ဘဘ'

'မမိုးသူရော. . သူ မသိဘူးလား'

'သူလည်း သမီးပြမှ သိသွားပါတယ်ရှင့်'

'ခေါ်စမ်း. . သူ့ကို'

ဦးနေစိုးက မထွက်စဖူး ဒေါသတွေထွက်ပြီး ခေါ်မိုးသူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခိုင်းလိုက်သည်။ ဒေါ်မိုးသူ့ခမျာ သူ့အပြစ်သူသိပြီး အနားမှာ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ရပ်လာသည်။

'ဆရာ . . ခေါ်တယ်ဆိုလို့'

'အေး . . နင့်အပြစ် နင်သိတယ်နော်၊ ဒီဆေးတွေကို နေ့တိုင်း လွှင့်ပစ်နေတာ နင် မသိဘူးလား . . ဒီဆေးတွေ မသောက်ရင် ငါ့သမီးလေး ဘာဖြစ်သွားမလဲဆိုတာရော . . တွေးမိရဲ့လား'

'ကျွန်မလည်း နေ့တိုင်း တိုက်တာပဲ ဆရာရယ် . . သူက ကျွန်မရှေ့တင် သောက်လိုက်တာပဲ၊ ပြီးတော့ ဘယ်လိုလုပ် ပြတင်းပေါက်နံဘေးရောက်နေသလဲ မသိတော့ဘူး'

'အေး . . အဲဒါကိုက နင် ညံ့တာပဲ . . သေသေချာချာ ဝင်အောင်တိုက်ပါလား . . နင်တိုက်တဲ့အချိန် သူ့လျှာအောက်မှာထားပြီး နင်လစ်တဲ့အချိန် လွှင့်ပစ်နေမှာပေါ့'

ဦးနေစိုး ငေါက်ငမ်းလေမှ ဒေါ်မိုးသူ ဝန်ခံပါတော့သည်။

'ဘုရားစူး ဆရာရယ် . . သမီးလေး ဒီလောက်ထိ ဉာဏ်ပြေးလိမ့်မယ်လို့ မထင်မိဘူး'

'ဘာလဲ . . နင်က ငါ့တူမကို အရူးဆိုပြီး အထင်သေးတာလား . . ဟိုတစ်နေ့က နင့်ကို နွားနို့ထဲ သူ့အိပ်ဆေးတွေ ထည့်တိုက်တာတောင် မမှတ်သေးဘူးလားဟင် . . '





'ဟုတ်တယ် ဆရာ . . ဟုတ်တယ် . . မနေ့က သွားတိုက်ခိုင်းတာ ဒီနို့တွေ ကျွန်မသောက်မှ တိုက်မယ်ဆိုလို့'

'တော်တော့ . . နောက်ကို ဒါမျိုးထပ်ပြီး မကြားချင်တော့ဘူး . . ကိုယ့်တာဝန် ကိုယ်ကျေအောင်လုပ် ဒါပဲ'

'အန်ကယ်'

ကိုယ့်ပြဿနာနှင့် ကိုယ်ရှုပ်နေသည်မို့ ဂီတ ရောက်လာတာ သတိမထားလိုက်မိ . .

'ဟော . . မောင်ဂီတပါလား၊ ဒီမှာကွယ် . . မင်းညီမ ဆေးတွေ မသောက်ဘဲ လွှင့်ပစ်ထားလို့'

'ဆေးမသောက်တာ တော်တော်ကြာပြီ ထင်တယ်'

ဂီတက ဆိုဖာမှာ ဝင်ထိုင်ရင်း လှမ်းမေးသည်။

'ဘယ်လောက်တောင် ကြာနေပြီလဲ မသိတော့ပါဘူးကွာ'

'ဒီလိုရောဂါမျိုးက ကြာလာရင် ပိုဆိုးသွားနိုင်တယ် အန်ကယ် . . ဆေးတော့ မှန်မှန်တိုက်မှ ဖြစ်မယ်'

'ဒါဆို . . အန်ကယ့်ကို တစ်ခုလောက်ကူညီပါလားကွာ . . ခုရက်ပိုင်းအတွင်း သားညီမလေးကို ဆေးလာ . . လာ . . တိုက်ပေးပါလား'

'ကျွန်တော့်အတွက်က အပန်းမကြီးပါဘူးဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ်. . အဲမူက အပြေးလေး ရောက်လာပြီး သတင်းပို့သည်။

'ဘဘ. . မမလေး သောင်းကျန်းနေလို့ ဒေါ်မိုးသူ ခေါ်ခိုင်းလိုက်တယ်ရှင့်'

ဦးနေစိုး အပေါ်ထပ်သို့တက်သွားသည်။ ဂီတလည်း စိတ်ပူပြီး ဦးနေစိုးအနောက်မှ လိုက်လာခဲ့သည်။

'ခွမ်း. . .'

ဦးနေစိုးက ခုန်ပြီး ရှောင်လိုက်သည်မို့ အခန်းထဲမှထွက်လာသော ပန်းအိုးက သူ့နဖူးတည့်တည့်သို့ ဦးတည်ပြီးသား ဖြစ်နေသည်။

သူလည်း ကမန်းကတန်း ခုန်ပြီးရှောင်လိုက်ရသည်။

'မသောက်ဘူး. . သွား. . ပြန်ယူသွား. . မသောက်ဘူးဆို မသောက်ဘူး. . သွန်းထွေးက တစ်ခွန်းဆို တစ်ခွန်းပဲ. . ကလော မသွားဘူး"

အာခေါင်ခြစ်ပြီး ကြုံးအော်နေသော သွန်းထွေးရဲ့အသံကို ကြားလိုက်တာနှင့် ရင်ထဲမှာ ဖျင်းကနဲဖြစ်သွားတာ ဘယ်ဘဝက ရေစက်များကြောင့်လဲ။

စိတ်ထဲရှိသလို ဝုန်းဒိုင်းကျဲကာ ပစ္စည်းတွေကို ပစ်ပေါက်





နေရာမှ သူမခုတင်နံဘေးမှာ ဆောင့်ကြောင့်လေး ထိုင်ချလိုက်ပြီး ရှိုက်ကြီးတငင် ငိုနေပြန်သည်။

ဒီလောက် ချစ်စရာကောင်းပြီး အပြစ်ကင်းတဲ့ ကောင်မလေးမှာမှ ဒီလိုစိတ်ရောဂါလာဖြစ်တာဆိုတော့ တော်တော်ဝဋ်ကြီးတာပဲ. . .

စာနာစိတ်၊ သနားစိတ်တွေ အုံဖွဲ့ပြီး ခံစားရတာ ရင်ထဲမှာ မချိလောက်အောင်ပင်။

'သွားကြ. . သွန်းထွေးအနားကို တစ်ယောက်မှ မလာနဲ့'

သွန်းထွေးက ငိုပြီးတောင်းပန်နေသည်။ ဦးနေစိုးက သွန်းထွေးအနား ကပ်သွားပြီး ခေါင်းလေးကိုကိုင်ကာ နှစ်သိမ့်နေသည်။

'သမီး. . . လေးစိုးကို ကြည့်ပါဦး'

သွန်းထွေးက မော့မကြည့်။

'ဒီဆေးတွေသောက်မှ သမီးနေကောင်းသွားမှာ. . အိပ်လို့လည်း ပျော်မယ်လေ'

'သွန်းထွေး နေကောင်းနေတာပဲ ဘာလို့ သောက်ရမှာလဲ၊ သွား. . လေးစိုးလည်း မလာနဲ့'

'လိမ္မာပါတယ် သမီးရယ်. . . လေးစိုး စိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'သမီးတစ်ယောက်တည်း နေချင်တယ်'

ဦးနေစိုး လက်လျှော့လိုက်ပါပြီ။

ဘယ်လိုမှ ချော့မရသည့်အဆုံး ဦးနေစိုး အခန်းထဲမှပြန်ထွက်ဖို့ ပြင်သည်။ ဂီတက မျက်စိတစ်ဖက် မှိတ်ပြပြီး သူနေခဲ့မည်ဟု တိုးတိုးလေး ကပ်ပြောလိုက်သည်။

ဒေါ်မိုးသူက သွန်းထွေး ပစ်ခဲ့ထားသော အကွဲအစများကို ရှင်းလင်းနေသည်။

အဲမူလည်း သွန်းထွေးအနားမှာ မနေရဲတော့။ အောက်ပြန်ပြေးဆင်းသွားသည်။

အမှိုက်တွေသိမ်းပြီး ဒေါ်မိုးသူ ပြန်ထွက်လာကာ အခန်းတံခါးကို ပြန်ပိတ်ထားခဲ့လိုက်သည်။

ဒေါ်မိုးသူက ဂီတကို အကဲခတ်သလိုတစ်ချက်ကြည့်တော့ ဂီတက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။

အခန်းတံခါးဝမှာရပ်ပြီး သူ့ဦးနှောက်တွေ အလုပ်ရှုပ်နေသည်။

ဘယ်နည်းလမ်းကို သုံးရမလဲ. . . ကြံစမ်း. . .

အရမ်းကြမ်းနေတဲ့ လူတစ်ယောက်ကို. . ပျော့ပျောင်းလာအောင် လုပ်ဖို့၊ ကိုယ့်ဘက်ပါအောင် သိမ်းသွင်းဖို့ဆိုတာ ဂီတသံစဉ်

*ဆောင်းညပြာသိုစာပေ*



တာ အကောင်းဆုံးပဲလို့ သူ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးထားသည်။ ဒီအချိန်မှာ အဲဒီနည်းကို သုံးကြည့်လိုက်ရင် ထူးများလာမလား. .

ဂီတသည် သွန်းထွေးကို ဒီနေ့ ဆေးရအောင်တိုက်မည်ဟု ဆုံးဖြတ်ချက်ချပြီးနောက် ဦးနေစိုးဆီသို့ ဆင်းလာခဲ့သည်။

'အန်ကယ်. . ကျွန်တော့်ကို ဂီတာ ခဏငှားပါလား'

ဦးနေစိုးပင် ကြောင်သွားပါသည်။

'နေဦးကွ. . ဂီတာက အန်ကယ် လူပျိုတုန်းကပဲ တီးဖူးတာ၊ ရှိရော ရှိသေးရဲ့လား မသိပါဘူး'

'အခုလည်း အန်ကယ်က လူပျိုပဲ ဥစ္စာ၊ ရှိဦးမှာပါ'

'ဟား. . ဟား. . မင်းက ဟာသလည်း ပြောတတ်သားပဲ၊ လူပျိုတော့ လူပျိုပဲ၊ အသက်ပဲ ကြီးသွားတာ. . ဟုတ်တယ်နော်'

အဲမူက ဂီတာတစ်လက်ကိုင်ပြီး ပြေးလာကာ

'ဒီမှာ. . ဂီတာ ဘဘ'

'အမယ်. . နင်က ဒါမျိုးကျ ရသား. .'

'ဟိုတစ်နေ့က အခန်းရှင်းရင်းနဲ့တွေ့ထားလို့'

'ကျေးဇူးပဲ အဲမူ. . လှုပ်ရှားလိုက်ဦးမယ်'

ဂီတသည် အခန်းတံခါးဝမှာ မှီထိုင်ရင်း ဂီတာကြိုးများကို ညှိလိုက်သည်။

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



သူ မြန်မာပြည်ကို ပြန်လာခဲ့တာ အကြောင်းနှစ်ခုရှိသည်။

တစ်ခုက အဖေ့ကို စောင့်ရှောက်ဖို့ ဖြစ်ပြီး၊ နောက်တစ်ခုက အောင်မြင်သောအဆိုတော်တစ်ယောက် ဖြစ်ချင်သည်။

အခု သူ ဆိုပြမယ့်သီချင်းလေးက ကိုယ်တိုင်ရေးထားတဲ့ သီချင်းလေးဖြစ်ပြီး သွန်းထွေးက သူ့ရဲ့ပထမဆုံးပရိသတ် ဖြစ်လေသည်။ ဒီသီချင်းက ဝုန်းဒိုင်းကျဲမနေဘဲ ငြိမ့်ပြီး ဆွဲဆောင်မှုရှိတော့ ဆိုရတာလည်း ကောင်းသည်။

သွန်းထွေးရဲ့စိတ်အခြေအနေကို ထိန်းပေးနိုင်လိမ့်မည်ဟု သူယူဆမိသည်။

ဂီတာကို စတီးပြီး သီချင်းကို moodအပြည့်ဖြင့် သူဆိုမိသည်။

♫ ဝါဆိုမိုးတို့ မိတ်ဆက်တဲ့နေ့
အပြာရောင်ထီးကလေးနဲ့ ကောင်မလေးရယ်
သူ့မျက်ဝန်းလေး×××ကို×××အတွေ့မှာ×××
အသက်ရှူဖို့တောင် မေ့တယ်×××
ဘာကြောင့်လဲ×××ဘာလို့လဲ×××
အိုး. . အိုး. . အိုး. . အိုး. . အိုး. . . (My Princess)

*ဆောင်းညပြာသိုစာပေ*



နာမည်လေးတစ်ခု သူ့အတွက် ပေးမယ်
My Princess×××
မင်းအရိပ်ရှိတဲ့ နေရာတိုင်းမှာ
ကိုယ် ရှိမယ်×××မှတ်ထားတော့×××
နေရောင်တောက်တဲ့ နေ့လေးမှာ
မင်းကို try မယ်
no...no...no...no...
ဘယ်တော့မှ မပြောပါနဲ့
My Princess×××My Princess
ကိုယ့်ရဲ့မင်းသမီးလေးကို
အရမ်းချစ်တယ် ♫

အခန်းလေးထဲမှာ ထိုင်ပြီး ကြားနေရသောသီချင်းသံလေးတို နားစိုက်ထောင်မိသည်။

အမယ်. . . အဆိုတော်က အသံကောင်းလိုက်တာ. .

သွန်းထွေးတို့အိမ်ကို ဘယ်လိုလုပ်ပြီး အဆိုတော်ရောက်လာပါလိမ့်။ ရုပ်ကော ချောရဲ့လား မသိဘူး. . .

ခါတိုင်းဆို အိမ်မှာ သီချင်းညည်းသံလေးတောင် ကြားရတာ မဟုတ်ဘူး။

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



လေးစိုးတ ပိုတောင် ဆိုးသေး. . . ကမ္ဘာမကြေသီချင်းတောင် ဖြောင့်အောင် ဆိုတတ်တာ မဟုတ်ဘူး။

ဂီတသည် အခန်းထဲမှ လှုပ်ရှားမှုနှင့် တုံ့ပြန်မှုတို သီချင်းဆိုရင်း အကဲခတ်နေသည်၊ ငြိမ်သက်နေပုံထောက်တော့ အခြေအနေ မဆိုးဘူးလို့ ယူဆရမည် ထင်သည်၊

ထပြီး ပွဲမကြမ်းတာပဲ တော်လှပြီလေ. . .

သီချင်းသံလေးနှင့်အတူ သွန်းထွေးရဲ့စိတ်တွေ ပျော်ရွှင်လာသည်၊ မျက်လုံးလေးတွေတောင် အရောင် တောက်လာကြသည်၊

သီချင်းဆုံးသွားတော့ ဂီတသည် ဆက်မဆိုတော့ဘဲ ခဏရပ်ထားလိုက်သည်၊ အခြေအနေကို သူသိချင်သေးသည်။

သူထင်တာ မမှားဘူးဆိုတာ တံခါးဖွင့်သံလေး ကြားပြီး သွန်းထွေး ထွက်လာတာနှင့် သိလိုက်သည်၊

'သီချင်းကို ဘာလို့ရပ်ပစ်တာလဲ. . ဆက်ဆိုလေ. .'

'ဆိုပြလို့တော့ ရပါတယ်. . . ဒါပေမဲ့ အလကားတော့ မရဘူး. .'

'အမယ်. . ကြီးကျယ်လိုက်တာ. . ဘယ်လောက် ပေးရမလဲ. . ပြော. .'

ဆောင်းညပြာသိစာလေ



အညိုရောင်ဆံနွယ်ရှည်ရှည်လေးတွေ ဝဲပြီး ခါသွားအောင် အမူအရာလေးနှင့် မေးလာတော့ ဂီတ့က တစ်ချက်ပြုံးလိုက်ကာ

'ကိုယ့်အသံ ကောင်းလား သွန်းထွေး'

'အင်း. .'

'ဘာလို့ကောင်းတာလဲ မသိချင်ဘူးလား'

'အဆိုတော်မို့လို့ပေါ့'

'မဟုတ်ဘူး. . ဒီမှာ တွေ့လား'

ဂီတလက်ထဲမှ ဆေးလုံးတွေကို မြင်ပြီး သူမ မျက်မှောင်လေးကြုတ်သွားသည်။

'ဘာတွေလဲ. .'

'အသံကောင်းဆေးလေ. .'

ဂီတက မဆိုင်းမတွပင် ဖြေလိုက်ာသည်။

'ဒီဆေး သောက်ရင် ခုနက ရှင့်အသံလို ကောင်းမှာပေါ့ဟုတ်လား. . .'

'ဒါပေါ့. . .'

'မယုံဘူး. . ကျိန်ပြ'

သူ့အပြောအဆို. . သူ့အမူအရာတွေက. . ချစ်ဖို့ကောင်းအောင် ကလေးဆန်နေသည်။

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်းလွန်းနေသည်မို့ ဂီတက သဘောကျကာ

'တဲ့ . . သွားလေရော့ ကောင်မလေးတွေ ဝိုင်းချစ်ပါစေဗျာ'

သွန်းထွေး မျက်လုံးလေးတွေ ဝိုင်းဝိုင်းလည်သွားသည်။ ဒီလိုကျိန်ပုံမျိုး သူမှ မမြင်ဖူးတာပဲလေ . .

သူမက သံယောင်လေးလိုက်ပြီး

'ဝိုင်းချစ်ပါစေ . . ဟာ . . မဟုတ်ဘူး . . . ဒီလိုမဟုတ်ဘူး။ ဒီမှာကြည့် . . သွန်းထွေး ကျိန်ပြမယ် . . လိုက်ဆို'

'ဟုတ်ကဲ့'

'ယောကျ်ားဖြစ်ရင် . . သွေးဆုံး'

'ဟာ . . ဘာတွေလျှောက်ပြောနေတာလဲ'

'မှားလို့ မှားလို့ ယောကျ်ားဖြစ်ရင် ဂျီပုန်း . . မိန်းမဖြစ်ရင် မျိုးတုံး'

သူကျေနပ်အောင် လိုက်ဆိုပေးလိုက်ရသည့်အဖြစ်။

'ကဲ . . ကဲ . . ယောကျ်ားဖြစ်ရင် ဂျီပုန်း၊ မိန်းမဖြစ်ရင် မျိုးတုံး . . ဟုတ်ပြီလား'

'ဟုတ်ပြီ . . အဲလိုမှပေါ့'

သူပြောသလို လိုက်ပြောတော့ သဘောတော်ကျပြီး ကျေနပ်သွားပုံရသည်။





'သွန်းထွေး'

'နေပါဦး . . သွန်းထွေးနာမည် သွန်းထွေး ဆိုတာ . . ရှင် ဘယ်လိုသိသွားတာလဲ'

အပါးလေးပဲ . .

'ဒီလိုလေကွာ . . သွန်းထွေးလေးက လှတော့ . . . ဒီနားမှာ ဘယ်သူ့မေးမေး သိကြတာပေါ့'

'ကြော် . . ဒီလိုလား။ သွန်းထွေးကိုယ် သွန်းထွေး လှမှန်းတော့ သိတာပေါ့ . . ခုဟာက သူများတွေပါ သိကုန်ပြီဆိုတော့ ရှက်ရောကြီး'

'ရုပ်တလေးက လှနေပြီးသား ဆိုတော့ အသံကောင်းဖို့ပဲ လိုတော့တယ်၊ ရော့ . . ဒီဆေးလေး သောက်လိုက်'

'ဒီဆေးသောက်ရင် ရှင် တကယ် သီချင်းဆိုပြမှာလား'

သွန်းထွေးက မယုံသလို ပြန်မေးသည်မို့

'ဆိုပြမှာပေါ့၊ သွန်းထွေးလည်း ဆိုကြည့်လေ အသံအရမ်းတောင်းသွားမှာ'

'နေဦး . . အရမ်းသောက်လို့မရသေးဘူး ရှင်အရင်ဖြေ၊ ဒီဆေးသောက်ရင် ဘယ်သူ့အသံလောက်ကောင်းမလဲ၊ ဥပမာ . . ဖြူဖြူကျော်သိန်းလား . . အေသင်ချိုဆွေလား . . ချမ်းချမ်းလား'



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ ဉာဏ်ကူဖို့ လိုလာပြီပေါ့။

ဝီတသည် သူ့လက်ထဲမှ ဆေးလုံးများကို တစ်လုံးစီ ဆွဲထုတ်တာ

'ဒီဆေးအဖြူရောင်လေးက နိုင်ငံခြားက အဆိုတော် ဘီလွန်းဆေးအသံနဲ့တူမယ့်ဆေး၊ ဒီအဝါလေးက countryသီချင်းတွေဆိုတဲ့ အဆိုတော် တေလာဆွစ်နဲ့ ချွတ်စွတ်ကို တူသွားမှာ'

သူမမျက်လုံးထဲမှာ စိတ်ဝင်စားမှု အရိပ်အယောင်များကို တွေ့နေရသည်။

'အိုး. . ဒီဆေးတွေက တော်တော်စွမ်းတာပဲကိုး'

'ဒါပေါ့. . နိုင်ငံခြားမှာတောင် သွားဝယ်လာရတာ'

'ဒေါ်ဒေါ်တိုက်တဲ့ဆေးတွေက ပေါချောင်ကောင်းတွေ. . အလကားနီးနီးရတဲ့ဟာတွေလေ၊ သောက်ပြီးရင် ဘာဖြစ်သလဲ သိလား. . အိပ်ပျော်သွားရော၊ သွန်းထွေးက အိပ်မှမအိပ်ချင်တာ. . သူ့ရှေ့မှာ သောက်ချင်ယောင်ဆောင်ပြီး လွှင့်ပစ်လိုက်တာပေါ့'

သွန်းထွေး ဆိုတဲ့ ကောင်မလေးဟာ ဟန်ပန်အမူအရာ အပြည့်နဲ့ အတင်းလည်း ပြောတတ်သေးသည်။

သူ ဘာပဲပြောပြော ခုချိန်မှာ followလိုက်ပေးမှ သူ့ဆီက ယုံကြည်မှုကိုရမှာ ဆိုတော့. .





'ဒီဆေးတော့ သောက်မှဖြစ်မယ်နော်. . ဈေးကြီး ပေးပြီး နိုင်ငံခြားကနေတောင် သွားဝယ်ထားရတာ'

'ပေး. . ပေး. . အသံကောင်းမယ်ဆိုတော့ သောက်လိုက်ဦးမယ်'

ကောင်မလေးကိုကြည့်ပြီး သနားလည်းသနားသည်၊ ရယ်လည်း ရယ်ချင်သည်။ ခုကျတော့. . ခုနက သောင်းကျန်းထားတာ သူ မဟုတ်တဲ့အတိုင်း၊ သူ့ဘာသာ ရေသွားခပ်လာပြီး ဆေးသောက်နေလေသည်။

'တဲ. . ပြီးပြီ၊ ဘယ်လိုလဲ. . သွန်းထွေးအသံ ကောင်းလာပြီ မဟုတ်လား'

ဂီတက တမင် အံ့ဩရိပ်ဆင်ပြီး

'အခုပြောနေတာ နုသွန်းထွေးရဲ့အသံလား. . မသိပါဘူး တေလာဆွစ်များ နိုင်ငံမှာပြီးရောက်လာသလား အောက်မေ့ရတယ် အသံလေးက ချိုနေတာပဲကိုး. . ပါးစပ်လေး ဟ,ကြည့်ပါဦး'

သူမ အသံကောင်းတယ်ပြောလို့ သဘောကျပုံရပေမယ့် ပါးစပ်ဟ,ခိုင်းတော့ သိပ်ကြည့်ပုံမရ။

'ဘာလို့ ဟရမှာလဲ'

'အသံက အရမ်းကောင်းနေပြီဆိုတော့. . ခဏနေ သီချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုရတော့မယ်လေ ဒါကြောင့် ပါးစပ်ဟပြီး လျှာလေး အပေါ်တင် လိုက်ဝါဦး'

ဂီတက သွန်းထွေး ဆေးတကယ်သောက် မသောက် စစ်ဆေးနေခြင်း ဖြစ်သည်။

သွန်းထွေးကလည်း ပါးစပ်ဟ,ပြပါသည်။

အပေးအယူတည့်နေသော သူတို့နှစ်ယောက်ကို ဦးနေစိုးက ကြည့်ပြီး ကျေနပ်နေရှာသည်။ တူမလေးကို ဆေးဝင်အောင် တိုက်နိုင်သည့်အတွက် ဂီတကို ကျေးဇူးတင်နေရသည်။

'ကဲ. . သွန်းထွေးက ဆေးငါးလုံးသောက်တဲ့အတွက် ရှင်လည်း သီချင်းငါးပုဒ် ဆိုပြရမယ်'

အပျော်မျက်နှာလေးဖြင့် သူမဆန္ဒကို တောင်းဆိုနေသော သွန်းထွေး။ ဘယ်လိုလုပ်ပြီး ငြင်းရက်နိုင်မှာလဲလေ။ သူလေး ပျော်ပါစေတော့။

'ဘာသီချင်းဆိုရမလဲ ပြော. . သောတရှင်လိုရာ တောင်းဆိုနိုင်ပါပြီ'

'နုသွန်းထွေးက လက်ခုပ်လေးတီးပြီး တောင်းဆိုတဲ့သီချင်းက. .

'ဖားကောက်တဲ့သီချင်း ဆိုပြ'





ဘာသီချင်းကြီးလဲ. .

နုသွန်းထွေးတို့ သူ့ကို အုန်းစားနေပြီ။

'သွန်းထွေးက အရင်ဆိုပြလေ'

♫ မိတ္ထီလာကန်မယ်×××ဖားကောက်ခဲ့ပါ့မယ်
ဗျိုင်းရှေ့က ပျံကာ×××ပျံကာရယ်
မိုးစုန့်စုန့်ချုပ်ပေါ့ သမီးငယ်ရယ်×××
အိပ်ပါတော့ကွယ်×××ကြောင်ကြီးကိုက်လိမ့်မယ်
အိပ်ရာက နိုးရင် ကျောင်းသွားရဦးမယ်
သမီးလေး×××အိပ်တော့ကွယ်
စောစောကျောင်းသွားဖို့ အိပ်ပါကွယ် ♫

အသံနေအသံထား အမူအရာလေးလုပ်ပြီး ဆိုပြနေသော သွန်းထွေးကို သူချီးကျူးမိသည်။

'သွန်းထွေးက တကယ်တော်တယ်ကွာ အဲဒီသီချင်း ကိုယ် တကယ်မရဘူး'

တကယ်လည်း သူ မသိတာ အမှန်ပင်။ အမေ့ရင်ခွင်နဲ့ ဝေးကွာခဲ့တာ ဆယ့်ငါးနှစ်ရှိခဲ့ပြီ။ အမေဆုံးပြီးကတည်းက အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပုံပြင်တွေနဲ့ဝေးခဲ့သလို သားချော့တေးတွေနဲ့လည်း ကင်းကွာခဲ့ရသည်။

သူ့အသက် ငါးနှစ်မှာ အမေက ကင်ဆာရောဂါဖြင့် ဘဝတစ်ပါးသို့ပြောင်းသွားခဲ့သည်။ ဘာမှနားမလည်သေးတဲ့သူမှာတော့ လူကြီးတွေ ညာသမျှယုံပြီး အမေပြန်လာမည့်နေ့ကို လက်ချိုးကာစောင့်နေခဲ့မိသည်။

နုသွန်းထွေးကို သူ ကိုယ်ချင်းစာတာ အဲဒါကြောင့်ပဲ။

သူ့မှာက အဖေတစ်ယောက် သက်ရှိထင်ရှား ရှိနေသေးသည်။ သူမလေးခမျာ မျက်စိရှေ့တင် မိဘနှစ်ပါးလုံး တိမ်းပါးသွားတာဆိုတော့ ခံစားရမှာပေါ့။

စိတ်ချပါ သွန်းထွေးရယ်. . . မင်းလေးကို ကိုယ် အစွမ်းကုန် ပြုစုပေးမှာပါ။

တာကွယ်စောင့်ရှောက်ပေးဖို့ အချိန်ပြည့် ခေါင်းထဲမှာ ထည့်ထားပြီးသား။ ဒါပေမယ့် ဒါတွေကို မင်းသိမှာမဟုတ်ပါဘူး။

◆



## [illegible]

ဂီတသည် ပွက်ပွက်ဆူနေသော Hot Pot အိုးလေးထဲကို ငါးအသားလွှာနှင့် ပုစွန်များကို ထပ်ထည့်လိုက်သည်။

ဦး မြတ်ထွန်းက သောက်လက်စ ရေခွက်ကို စားပွဲပေါ်သို့ချထားလိုက်ပြီး Hot Potတစ်အိုးဖြင့် အလုပ်ရှုပ်နေသော ဂီတကို

'သားရဲ့စီးရီးက ဘယ်အခြေအနေရောက်နေပြီလဲ'

'ပြီးသလောက်တော့ရှိနေပြီ. . အဖေ'

'ဒီအခွေက သားရဲ့ ပထမဆုံးကြိုးပမ်းမှုဆိုတော့. . အရာထင်ဖို့တော့ လိုတယ်နော်. . အဖေပြောတာ သား သဘောပေါက်တယ် မဟုတ်လား. . ငွေရေးကြေးရေးအတွက် ဘာမှ မပူနဲ့ သား



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သလောက်သုံး. . ကြော်ငြာအားကို အပြည့်သာ ထည့်သုံးကြားလား. . သား'

ခေါင်းမာသော ဂီတက

'ကြော်ငြာလို့ ပေါက်တယ်ဆိုတာထက် သားရဲ့သီချင်းကို ကြိုက်လို့ပေါက်သွားတာမျိုးပဲ လိုချင်တယ်. . အဖေ'

'သားရဲ့မာနနဲ့ခံယူချက်ကို အဖေ နားလည်ပေးလို့ရတယ်ဒါပေမယ့်. . . သားက ဂီတလောကထဲမှာတော့ အသစ်ပဲ. . သားရဲ့သီချင်းက ဘယ်လောက်ပဲ ကောင်းနေပါစေ. . လူသိအောင်လုပ်ရဦးမှာပဲလေ. . မဟုတ်ဘူးလား။ ကဲ. . ကဲ . . ကြော်ငြာကိစ္စနဲ့ promotion အတွက် အဖေ့တာဝန်ထားလိုက်၊ သားသာ ဂီတပိုင်းကို အကောင်းဆုံးဖြစ်အောင် အားထုတ်. . ဟုတ်ပြီလား'

အဖေက သူ့အတွက်တော့ ဘုရားပေးတဲ့ လက်ဆောင်ပါပဲ။ ကောင်းကောင်းဆိုးဆိုး သူ့ရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးခဲ့တာ အနှစ်နှစ်ဆယ် ရှိပြီဆိုတော့. . အဖေ့ကို သူ ဦးထိပ်ထားပြီး ပြုစုဖို့ အချိန်တန်ပြီလေ. .

ပွက်ပွက်ဆူနေသောအိုးထဲမှ အသားလုံးများနှင့် အရွက်များကို အဖေ့ပန်းကန်လုံးထဲသို့ ခပ်ထည့်ပေးရင်း ဦးချလိုက်သည်။

'အဖေ. . ပူတုန်းလေး စားလိုက်ဦး၊ တကယ်တော့ ဟော့





ေါ့တ ကျန်းမာရေးနဲ့ညီတယ် အဖေ၊ အဆီလည်း မပါဘူး. . သားတို့ တစ်ပတ်မှာ သုံး လေးရက်တော့ မြုတ်သောက်ရအောင်နော်'

ဦးမြတ်ထွန်း ရင်ထဲမှာ နင့်သွားပြီး ပါးစပ်မှ

'မင်းအမေ လာပြောနေတဲ့အတိုင်းပါပဲလား. . သားရယ်သားလည်း ထည့်စားဦးလေ၊ အဖေ့ကိုချည်း ထည့်ကျွေးမနေနဲ့'

'ဟုတ်'

ဂီတသည် ဟော့ပေါ့စားနေရင်းမှ သွန်းထွေးလေးကို သွားပြီး သတိရသည်။

ဒီကလေး ဘာနဲ့စားနေပါလိမ့်။

အန်ကယ်တော့ ပြောတာပဲ. . မနေ့က ကြက်ဥပြုတ်ကို သံပုရာသီးတွေ ညှစ်ပြီး စားတယ်တဲ့။

ဆယ့်ခြောက်နှစ် ဆိုတဲ့အရွယ်မှာ တခြားကောင်မလေးတွေ အလှအပကို မက်မောကြလိမ့်မည်။ စူးစမ်းလိုစိတ်ရှိကြလိမ့်မည်။

သွန်းထွေးလေးကတော့ သူများတွေနှင့် ဆန့်ကျင်စွာပင် လောကကြီးအကြောင်းကို ဘာမှမသိသလို စိတ်ထဲရှိသလို ပြုမူနေထိုင်တတ်တဲ့ ကောင်မလေး. . .

အိမ်ထဲမှာပဲ နေရင် အကြောင်းမဟုတ်ပေမယ့် အပြင်



www.burmeseclassic.com

www.burmeseclassic.com



လောကထဲရောက်သွားရင် အန္တရာယ်တွေ ဝိုင်းနေတော့မှာပဲ. . ဒီတစ်ခါ အန်ကယ်နဲ့တွေ့ရင် သေချာသတိပေးရမည်။

စိတ်မချ။

နှုသွန်းထွေးကို ဘယ်လိုမှ စိတ်မချနိုင်။

ဘာကြောင့်လဲဆိုတာ အတိအကျမသိပေမယ့် သွေးသား တော်စပ်မှုမရှိတဲ့ သူစိမ်းမိန်းကလေးတစ်ယောက်က သူ့အတွေးထဲ ရောက်လာတာ ဒါ. . ပထမဆုံးပင်. .

'သား'

'ဗွိ. . အဟွတ်. . အဟွတ်'

အဖေ့ကို ပြန်ထူးမလို့လုပ်တုန်း သီးသွားသဖြင့် အဖေက

'ရော့. . သား၊ ရေသောက်လိုက် ဘယ်လိုဖြစ်လို့ သီးသွား ရတာလဲ သားရယ်'

'အခန့်မသင့်လို့ပါ အဖေ၊ ဒါနဲ့. . အဖေ ဘာပြောမလို့လဲ'

'ဩော်. . နှုသွန်းထွေးလေးအခြေအနေ ဘယ်လိုနေသလဲ လို့. . နေစိုးကပြောတော့ သားဆေးတိုက်တာ သောက်တယ်ဆို'

ဂီတက ဂုတ်ဝဲထားထားသောဆံပင်ရှည်လေးတွေ ဖွာကနဲ နေအောင်သပ်တင်ရင်း သွားတက်ကလေး ပေါ်အောင် ရယ်သည်။ နားမှာ နားကပ်အနက်ရောင်တစ်ဖက်ကို ဝတ်ထားသေးသည်။





သားက တကယ့်လူချောပဲ. .

အပြင်ထုတ်ပြီး မပြောမိပေမယ့် ဦးမြတ်ထွန်းစိတ်ထဲမှာ တိုတ်ပြီး ဂုဏ်ယူနေရသည်။

သားကို မိန်းကလေးတွေကျတာလည်း မပြောနဲ့လေ. . စီတတ ဆွဲဆောင်မှုရှိနေတာကိုး။

ခေတ်နဲ့အညီ ဝတ်ဆင်နေထိုင်ပေမယ့် သားက လိမ္မာပြီး အားမို့ ဦးမြတ်ထွန်းက နားလည်ပေးထားသည်။

သားက နိုင်ငံခြားမှာ အနေကြာလို့လား မသိ. . သူ့ဆီမှာ စတိုင်လ်တစ်ခုက သီးသန့်ကို ရှိနေသည်။

သူ့ဒေါ်လေးပြောတာကတော့ အွန်လိုင်းပေါ်မှာတွေ့တဲ့ အားသူငယ်ချင်း ကောင်မလေးတွေက သဲသဲလှုပ်ဆိုပဲ. .

သားမွေးနေ့မှာ လက်ဆောင်တွေ အလုအယက်ပို့ကြတာ တဲ့လေ. .

'သူက သားသီချင်းဆိုပြမှ ဆေးသောက်တာ အဖေ'

ဦးမြတ်ထွန်းက ဟက်ဟက်ပက်ပက်ရယ်ပြီး

'ဒါဆို ငါ့သားမှာ အမာခံပရိသတ်တစ်ယောက် ရနေပြီပဲ ဆက်လုပ်. . ဆက်လုပ်'

'တစ်ခါတလေကျတော့လည်း သူရစ်တာ ခံရသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



အဖေရ. . သီချင်းဆယ်ပုဒ်လောက်ဆိုမှ ဆေးသောက်ချင်သောတ် တာ'

'ဒါပေမဲ့. . သားက ဆိုပြတာပဲ မဟုတ်လား'

ဂီတသည် ရှက်ရှက်ဖြင့် ပြုံးပြီး ခေါင်းညိတ်ပြလေသည်။

ငယ်ရာက ကြီးလာသူပီပီ ဒီကောင်မလေးအပေါ် သား ဖြစ်သူ သဲသဲလှုပ်နေတာကို အပြစ်မတင်ရက်ပေမယ့် နှသွန်းထွေး ရဲ့အခြေအနေကို သိနေပြန်တော့ ရင်လေးမိသား။

သားအပေါ်မှာ မူတည်နေတာပဲလေ. . သူလည်း အရွယ် ရောက်နေပြီပဲ။

'ကဲ. . သား၊ အဖေ စာသွားဖတ်လိုက်ဦးမယ် သားလည်း စောစောအိပ်ဦး'

'ဟုတ်ကဲ့ Good night အဖေ'

စားတာကို လက်စသတ်လိုက်ပြီး ခေါင်းထဲမှာ ပေါ်လာ သောသံစဉ်လေးတစ်ခုကို စာသားထည့်ကြည့်ဖို့ဆုံးဖြတ်လိုက်သည်။

မနက်ဖြန်မှာ ရှင်သန်ဖို့အတွက် ယုံကြည်မှုတစ်ခုကို တည် ဆောက်ရဦးမည်။

ဂီတဘဝမှာ အမြတ်မ်း self confidence ရှိအောင် လေ့ ကျင့်ခဲ့သည်။

ဆောင်းညပြာသိုစာပေ



အခုလည်း. . . .

အဆိုတော်တစ်ယောက်ထက် ဂီတကိုမြတ်နိုးသော ဂီတ သမားစစ်စစ်သာ ဖြစ်ချင်မိသည်။

မျှော်လင့်ခြင်းဖြင့် ရှင်သန်စေသော. . . ပထမခြေလှမ်း အတွက် ပြင်ဆင်ရင်း. . ကြိုးစားရင်းနဲ့. . .

◆

ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

## [illegible]

ဒီနေ့ ဓာတ်ပုံရိုက်ဖို့အတွက် model ထိုင်ပေးရမည်တဲ့။ သီချင်းပဲဆိုချင်တာ အဖေ့အမိန့်ကို မလွန်ဆန်ရဲတော့လည်း ခတ်သား. .

'အစ်ကိုလေး. . အဝတ်အစားနဲ့ဖိနပ်တွေ အဆင်သင့်ဖြစ်ပါပြီ'

သူ့စီးရီးထွက်မှာက ဒီဇင်ဘာလ ဆိုတော့ လောင်းကုတ်အရှည်နှင့် ပဝါပတ်ပြီး ရိုက်ရင်ပိုအဆင်ပြေမည်ထင်သည်။

နောက်ပြီး ဒီမှာ ခေတ်မစားသေးသည့် ဒီဇိုင်းမျိုး ဝတ်ကြည့်ချင်သည့်အတွက် သူ့အဝတ်အစားတွေကို ပြန်စစ်ရသေးသည်။





'ဟော့ကောင် ငါ့ကုတ်အတွင်းက underကို အစင်းအရှည်ကြီးတွေ ဝတ်ချင်တယ်. . . အဲဒါတွေ ထပ်ထည့်ပေးဦး'

အဝတ်တွေ စစ်ပြီးတော့ ဂီတက ရေစိုနေသော သူ့ဆံပင်ရှည်တွေကို ဒရိုင်ယာဖြင့် အခြောက်ခံပြီး ဝဲဝဲလေးကျနေအောင် ညှပ်သွင်းနေမိသည်။ အဲဒီအချိန်မှာပဲ စိတ်ပျက်လက်ပျက် ညည်းညူနေသော အဖေ့အသံကို အတိုင်းသားကြားလိုက်ရသည်။

'ဟာဗျာ. . ဒီနေ့ကျမှ ဒီလိုဖျက်စရာလားဗျာ အစောကြီးကတည်းက သေချာပြောထားရက်သားနဲ့. . မဟုတ်သေးပါဘူးဗျာ ဒါဆို. . ကျုပ်တို့ အခု ဘာဆက်လုပ်ရမလဲ'

တစ်ဖက်မှ ဘာပြောသလဲဆိုတာ မကြားရပေမယ့် အဖေပြန်ပြောနေတာက

'ကောက်ကာငင်ကာ ဘယ်က model ကို သွားရှာရမှာလဲ၊ နာမည်ကြီးမင်းသမီးနဲ့ ကျုပ်သားကို တွဲပေးချင်လို့ ဈေးတောင်ဆိုပေးပြီး ခေါ်ထားတဲ့ဟာ'

'. . . . . . .'

'ဒီအစီအစဉ်တော့ မဖျက်ဘူးဗျ. . . စီးရီးထွက်ဖို့ အချိန်သိပ်မလိုတော့ဘူး၊ ဘောက်တွေထောင်ရဦးမယ် ခဏလေးဗျာ. . ဖုန်းပြန်ဆက်ပေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



စိတ်မသက်မသာဖြစ်နေပုံဖြင့် ဖုန်းချပြီး စဉ်းစားနေသော အဖေ့အနားမှာ သူ ရပ်လိုက်ပြီး

'အတော်ပဲ အဖေ၊ သားလည်း ဒီမင်းသမီးနဲ့တွဲမရိုက်ချင်ဘူး . . အောင်မြင်တယ်ဆိုရင်လည်း ကိုယ့်အစွမ်းအစနဲ့ပဲ အောင်မြင်ချင်တယ် . . သူများကို မမှီခိုချင်ဘူး အဖေ'

'ဒါဖြင့် . . သားက ဘယ်လိုလုပ်ချင်လို့လဲ'

'သားမှာ model ရှိပြီးသားပါ အဖေ . . ဦးနေစိုးဆီ ဖုန်းဆက်ပြီး ခွင့်တောင်းပေးရင် ရပြီ'

ဦးမြတ်ထွန်းမျက်လုံးတွေ ပြူးကျယ်ကုန်သည်။

'ဘာလဲ . . သားက နှသွန်းထွေးနဲ့ ရိုက်မလို့လား'

'သူ့မျက်နှာလေးက ပိုပြီး ဆန်းသစ်ပါတယ် အဖေရာ . . တစ်ခါမှမမြင်ဖူးသေးတဲ့အသစ်တစ်ခု ပရိသတ်ကို ချပြကြတာပေါ့'

မျက်ခမ်းတော့ ခပ်လှုပ်လှုပ်ပင်။

မတော် . . . ဓာတ်ပုံ ရိုက်ရင်း ကကျိုးကကျောင်တွေ ဖြစ်ကုန်မှဒုက္ခ။

'ဖြစ်ပါ့မလား . . သားရယ်'

'ကျွန်တော် ခုပဲလာခေါ်မယ်လို့ ပြောပေးပါ အဖေ၊ သူ့ကို ကျွန်တော် ထိန်းနိုင်ပါတယ် စိတ်ချ'





ဂီတက သူ့အဖေကို မျက်စိတစ်ဖက်မှိတ်ပြပြီး တပည့်ဖြစ်သူ နေမျိုးကိုခေါ်ကာ ထွက်သွားလေပြီ။

ဦးမြတ်ထွန်းလည်း ဘုရားတ,ပြီး ဦးနေစိုးဆီ ဖုန်းဆက်ရတော့သည်။ နောက်ဆက်တွဲပြဿနာတွေကို မစဉ်းစားချင်တော့။ နောင်ခါလာ နောင်ခါဈေးပေါ့ . . .

'ဟဲလို . . နေစိုးလား'

'အေး . . ပြော၊ ဒီနေ့ . . မင်းရဲ့ သားတော်မောင် မလာသေးဘူးနော် . . ဟိုမှာ ဆေးမသောက်ဘဲ သောင်းကျန်းနေလေရဲ့'

'ဟော့ကောင် . . အခု ငါ့သား မင်းတို့အိမ် လာနေပြီကွ . . နှသွန်းထွေးကို model လုပ်ပြီး ဓာတ်ပုံရိုက်မလို့တဲ့၊ အဲဒါ မင်းဆီ ခွင့်တောင်းတာ'

'ဟာ . . တကယ်လား၊ အဟား . . ပျော်လိုက်တာကွာ'

(-)ကျိုးနည်း . . ရူးများသွားပလား မသိပါဘူး။

'ဟ . . တိုးတိုးပြောပါကွ ငါ့နားတွေ ကန်းကုန်တော့မှာပဲ'

'ငါ့တူမလေး model ဖြစ်မှာဆိုတော့ ငါပျော်လွန်းလို့ပါကွာ . . စိတ်ချ အလန်းဆုံးအဝတ်အစားတွေ ဆင်ပေးလိုက်မယ်'

ဦးနေစိုးက ပျော်ပြီး ဖုန်းချကာ ချက်ချင်းပင် ဒေါ်မိုးသူကို ခေါ်ပြီး လိုတာတွေ စီစဉ်ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဂီတရဲ့Cygnusကားက အိမ်ရှေ့မှာ ရပ် လာသည်။ စမတ်ကျ ကျော့ရှင်းစွာဆင်းလာသောဂီတပုံစံကို ကြည့် ပြီး ယောက်ျားချင်းပင် အားကျရသည်။ တူမလေးနဲ့ တွဲရိုက်ရင် လည်း လိုက်မှာပါ. . သူတို့နှစ်ယောက် လိုက်ဖက်မှာ သေချာလေ သည်။

'အန်ကယ်'

'အေး. . မင်းအဖေ ပြောထားလို့ အန်ကယ် အဆင်သင့် လုပ်ထားပြီးပြီ၊ ဘယ်လိုပုံစံမျိုးနဲ့ ရိုက်မှာလဲ'

'ကျွန်တော်က ဆောင်းရာသီဖက်ရှင်လေးနဲ့ ရိုက်ချင်တယ် သွန်းထွေးမှာ ပဝါနဲ့ ဦးထုပ်လှလှလေးတွေ ရှိနိုင်မလား'

'ဟာ. . ရှိတာပေါ့ကွာ၊ သူ အဲဒါပဲ ပူဆာလို့ အရောင်စုံ ကို ဝယ်ပေးထားရတာ. . မမိုးသူ အဲဒါလေးတွေ ပါအောင် ထည့် သွားဦး'

'ဟုတ်ကဲ့ပါ ဆရာ'

'တဲ. . သူ့ကိုခေါ်ဖို့က မင်းတာဝန်ပဲ'

ဂီတက သွားတက်ကလေးတစ်ဖက်ပေါ်အောင် ရယ်ပြီး အပေါ်ထပ်သို့ တက်လာခဲ့သည်။

ဒီကောင်လေး တကယ်ချောတာပဲကိုး။

ဆောင်းညပြာသိဂီတလေ



ဦးနေစိုးက ဂီတကိုကြည့်ပြီး သဘောကျကာ ပြုံးမိသည်။

'ရှိ. . ရှိ. . '

ဂီတက လေချွန်သံလေးဖြင့် အခန်းတံခါးဝမှာ ရပ်လိုက် လျှင် ပြတင်းပေါက်နံဘေးမှာထိုင်ပြီးငေးနေသော သွန်းထွေးလေး က ပြေးထွက်လာလေသည်။

'အဆိုတော်ကြီး လာပြီ. . သီချင်း ဆိုပြ'

'ပြန်လာရင် ဆိုပြမယ်လေ၊ သွန်းထွေးကို အပြင်ခေါ်သွား ဖို့. . လိုက်မယ် မဟုတ်လား'

သွန်းထွေးက မျက်လုံးလေး ထောင့်ကပ်ကာ စဉ်းစားနေ ရာမှ. .

'ပြင်ဦးလွင်ဆို လိုက်မယ် သွန်းထွေးက ပြင်ဦးလွင်ပဲ သွား ချင်တာပါဆို'

'သွားရမှာပေါ့၊ အခု သွန်းထွေးနဲ့ကိုယ် ဓာတ်ပုံသွားရိုက် ကြမယ်။ ပြီးရင် ice-cream ကျွေးမယ်လေ. . စားမလား ice - cream'

'တကယ်လား. . တကယ်ကျွေးမှာနော် ဒီလောက်နော်'

သူမလက်ကလေး သုံးချောင်းထောင်ပြပြီး ချစ်စဖွယ်လေး ပြောလာတော့ ဘယ်လိုအသည်းယားမှန်းမသိ။

ဆောင်းညပြာသိဂီတလေ

www.burmeseclassic.com

www.burmeseclassic.com



'သွန်းထွေးလေး စားချင်သလောက်ကျွေးမယ် လာ Let's go'

ဂီတက သွန်းထွေးလက်လေးကို ဆွဲပြီး လှေကားတောက်လျှောက်ပြေးဆင်းလာခဲ့သည်။

သူတို့ရဲ့အပျော်လေးတွေက ဦးနေစိုးနှင့်တကွ တခြားသူတွေကိုပါ ကူးစက်သွားစေသည်။

'အန်ကယ်. . သွားပြီနော်'

'အေး. . အေး. . ကားကို ဂရုစိုက်ပြီး မောင်းနော်၊ မမိုးသူနင်လည်း နင့်လူနင် သေချာထိန်းဦး'

'ဟုတ်ကဲ့ပါ ဆရာ'

အမယ်. . ဒင်းကပါ ပြေးလိုက်သွားသေး. .

ကြည့်ပါဦး. . တက်ကြွနေလိုက်ကြတာ။ ဘာတွေ ဆက်ဖြစ်လာမလဲသာ မသိတာ. . ခုထိတော့ အားလုံးအိုကေလို့ပဲ. .

ဂီတရဲ့ကားလေးသည် ပြည်လမ်းတောက်လျှောက် တရိပ်ရိပ်ပြေးလွှားလို့နေသည်။

အပြင်မထွက်ရတာ ကြာပြီဖြစ်တဲ့ သွန်းထွေးလေးက FM မှလာနေသော သီချင်းတစ်ပုဒ်ကို လိုက်ဆိုရင်း ကိုယ်လေးတလှုပ်လှုပ်ဖြင့် ကလို့တောင် နေသေး. .

ဆောင်းညပြာသိုစာပေ



နေမျိုးက ကားသွားရာလမ်းကြောင်းကိုကြည့်ပြီး ခတ်ပုံထူးဒီယိုကို တန်းသွားပြီဆိုတာ သိလိုက်ပြီမို့

'ဆရာ. . သူ့ကို မိတ်ကပ်မလိမ်းတော့ဘူးလား'

'No problem..natural ပဲ လိုချင်တယ်'

နေမျိုးဝါးစပ်ပိတ်သွားပေမယ့် ဒေါ်မိုးသူက ဝင်ပြီး အတွန့်တက်သေးသည်။

'မိတ်ကပ်လေးလိမ်းမှ လှမှာပေါ့ မောင်ဂီတရဲ့၊ ခုခေတ်မိန်းကလေးတွေက မိတ်ကပ်ထူထူလိမ်းပြီး ဘာတဲ့. . သူတို့ဆွဲကြတာလေ. .'

ပြောက ပြောချင်၊ မသိက မသိဆိုတာ သူ့မှာအစစ်။ နေမျိုးသည်း မနေနိုင်မထိုင်နိုင်စွာဖြင့် ဝင်ပြီး

'အိမိုဗျာ. . သိလည်း မသိဘဲနဲ့'

'အေး. . အေး. . နင်ပြောတဲ့ဟာ ဆွဲကြတာ'

သွန်းထွေးက သီချင်းဆိုနေရာမှ ရပ်ပြီး

'အိမို မဆွဲဘူး. . သွန်းထွေးက အိုက်စ်ကရင်ပဲ ဆွဲမှာ. . အတိ. .'

တလွဲတွေချည်းမို့ ဂီတက တဟားဟားဖြင့် အော်ရယ်ပစ်လိုက်သည်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာမီ နာမည်ကြီးဓာတ်ပုံဆရာ A.မွန်းချို၏ စတူဒီယိုရှိရာ ခြံထဲသို့ ဂီတ၏ကားလေး ကွေ့ဝင်လာခဲ့သည်။

ပေါ်တီကိုအောက်မှာ ကားရပ်ပြီးနောက် ဂီတက သွန်းထွေးကို တံခါးဖွင့်ပေးသည်။

ပြဿနာက အဲဒီမှာ စ,တော့တာဖြစ်သည်။ သွန်းထွေးက မဆင်းဘဲ ပေကပ်ပြီး ထိုင်နေသည်။

သူမ အကျွမ်းတဝင်မရှိသောအိမ်မို့ မျက်လုံးလေးကလယ်ကလယ်ဖြင့် ကြောက်နေပုံရသည်။

ဂီတလည်း စိတ်ရှည်လက်ရှည်ပင်

'သွန်းထွေးလေး လိမ္မာပါတယ်ကွာ. . . ခဏလေး ဆင်းလိုက်နော်'

'ဟင့်အင်း. . မဆင်းဘူး'

'ဆရာ. . ဒီအထိ လိုက်လာပြီး အဖျားကျမှတစ်နေပြီ. . ဘယ်လိုလုပ်ကြမလဲ'

နေမျိုး စိတ်ပူသလို ဒေါ်မိုးသူကလည်း သူ့လူ မော်ဒယ်မဖြစ်မှာ ပူရှာသည်။

'သမီးရယ်. . သူနဲ့ဓာတ်ပုံတွဲရိုက်မှ သမီးကို လူတွေသိမှာပေါ့'





'လူသိရင် အပူမိတယ်. . မဆင်းဘူး'

ဂီတသည် လေပူတစ်ချက်ကို ဝူးခနဲမှုတ်ထုတ်လိုက်သည်။ ဘာဆက်လုပ်ရမှန်းလည်း မသိတော့။

စတူဒီယိုမှကောင်မလေးက သူတို့အုပ်စုကိုကြည့်ပြီး အထူးအဆန်းဖြစ်နေပုံရသည်။

အခန်းထဲမှာ lighting ချိန်နေသော မွန်းချိုဆီသို့ သတင်းသွားပို့လေသည်။

'အစ်ကို. . ဒီနေ့ရိုက်ဖို့ချိန်းထားတဲ့ အဆိုတော်ဂီတရောက်လာပြီ'

'အေး. . ခေါ်ခဲ့လေ'

'ဒါပေမဲ့. . သူတို့ ဘာဖြစ်နေကြသလဲမသိဘူး. . ကောင်မလေးက ကားပေါ်က မဆင်းဘဲဖြစ်နေတယ်'

မွန်းချိုက ကေသီကိုလှည့်ကြည့်ပြီး

'ဘာလဲ. . သူတို့ခေါ်လာတဲ့ မော်ဒယ်အသစ်လား'

'မသိဘူး အစ်ကို'

ထိုစဉ် မွန်းချို၏အမေ ဒေါ်နန္ဒာချိုရောက်လာပြီး

'သားရေ. . ဒီမှာ ကြည့်စမ်း. . အမေ ဘာဝယ်လာတယ်ထင်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ရွှင်မြူးစွာ မေးလေသည်။ တကယ်တော့. . မွန်းချိုရဲ့ အမေလို့ပြောရင် ဘယ်သူကမှ မယုံကြ။ အသက်လေးဆယ်အမေ ဟာ သုံးဆယ်လို့ထင်ရလောက်အောင် နုပျိုအရွယ်တင်သလို အပြင် အဆင်ကလည်း လန်းသည်။

အတူတူတွဲသွားရင် ဒေါ်နန္ဒာချိုကို မွန်းချိုရဲ့အစ်မလို့သာ ထင်ကြလေသည်။

မွန်းချိုကို မွေးတုန်းက အမေ့အသက် ဆယ့်ကိုးနှစ် လို့ တစ်ခါတလေ ဂုဏ်ယူစွာ ပြောတတ်သေးသည်။

မွန်းချို စိတ်ညစ်တာတစ်ခုက အမေ စတော်ကီ ဝတ်ရင် မျက်နှာဘယ်နားသွားထားရမှန်း မသိအောင် ပူသည်။ တစ်ခုတော့ သေးတာက အမေဟာ လွတ်လပ်သူတစ်ယောက်ဖြစ်ပေမယ့် သူဟာ သူ happy type နေရင်သာ နေမည်။ ဘာဘာညာညာ စိတ်မဝင် စားလို့သာ တော်တော့သည်။

အဲဒါကြောင့် အမေ့ကို ပျော်သလိုသာ နေတော့ဆိုပြီး . . လွှတ်ထားရသည်။ ဘယ်သူ့မှ ပထွေးမတော်ရရင် ပြီးရောပဲ။

'ရော့လေ. . မြန်မြန်စားလိုက် သား'

'Thank you အမေ. . . ကျွန်တော် အရှေ့ ခဏထွက် ကြည့်လိုက်ဦးမယ်'

*ဆောင်းညပြာသိုစာပေ*



မွန်းချိုက အမေပေးသော အိုက်စ်ခရင်မ်ဘူးလေးကို ယူ ပြီး အရှေ့သို့ထွက်လာခဲ့သည်။

သွန်းထွေးသည် မွန်းချိုလက်ထဲမှ အိုက်စ်ခရင်မ်ဘူးကို တွေ့သွားပြီး ကားပေါ်မှခုန်ဆင်းလာသည်။ သူ ဘာလို့ဆင်းလာမှန်း မသိဘဲ အားလုံးက ဆင်းလာပြီဆိုပြီး ပျော်နေကြချိန်တွင် သွန်းထွေး က မွန်းချိုအနား ပြေးသွားကာ ရေခဲမုန့်ဘူးကို ဖျတ်ခနဲဆွဲယူလိုက် လေသည်။

ဂီတမှာ တားချိန်ပင် မရလိုက်။

'ဟာ. . သွန်းထွေး. . ဒီလိုမလုပ်ရဘူးလေ၊ ပြန်ပေးလိုက် နော်. . လိမ္မာတယ်'

သူ ဘာပဲပြောပြော သွန်းထွေးက ဂရုမစိုက်ဘဲ ရေခဲမုန့် ခင် စားနေလေပြီ။

အဖြစ်အပျက်တွေက မြန်လွန်းတော့ မွန်းချိုလည်း အံ့ဩ ပြီး ကြောင်ကြည့်နေမိသည်။ ရေခဲမုန့် လုစားခံရလို့ အော်ငိုရမယ့် အသက်အရွယ်လည်း မဟုတ်တော့ မချိသွားဖြဲ ရယ်ပဲ ရယ်ချင်နေ သည်။

အမေသာ တွေ့ရင် သူ့သားရေခဲမုန့် ယူစားရမလားဆိုပြီး ဆွဲ့ဆွဲ့ခုန်ပေဦးမည်။

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'နေပါစေ . . သူစားချင်နေတဲ့ဟာပဲ . . စားပါစေဗျာ'

ဂီတက A.မွန်းချိုဆိုတဲ့လူကို အားနာစွာပင် ကျေးဇူးတင် ကြောင်း ပြောမိသည်။

မွန်းချိုက သွန်းထွေးကိုကြည့်ပြီး

'သူနဲ့ရိုက်မှာလား'

ဟု မေးသည်။

'ဟုတ်တယ်ဗျ . . ကျွန်တော်က ဒီအတိုင်းပဲ ရိုက်ချင်တာ။ မိတ်ကပ်မပါရင် အဆင်ပြေပါ့မလား'

မွန်းချို မြင်ရတာက သွန်းထွေးရဲ့ပါးစပ်နားတစ်ဝိုက်မှာ ရေခဲမုန့်အရည်တွေ စေးကပ်နေသည်။

'ဟိုမှာလည်း ကြည့်ဦးလေဗျာ . . ပေပွနေပြီ . . နည်းနည်း ပါးပါး ဆေးကြောပြီး မိတ်ကပ်မလိမ်းချင်လည်း ပါးပါးလေးတော့ ထည့်ပေးလိုက်ဦး'

တကယ်ပါပဲ . . အဆိုတော်ဂီတက သူကြားဖူးထားသလို ပင် စတိုင်လ်မိုက်မိုက်ဖြင့် ဆွဲဆောင်မှုရှိသူတစ်ယောက်ပါ။

ဟိုကောင်မလေးကလည်း ပင်ကိုလှသူလေး ဖြစ်ပေမယ့် မိတ်ကပ်နည်းနည်းလိမ်းလိုက်ရင် ပိုလှမှာ သေချာသည်။

'မေရီရေ . . ဒီညီမလေးကို ပြင်ပေးလိုက်ပါဦး'





မေရီဆိုတဲ့ ကောင်မလေးက သွန်းထွေးကို လာခေါ်သွား သည်။

'ကျွန်တော်လိုချင်တဲ့ပုံစံလေး ပြောပေးမယ် . . ရမလား'

ဂီတက မေးလျှင် မေရီက

'ရတယ်လေ . . ရှင်ပါ လိုက်ခဲ့'

ဟုပြောပြီး သွန်းထွေးလက်ကို ဆွဲပြီးခေါ်သွားသည်။ ဂီတ က ခေါ်မိုးသူ ယူလာသော သွန်းထွေးအဝတ်အစားများထဲမှ သူလို ချင်သောဒီဇိုင်းများကို ကိုယ်တိုင်ယူပြီး တွဲထားလိုက်သည်။

'ဒီဆွယ်တာအစိမ်းလေးနဲ့ ဂျင်းပင်န် sky blue လေးဝတ် ဆေးလိုက် ခေါ်ခေါ်၊ နေဦး . . ဟို ပဝါရောင်စုံအစင်းလေးတို လည် ပင်းမှာပတ်မယ်၊ ဖိနပ်က လည်ရှည်ဖိနပ်လေး ပါတယ် မဟုတ်လား အဲဒါလေး ထုတ်ပေးထား။ ဦးထုပ်က အနီလေး ဆောင်းမယ့်နော်'

အဝတ်အစားကတ္တာပြီးတော့ မိတ်ကပ်လိမ်းနေတာ သွား ကြည့်ရသေးသည်။

မိတ်ကပ်ကတော့ မဆိုးပါဘူး . . . မထူမပါးဖြင့် သူလိုချင် သော သဘာဝကျတဲ့ပုံစံမျိုးပင်။

နဂိုရှည်တဲ့ သွန်းထွေးရဲ့ မျက်တောင်လေးတွေကို mas- cara လေး တင်ရုံဖြင့် ကော့သွားသည်။ သူမ နှုတ်ခမ်းထူထူပြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်လေးတွေကို ပုံဖော်ပြီး ပန်းနုရောင်လေး ဆိုးပေးထားတော့ ပိုပြီး ဆွဲဆောင်မှုရှိနေသည်။

မေရီက သူ စေ့စေ့စပ်စပ်ကြည့်နေတာကို ရယ်ချင်နေပုံရ သည်။

'ဆံပင်ရော. . ပုံသွင်းဦးမလား'

'ဆံပင်. . အင်း. . သူ့ဆံပင်က ရှည်တော့ အကောက်လေး နဲ့ဆို ပိုလိုက်မယ်ထင်တယ်နော်'

'ဟုတ်ပြီလေ. . ရှင်ပြောတဲ့အတိုင်း လုပ်ပေးပါ့မယ်. . သူ့ ကို ငြိမ်အောင် နည်းနည်းပြောပေးပါလား'

ကိုယ့်အာရုံနဲ့ကိုယ်မို့ သွန်းထွေးမျက်နှာကိုပဲ စောင့်ကြည့် နေမိတာ. . လက်တွေကို မကြည့်လိုက်မိ။

မချောလေးက မေရီ့သေတ္တာထဲမှ အနီရောင်နှုတ်ခမ်းနီ တောင့်ကိုယူပြီး ကြည့်မှန်ပေါ်မှာ ပွစိကက်ပုံဆွဲထားပြီးပြီ။ အခုတစ် ခါ အိုင်းရှဲဒိုးတွေယူပြီး သမနေပြန်သည်။

'သွန်းထွေး. . အဲဒါတွေက ဆော့စရာ မဟုတ်ဘူးလေ. . မလုပ်နဲ့နော်. . လိမ္မာတယ်'

'ဒါတွေက စားလို့ရော ရလား'

ပြောကာမှ ပိုဆိုးနေပြီ။





ကြာကြာနေရင် သူ့အကြောင်း အကုန်သိကုန်တော့မည်။ ဒါမျိုးတော့ အဖြစ်မခံနိုင်ပါ။ နုသွန်းထွေးရဲ့အရှက်နှင့်သိက္ခာကို သူ ကာကွယ်ပေးရမည်။

ထို့ကြောင့် ဖုံးဖုံးဖိဖိပင် -

'သွန်းထွေးက အရမ်းနောက်တာပဲကွာ'

ထိန်းမနိုင်သိမ်းမရဖြစ်နေသော နုသွန်းထွေး၏လက်လေး နှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ကာ

'ငြိမ်ငြိမ်နေ. . ကိုယ် လက္ခဏာကြည့်ပေးမယ်'

ဆိုပြီး မလွတ်တမ်းကိုင်ထားရသည်။ ဒါတောင်မှ သွန်း ထွေးက ပေါင်း၊ နုတ်၊ မြှောက်၊ စားလို့ အော်နေသေးသည်။

မေရီက အပူချောင်းဖြင့် သွန်းထွေးဆံပင်ကို ပုံသွင်းပေး နေလေရာ လက်မငြိမ် ခြေမငြိမ် ဖြစ်နေတဲ့ သွန်းထွေးနှင့်တော့ ဒုက္ခပင်။

'ကောင်းတယ်. . ကောင်းတယ်. . ရှင် ဒီလိုကိုင်ထားပေး မှ အဆင်ပြေမှာ၊ နို့မို့ဆို သူ့လက်တွေ အပူလောင်လိမ့်မယ်'

ဆယ့်ငါးမိနစ်လောက် ကြာတော့ လုံးဝ ပုံစံပြောင်းသွား သော သွန်းထွေးလေးကို တွေ့ရသည်။

မေရီဆို နှုတ်မှ တဖွဖွချီးကျူးလို့ မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



'အိုး. . လှလိုက်တာ. . ဂီတ ရှင်လူရွေးတာ တော်တယ်။ သူက ရှင်နဲ့တွဲရိုက်မယ့် မင်းသမီးထက်တောင် မိုက်သေးတယ်'

ကေသီက 'ရယ်ဒီ ဖြစ်ရင် ရိုက်မယ်'လို့ လာပြောသဖြင့် ဒေါ်မိုးသူ ဝင်လာပြီး သွန်းထွေးကို အဝတ်အစားလဲပေးဖို့ ပြင်သည်။

ဂီတက အလိုက်သိစွာ အခန်းအပြင်ထွက်မလို့ လုပ်တော့ သွန်းထွေးက သူ့လက်ကို လှမ်းဆွဲထားကာ

'ဒေါ်ဒေါ် မဝတ်ပေးနဲ့. . သူ ဝတ်ပေးလိမ့်မယ်'

လို့ပြောတော့ မေရီက အဓိပ္ပာယ်ပါသောမျက်ဝန်းများဖြင့် ဂီတကို ကြည့်လာသည်။

'ခဏလေး. . ကိုယ် ပြန်လာမယ်'

'ဟင့်အင်း. . ဟင့်အင်း. .'

'အိုက်စ်ခရင်မ်'

ဂီတက နူးညံ့ပျော့ပြောင်းစွာ ပြောတော့ သွန်းထွေးက လက်သုံးချောင်းထောင်ပြသည်။

သူတို့ချင်းသာ သိသည့်အထာမို့

'သုံးခုစားမယ်ဆို အကျီလဲထားရမယ် ကြားလား'

သွန်းထွေးက နာခံစွာ ခေါင်းညိတ်ပြသည်။ မေရီ့အထင် မမှားဘူးဆိုရင် ဒီကောင်မလေးဟာ တစ်ခုခုတော့ ထူးနေပါသည်။





ဘာမှန်းတော့ သူလည်း အတိအကျမသိ။ လှတာတော့ အတော်လေးကို လှသည်။ ဂီတ သည်းမယ်ဆိုလည်း သည်းလောက်ပါရဲ့။

သွန်းထွေးနှင့်ဂီတ အလုပ်ရှုပ်နေသလို မွန်းချိုနှင့်သူ့အမေလည်း ရှင်းလေရှုပ်လေဖြစ်နေသည်။

'သား. . ရေခဲမုန့် စားကောင်းရဲ့လား. . အဲဒါနှယ်နှယ်ရရ မဟုတ်ဘူးနော်. . ၁. ၅ဒေါ်လာတောင် ပေးရတာ'

မွန်းချိုက ဘာမှပြန်မပြောရသေးခင် ကေသီက စပ်ဖြဲဖြဲ ရယ်ဖြင့်

'သုံးဇွန်းပဲ စားတာ. . တစ်ခါတည်း ပြောင်ရော'

'ဟုတ်လား. . သား'

'သူ စားတာမဟုတ်ဘူး. . ဟိုကောင်မလေး စားတာ'

'ဟဲ့. . ဘယ်က ကောင်မလေးကို ပြောတာလဲ'

'ဟိုအဆိုတော်နဲ့ပါလာတဲ့ တစ်ယောက်လေ'

'ငါက ငါ့သားလေး နို့နံ့မစင်သေးဘူးထင်နေတာ၊ ကောင်မလေးကို အမေဝယ်ကျွေးတဲ့ ရေခဲမုန့်နဲ့ မျက်နှာလုပ်တတ်နေပြီ ကြည့်စမ်း'

'ကေသီ. . နင်ချည်ထားတဲ့ ကြိုး. . နင် ပြန်ဖြည်နော်'



www.burmeseclassic.com

www.burmeseclassic.com



မွန်းချိုက အော်တော့မှ

'ဟုတ်တယ် အန်တီရဲ့ အစ်ကို ကျွေးတာ မဟုတ်ဘူး. . . သူက လုစားတာ'

ဒေါ်နန္ဒာချို မျက်လုံးပြူးသွားသည်။ ပါးစပ်မှလည်း

'ဟုတ္တေါ. . . ဒါမျိုးတွေလည်း ရှိတယ်. . '

'စားချင်နေတဲ့သူကို ကျွေးတော့ အမေ ကုသိုလ်ရတာပေါ့ ဗျာ'

သူတို့အနားသို့ ဂီတ ရောက်လာကာ

'မွန်းချို. . . အားလုံး ရယ်ဒီပဲ'

ဟုပြောသဖြင့် ဂီတနှင့်မွန်းချို တိုင်ပင်ပြီး ချစ်စရာကောင်းသောပုံရိပ်ကလေးများ ရအောင် ကြိုးစားကြသည်။

အမိကကတော့. . သွန်းထွေးကို တိုယ်လိုချင်သောပုံ ရဖို့ ဘယ်လိုဆွဲခေါ်ရမလဲဆိုတာပင်။

'ပြီးလောက်ပြီ ထင်တယ်. . ကေသီ သွားခေါ်လိုက်တော့'

မွန်းချိုသည် ခေါင်းလေး မော့တော့ မော့တော့ဖြင့် ဆတ်တောက် ဆတ်တောက်လေး လမ်းလျှောက်လာသော ကောင်မလေးကိုကြည့်ပြီး တဒင်္ဂတော့ အသက်ရှူဖို့ မေ့သွားတာ ဝန်ခံရမည်။

ဘာလို့ ဒီလောက်တောင် လှနေတာလဲ မိန်းကလေးရယ်။





ဆောင်းရာသီဖက်ရှင်ဖြင့် လှချင်တိုင်း လှနေတော့ ဘယ်[illegible]နဲ့ရိုက်ရမလဲဆိုတာ သူ့အတွေးထဲမှာ ဖျတ်ခနဲ ပွင့်သွားသည်မို့

'ကေသီရေ. . ရိုက်မယ်ဆိုတာနဲ့ နှင်းမှုန်လေးတွေ ကျဲချ[illegible]နော်'

'မွန်းချို. . ကျွန်တော်တို့ အဆင်ပြေရဲ့လား'

ခုံတန်းဖြူဖြူလေးပေါ်မှာ သွန်းထွေးက ထိုင်နေပြီး ဂီတက [illegible]ဘတ်မှာထိုင်ကာ ဂီတာတီးနေတဲ့ပုံလေး ဖြစ်သည်။

'ဂီတ. . ခင်ဗျားကတော့ OK ပါတယ်. . သူ့မျက်နှာမှာ [illegible]odတစ်ခုခု သွင်းပေးပါဦး'

မွေးပွဦးထုပ်အနီလေးက သူမလေးရဲ့ဆံနွယ်ခွေခွေလေး[illegible]နဲ့ လိုက်ဖက်လွန်းလှသလို အစိမ်းရောင်တောက်တောက်အင်္ကျီ[illegible]ပေါ်မှာ ပဝါရောင်စုံအစင်းလေး ပတ်ပြီး ချထားတာကလည်း [illegible]ဆန်နေပြန်သည်။

ကင်မရာကြီး ရှေ့ထားပြီး သွန်းထွေးကို စားမတတ် ဝါးမ[illegible]တ်ကြည့်နေသော သကောင့်သားကို ဂီတက သိပ်ပြီး ကြည့်မရ[illegible]င်တော့။

ထို့ကြောင့် သွန်းထွေးကို mood သွင်းပေးဖို့ ဆုံးဖြတ်လိုက်[illegible] မွန်းချိုကို လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ရယ်ဒီလုပ်ထားလေ. . သူ ပြုံးတာနဲ့ တန်းရိုက်မယ်'

ဂီတာတီးနေတဲ့ ပုံစံလေးနှင့်ပင် သွန်းထွေးအနားကို တိုးကပ်ပြီး ခပ်တိုးတိုးလေးဖြင့်

'သွန်းထွေး. . ဟိုဓာတ်ပုံဆရာ ဘောင်းဘီပေါက်နေတယ် တွေ့လား. .'

တွေ့ မတွေ့တော့ မသိချေ။ နုသွန်းထွေးက သဘောတော်ကျပြီး တဟားဟားဖြင့် ရယ်ပါတော့သည်။

ကင်မရာကလည်း တဖျတ်ဖျတ်ဖြင့် တစ်ပုံပြီးတစ်ပုံ ရိုက်နေသည်။ တစ်ခါ သွန်းထွေးက ရယ်နေရင်း သူ့လည်ပင်းကို သိုင်းဖက်လိုက်ပြီး သူ့ခေါင်းထက်မှာ သူ့မမေးစေ့လေး တင်လိုက်သည်။

နောက်တစ်ပုံကျတော့ သူ့ပဝါရှည်ကို သွန်းထွေးက လှမ်းဆွဲထားသည်။ ဘယ်သူမှ သင်ပေးစရာမလိုဘဲ သူမစိတ်ထဲရှိရာတွေ လုပ်ချသွားတော့ တကယ့်ကို naturalပုံတွေ ဖြစ်သွားသည်။

နှင်းမှုန်လေးတွေ ကျနေသည်။ လိုက်ဖက်ညီတဲ့ ကောင်လေးနဲ့ ကောင်မလေးတို့ ဂီတသံစဉ်နှင့်အတူ မြူးမြူးကြွကြွလေး ရယ်မောနေပုံက အသက်ဝင်လွန်းလှသည်။ ဒီပုံလေးတွေက ပေါက်မည့်ပုံဆိုတာ ရိုက်နေရင်းနဲ့ပင် မွန်းချို သိနေပါသည်။

*ဆောင်းညပြာသိုစာပေ*



'ဘယ်လိုလဲ. . OK ရဲ့လား'

ဂီတက လှမ်းမေးတော့

'ရပြီ. . သူ့ကိုနားခိုင်းလိုက်တော့. . ခင်ဗျား singleပုံတွေ ရိုက်ရအောင်. . အဝတ်အစားလဲလိုက်ပါဦး'

သူပြောလို့မှ မဆုံးသေး။ ဂီတက သွန်းထွေးရဲ့လက်ကလေးကိုဆွဲပြီး ထွက်သွားသည်။

မြင်ရတဲ့ မြင်ကွင်းက ရင်ထဲမှာ တစ်မျိုးကြီး. . နင်တယ် ပေါ့ဗျာ. . .

'သားလေး. . . မင်းရေခဲမုန့် လုစားတာ. . ဟိုကောင်မလေးလား. . ချစ်စရာလေးတော်. . အမေ သူ့ကို ချွေးမ တော်ချင်တယ်'

'ဟာဗျာ. . အမေက တစ်မျိုး'

ဆံပင်ဖွာဖွာကောက်ကောက်တွေကို ဒီအတိုင်းချထားပြီး ခုခေတ်စားနေသော ရယ်ဒီမိတ်အင်္ကျီပုံဆန်း ဝတ်ပြီး အရမ်းလန်းနေသော အမေက ဂီတတို့နှစ်ယောက်ကို ကြည့်ပြီး

'သူ. . သူတို့နှစ်ယောက်က ဘာတွေလဲ. . ပိုင်ရှင်ရှိပြီးသားကြီးလား. . အမယ်. . ကောင်လေးကလည်း အလှကြီးတော့၊ ဒါပေမယ့် ငါ့သားလေးလောက်တော့ မချောပါဘူး'

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'အမေ ဒီနေ့ ဘယ်မှမသွားဘူးလား'

'သွားရတာများလို့ ပျင်းလာပြီ. . သားပြောမှ သတိရလာ ခြန်ပါပြီ. . ဒီနေ့ အသစ်ဖွင့်တဲ့ Shopping Mall ကို သွားကြည့်ရင် ကောင်းမလားမသိဘူး'

'ကောင်းသားပဲ အမေရ. .'

ဒေါ်နန္ဒာချို ဝတ်ထားသည့် စကတ်မှာ ဒူးဖုံးရုံသာ ရှိပြီး ဇာအနက်ရောင်လေးတွေဖြင့် အောက်နား ပတ်ပတ်လည်ကို ပြန် ကွပ်ထားသည်။

ဂီတ အဝတ်အစားဝင်လဲနေတုန်း. . သွန်းထွေးက သူတို့ အနားရောက်လာကာ ဘာမပြော ညာမပြောဖြင့် ဒေါ်နန္ဒာချို၏ စကတ်တိုကို အောက်ငုံ့ပြီး ချောင်းကြည့်လေသည်။

'အမေ. . . အမေ. . အောက်. . အောက်မှာ. .'

မွန်းချို ပြတဲ့ နေရာကို ကြည့်ပြီး ဒေါ်နန္ဒာချိုက လန့်ပြီး အော်သည်။

'ဟဲ့. . ဘာ. . ဘာကြီးတုန်း'

'အဟီး. . အနီရောင်လေး'

စပ်ဖြဲဖြဲရုပ်ဖြင့် သွန်းထွေးက ပြန်တုန်းပြီး ထလာသည်။

ဒေါ်မိုးသူလည်း အစအဆုံးမြင်သွားပြီး ဒေါ်နန္ဒာချိုကို





နည်းတောင်းပန်ယူရသည်။

'ခွင့်လွှတ်ပါ အစ်မကြီးရယ်. . သူ. . သူကလေး. . ဒါ. . . နဲ့ဘူး'

သွန်းထွေး ခေါင်းကို လက်ညှိုးထိုးပြပြီး စိတ်မနှံ့ဘူးဟု ပြောနေစဉ် ဂီတရောက်လာပြီး ကြားသွားသည်။

'ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ. . စကားမဖွာ င်းပါနဲ့. . ဒီစကား ဒီမှာ နောက်ဆုံးဖြစ်ပါစေ၊ ကျွန်တော် မကြိုက် ဘူး'

ဒီလိုဒေါသတကြီးဖြင့် မာန်မဲပုံမျိုး. . ဂီတဆီမှာ တစ်ခါမှ တွေ့ဖူးလို့ ဒေါ်မိုးသူ အံ့ဩသွားသည်။

မွန်းချိုတို့သားအမိလည်း သွန်းထွေးအကြောင်း သိလိုက် ရလို့ သနားကရုဏာသက်သွားကြသည်။

ရုပ်ကလေးက ထိရက်စရာမရှိအောင် လှပါလျက်နဲ့. .

ဂီတ တစ်ယောက်တည်း ထပ်ရိုက်တဲ့ပုံတွေမှာတော့ မှုန် သာတေ ဂျစ်ကန်ကန်ဖြင့် ကောင်မလေးတွေ ခိုက်မည့် ဒီဇိုင်းမျိုး တွေသာ ဖြစ်သည်။

အရယ်အပြုံးမဲ့တဲ့ပုံတွေဟာ သူ့စိတ်မကြည်တာနှင့်လည်း ဆိုင်မည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံရိုက်ခြင်းကိစ္စ ပြီးဆုံးသွားတဲ့အခါ ဂီတက ဆက်ပင် မဆက်တော့ဘဲ ကောင်မလေး လက်ကို ဆွဲကာ ပြန်သွား သည်။

မင်းသမီးတွေ၊ မော်ဒယ်လ်တွေ အများကြီး မွန်းချို တွေ့ဖူးပါသည်။

သို့သော် သူ့နှလုံးသားက အေးစက်နေခဲ့သည်။

ဒီကောင်မလေးကိုတွေ့ခါမှ ပူနွေးလာတာ. . ဟာပြီး တုန် ခဲ့တာ. . သူပဲ သိသည်။

♦

*ဆောင်းညပြာသိုစာပေ*

## ခမ်းနားသော စီးရီးမိတ်ဆက်ပွဲ

အဖေ စီစဉ်ပေးသော စီးရီးမိတ်ဆက်ပွဲက အဲဒီလောက် ကြီး ခမ်းနားနေလိမ့်မည်ဟု ဂီတ မထင်ခဲ့ပါ။

ခန်းမကြီးတစ်ခုလုံးကို အနီရောင်နှင့် ရွှေရောင်တွေ ရော နှောတ်ကာ အလှဆင်ထားသည်။

ပန်းတွေကအစ အနီရောင်နှင့် အဝါရောင်ပန်းတွေချည်း ထိုးထားသည်၊ ဘောလုံးနှင့်ဖဲကြိုးတွေလည်း ထိုနည်း၎င်းပင်။

ခန်းမအဝင်မှာတော့ ဂီတာလွယ်ပြီး ခပ်မော့မော့လေးရပ် နေသော သူ့ဓာတ်ပုံအကြီးကြီး ထောင်ထားပြီး 'မိုင်ဂီတရဲ့ ရိုးမ ယ်တန် တေးစီးရီးမိတ်ဆက်ပွဲ'ဆိုင်းပုဒ်က ခမ်းနားစွာ နေရာယူ ထားလေသည်။

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဂီတရဲ့ဝိုင်းတော်သားများဖြစ်ကြသည့် ဖိုးကဲနှင့်စောသာ တို့ဝင် အပြင်အဆင်တွေကိုမြင်သွားပြီး ဖျားသွားကြသည်။

'မင်းဖားသားကြီးက ငါတို့ထင်ထားတာထက် ပိုပြီး ရူးသွပ် တယ်နော်. . . ထင်တောင် ထင်မထားဘူး၊ ဂီတ. . မင်း ရင်မခုန် ဘူးလား'

'နည်းနည်းပါ'

'မင်းကောင်မလေးရော. . လာမှာလား'

ဂီတနှင့်သွန်းထွေးတို့ရဲ့ ပုံရိပ်တွေက ဂျာနယ်ပေါင်းစုံမှာ ပလူပျံအောင် ပါနေသလို ဘေလ်ဘုတ်တွေကလည်း ရန်ကုန်နှင့် မန္တလေးမြို့ရှိ အထင်ကရနေရာများတွင် ချိတ်ထားပြီးပြီ။

မဂ္ဂဇင်းတွေမှာ ပါသလို. . ဂီတရဲ့ Face book မှာလည်း အားပေးသည့်ပရိသတ် များစွာတိုးနေပြီမို့ စီးရီးမထွက်ခင်ကတည်း က လူအများရဲ့စိတ်ဝင်စားမှုကို ရရှိနေပြီဖြစ်သည်။

နွံသွန်းထွေးကို သူ့ရဲ့ကောင်မလေးဟု ပြောတိုင်း ရင်ထဲ တွင် သိမ့်ခနဲ နွေးခနဲဖြစ်ဖြစ်သွားသည်။

'လာမှာပါ'

ဖိတ်ကြားထားသောဧည့်ပရိသတ်များ ခန်းမထဲသို့ တစ်ဖွဲဖွဲ ဝင်ရောက်လာကြသည်။

ဆောင်းညပြာသိစ္စာလေ



သတင်းယူဖို့ တက်ရောက်လာကြသည့် ဂျာနယ်တိုက် အသီးသီးမှ သတင်းထောက်များ နေရာယူထားပြီးချိန်အထိ ဂီတ သာစေချင်သော တစ်ယောက်သောသူက ရောက်မလာသေးချေ။

နေမျိုးက အားလုံးအသင့်ဖြစ်ရင် စင်ပေါ်တက်ဖို့ လာခေါ် နေပြီ၊ ဂီတက အချက်ပြလိုက်သည်နှင့် သူတို့ရဲ့ Extra.5အဖွဲ့သား များဖြစ်ကြသည့် ဖိုးကဲ၊ စောသာ၊ မိုးထွန်းနှင့် သူရတို့ စင်ပေါ်တက် သွားကြသည်။

မိုင်ဂီတလို့ခေါ်တဲ့ သူကတော့ လည်တဆန့်ဆန့်ဖြင့် မျှော် ဆင့်နေမိဆဲပင်. . .

ဒီပွဲဟာ သူ live ဆိုပြမည့်ပွဲမို့ သွန်းထွေးကို နားထောင်စေ ချင်သည်၊ မျက်လုံးတွေမှိတ်ပြီး အာရုံတွေကို စုစည်းလိုက်သည်၊ စိတ်တွေ နည်းနည်းတည်ငြိမ်လာသည်။

'သား. . အန်ကယ်တို့ နည်းနည်းနောက်ကျသွားတယ်'

အန်ကယ်စိုးရဲ့အသံကြားလို့. . သူ့မျက်လုံးတွေ ဖွင့်လိုက် တော့ အဖြူရောင်ဝမ်းဆက်လေးဖြင့် လှချင်တိုင်းလှနေသော သွန်း ထွေးလေးကို တွေ့ရသည်။

'သွန်းထွေး. . ကိုယ် သီချင်းဆိုပြမယ်. . နားထောင်မယ် တော့တ်လား'

ဆောင်းညပြာသိစ္စာလေ

www.burmeseclassic.com

www.burmeseclassic.com



သွန်းထွေးက ခေါင်းညိတ်ပြသည်။ ထိုအခိုက် ကင်မရာ

တွေ လင်းပြီး တဖျတ်ဖျတ်ရိုက်ယူနေတာ သိလိုက်ရသည်။

သွန်းထွေးက သူ့ရဲ့ model ကောင်မလေးပဲ မဟုတ်လာ

ဖိုးကဲက စင်ပေါ်မှ သူ့ကို ခေါ်နေလေပြီ. .

'ကျွန်တော်တို့ Extra-5 မှာ တစ်ယောက်လိုနေပါတယ်

သူကတော့. . .'

'မိုင်ဂီတ'ဟု အောက်မှ ဝိုင်းအော်ကြသည်။ ဂီတက သွန်

ထွေးကို ရွှန်းရွှန်းစားစားစိုက်ကြည့်ပြီး တစ်ချက်ပြုံးကာ စင်ပေါ်သို့

ပြေးတက်လာခဲ့သည်။

သူ့ရဲ့အားဆေးလေး ရောက်လာပြီမို့ ကျန်တာတွေ အေ

ဆေးဖြစ်သွားပြီလေ. .

'မင်္ဂလာပါ. . မိုင်ဂီတ ဖြစ်ပါတယ်'

ပရိသတ်များကို ဦးညွှတ်ပြီး မိတ်ဆက်ကာ သွားတက်လေး

တစ်ဖက်ပေါ်အောင် ပြုံးလိုက်ရုံဖြင့် လက်ခုပ်သံများ ညံသွားသည်

ဂီတက သူ့ရဲ့ဖက်ရှင်လိုဖြစ်နေသည့် underအရှည်ပေါ်

တွင် ကုတ်အရှည်ကို ထပ်ဝတ်ပြီး ဂုတ်ဝဲဆံပင်လေးကို အနောက်မှာ

ပိုနီတေးလေး ချည်ထားပြီး နားကပ်တစ်ဖက် ပန်ထားလေသည်

ဆွဲကြိုးအနက်ရောင်၊ လက်ဆယ်ချောင်းလုံးမှာ လက်စွပ်





တွေ ဝတ်ထားပြီး လက်နှစ်ဖက်မှာ လက်ပတ်တွေ ပတ်ထားသေး

သည်။

Extra-5 မှ မြူးကြွသောတီးလုံးသံများ ထွက်လာသည်။

ထိုနောက်မှာတော့ ဂီတရဲ့ချိုမြသော၊ ဩရှပြီးနက်သော၊ ဆွဲဆောင်

မှုရှိပြီး ပီသသော သီချင်းသံလေးကို ကြားရလေပြီ။

♫ ဟယ်လို×××မင်းကြားရဲ့လား×××လွမ်းတယ်အရမ်းပဲ×××

ပြန်လာခဲ့မယ်×××ဒဏ်ရာများက ကိုယ့်ရင်မှာ×××

ဟိုအရင်အတိတ်က×××အတူထိုင်ခဲ့ဖူးတဲ့×××

ရေစပ်က ခုံတန်းလေးမှာ×××

ကျေးဇူးပြု၍ စောင့်နေပေးပါ×××

ချစ်တယ်×××မင်းလေးကိုပဲ×××

အမြဲတမ်း လန်းဆန်းနေမယ့် ကိုယ့်ရဲ့ချစ်ခြင်းတွေ×××

အမှတ်တရအဖြစ်နဲ့ ဖြစ်တည်နေ×××

ကိုယ့်ရဲ့ဝခုံးတစ်ဖက်ဟာ မင်းလေးမိဖို့×××

ဒီနေ့အထိ အဆင်သင့်ပဲ×××

ကိုယ်နဲ့မင်း×××နှစ်ယောက်မှာ××ဘယ်သူ ပိုပြီးချစ်မယ်ထင်လဲ

(Love You)$^2$ ♫



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံလေးမှာ အာရုံဝင်စားနေသော ကောင်မလေးကို ခွန်းချို ငေးကြည့်နေမိသည်။

သူ့ကို ဒီပွဲမှာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပေးဖို့ အန်ကယ်ဦးမြတ်ထွန်းက တာဝန်ပေးထားသည်။

သွန်းထွေးရဲ့ပုံ. . တော်တော်များများကို သူ ရိုက်ယူထားလိုက်သည်။

ယောကျ်ားပီပီသသ၊ မနာလိုစိတ်ကင်းကင်းဖြင့် ပြောကြေးဆိုလျှင် မိုင်ဂီတ ဂျိန်းသေအောင်မြင်လိမ့်မည်ဟု သူ အတပ်ပြောရဲသည်။

သံစဉ်တွေက ဆွဲဆောင်မှုရှိသလို. . သူ့ရဲ့ပင်ကိုအသံကလည်း ဆွဲအားပြင်းသည်။ ဆိုပေါက်လည်း မိုက်သလို ရုပ်ကလည်း ဖီလင်အပြည့်ဖြင့် ကြွေအောင် ပြုစားနိုင်တာမို့ ခုပဲကြည့်လေ. . . ကောင်မလေးတွေ တက်ပေးထားတဲ့ ပန်းစည်းတွေ. . လက်ဆောင်တွေ အများကြီးရထားပြီးပြီ။

'ကျွန်တော် နောက်တစ်ပုဒ်ဆိုပြမယ့်သီချင်းက ဒီစီးရီးရဲ့ title လေးဖြစ်တဲ့ ရိုးမလေးတန် ဖြစ်ပါတယ်'

လက်ခုပ်သံတွေ ညံသွားသည်။ Discoမီးရောင်စုံတွေကြားမှာ အင်မတန်မှသက်ဝင်ပြီးဆွဲဆောင်မှုရှိတဲ့ ဂီတရဲ့မျက်နှာလေးနှင့်





ခေါင်းလေး ငုံ့စောင်းကာ mood သွင်းပြီး သီချင်းဆိုပုံလေးက ကောင်မလေးတွေအတွက် အိပ်မက်ပေးသလို ဖြစ်နေသည်။

♫ နား xxx နာ xxx နား xxx နာ xxx
မိုင်ထောင်ချီဝေးတဲ့ အရပ်ဆီမှာxxx
ကြီးပြင်းရှင်သန်ခဲ့လည်း xxx
တစ်နေ့နေ့ရောက်ရင် ပြန်မယ့်နေရာကxxx
ရိုးမလေးတန်နဲ့ မြစ်လေးတန်ရှိတဲ့ xxx
ကိုယ်ချစ်တဲ့ မြန်မာပြည်ပဲလေxxx
အရမ်းလည်း ဂုဏ်ယူမိတယ်xxx
ချစ်စရာကောင်းတဲ့ မြန်မာမလေးကိုxxx
တွေ့တဲ့ခဏမှာxxx
နားxxxနာxxxနားxxxနာ ♫

ဂီတက ဆက်မဆိုတော့ဘဲ တီးလုံးသံတွေကြားမှာ စကားပြောလေးနဲ့ ဝင်လိုက်သည်။

(ဘာရိုးမလဲလို့ မေးရင် တနင်္သာရီ၊ ရှမ်း၊ ပဲခူးနဲ့ ရခိုင်ရိုးမတို့ဖြစ်ပါတယ်xxxရိုးမလေးတန် လို့ အမည်ပေးထားတဲ့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့စီးရီးဟာ မြန်မာပြည်ကို ကိုယ်စားပြုပါတယ်×××ကျွန်တော့်
အားပေးကြဖို့ မျှော်လင့်ပါတယ် ခင်ဗျာ×××)

လက်ခုပ်သံတွေ ညံသွားပြန်သည်။ ဂီတက သီချင်း
ဆက်ဆိုလိုက်သည်။

♫ မြန်မာမလေးကို ရင်ထဲက အချစ်တွေ ပြဖို့
မြန်မာစကားလေး×××မြန်မာစကားလေး
နှစ်လုံးတည်း သုံးချင်တယ် ×××××× ♫

သူက သံရှည်ဆွဲအပြီးမှာ 'ချစ်တယ်'လို့ ဆိုပြီး တုံးတိဖြ
ချလိုက်သည်။

စင်အောက်မှကောင်မလေးတစ်ယောက် မွေးပွရုပ်အ
ကြီးကိုင်ပြီး ဂီတဆီ ပြေးတက်သွားသည်။

သွန်းထွေးက ဒါကို မြင်ဖြစ်အောင် မြင်သွားသည်။

Pooh ရုပ်အကြီးကြီးကို သွန်းထွေး လိုချင်နေတာ ကြ
လှပြီ၊ လေးစိုးက ကပ်စေးနည်းပြီး ဝယ်မပေးတာ. . ဟွန်း. .
ဝယ်မပေးလည်း ဘာအရေးလဲ. . . ဟိုအဆိုတော်ဆီမှာ တက်
လိုက်ရုံပေါ့။

*ဆောင်းညပြာသိစာလေ*



သွန်းထွေးသည် ခပ်တည်တည်ဖြင့် စင်ပေါ်သို့ တက်ချ
သွားသည်။

ဂီတရဲ့အဖွဲ့သားတွေအားလုံး မျက်လုံးပြူးသွားကြသည်။
နသွန်းထွေးတို့ ဘာများပြဿနာရှာပြန်ပြီလဲ မသိဘူး. .

သီချင်းဆိုနေတဲ့ သူ့နောက်မှာ ခပ်ရှိုရှိုကလေး လာရပ်
တတည်းက တစ်ခုခုပဲဆိုတာ သူသိလိုက်သည်။

ဘာမှမသိတဲ့ သတင်းလာယူသူတွေကတော့ ကြော်ငြာထဲ
မှာ တွေ့ထားတဲ့ သူတို့နှစ်ယောက်ကို ဓာတ်ပုံတွေ တဖျတ်ဖျတ်ရိုက်
နေကြသည်။နှသွန်းထွေးကို သူ့ရဲ့ကောင်မလေးလို့ထင်နေပုံရသည်။

သွန်းထွေးရဲ့မျက်လုံးတွေက သူ့ဆီမှာမရှိဘဲ ဘေးနားမှာ
ချထားတဲ့ Pooh ရုပ်ကြီးဆီမှာသာ. .

ဂီတာ တီးနေရတော့ လက်မအားသဖြင့် အရုပ်ကို ဘေး
နားမှာ ခဏချထားခြင်းဖြစ်ရာ သွန်းထွေး ဘာလို့တက်လာသလဲဆို
တာ သူချက်ချင်းသိလိုက်သည်။

ဂီတသည် သီချင်းဆိုရင်း သွန်းထွေးနှင့်နီးကပ်စွာ မျက်နှာ
ချင်းဆိုင် ရပ်လိုက်သည်။

ထိုမြင်ကွင်းကို ကြည့်ပြီး heart rate တွေ မြန်နေသူက
နှင်းချိုပင်. . . ။

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းလင်းလင်းကြီး လပ်ဖ်ဆင်းရိုက်နေသလား ထင်မိလေသည်။ ဒီအဆိုတော်က ဘာကောင်လဲ. . စိတ်မနှံ့တဲ့ ကောင်မလေးကိုမှ ပြုစားပြီး ကစားနေတာလား. .

ဂီတက သွန်းထွေးကို နှစ်ကိုယ်ကြားရုံ လေသံဖြင့် ကပ်ပြီး ပြောလိုက်သည်။

'အတူတူလိုက်ကရင် ဒီအရုပ်ကြီး ပေးမယ်'

သွန်းထွေးက ဝမ်းသာမျက်ဝန်းဖြင့် ခေါင်းလေး ဆတ်ဆတ် ညိတ်ပြသည်။ ဂီတက သွန်းထွေးလက်ကလေးကို ဆွဲပြီး လှပစွာ စည်းချက်ညီစွာ ကပြလေသည်။

လက်ခုပ်သံတွေ ပိုပြီး ကျယ်လာသည်။ မှတ်ချက်ပြုသံတွေ ထွက်လာကြသည်။

'သူတို့နှစ်ယောက်က သိပ်လိုက်တာပဲဟယ်. . ရုပ်ရှင်ထဲ ကားလောက် အတူတွဲရိုက်ဖို့ ကောင်းတယ်'

'အေးလေ အခွေမထွက်ခင်ကတည်းက သူတို့နှစ်ယောက် ပုံကြည့်ပြီး စိတ်ဝင်စားနေတာ'

သွန်းထွေးက ဂီတနှင့်အပေးအယူမျှနေသည်။

သားနဲ့ လိုက်ဖက်ညီလှတဲ့ ကောင်မလေးကို ကြည့်ပြီး. . ဦးမြတ်ထွန်း ကျေနပ်နေသည်။

ဆောင်းညပြာသိုစာလေ



နေစိုးတူမလေးက ဒီလိုကျတော့လည်း ဘယ်ဆိုးလို့တုန်း။ ဆိုးနေတာက A. မွန်းချို။

ကြည့်ရင်း ကြည့်ရင်းနဲ့ နားထင်မှာ သွေးတွေ ဆောင့်ပြီး တိုးလာသည်။ သူ့စိတ်ထဲရှိသလို လျှောက်လုပ်တတ်သည့် ကောင်မလေးကို အသည်းတွေ ယားလာသည်။

ဟုတ်တယ်. . ကိုယ်က သူ့အကြောင်းသိနေလို့. . မသိတဲ့ သူတွေဆို တစ်မျိုးတွေ ထင်ကုန်ကြပြီလေ. .

ဘာပဲပြောပြော ထိုနေ့က မိုင်ဂီတ ဆိုသောကောင်သည် မိတ်ဆက်ပွဲမှာတင် အောင်မြင်မှုတွေ တစ်ပွေ့တစ်ပိုက်ကြီး ရသွားခဲ့လေပြီ။

◆

ဆောင်းညပြာသိုစာလေ

www.burmeseclassic.com

www.burmeseclassic.com

# [illegible]

နာနတ်တောလမ်းရှိ 'ရွှေကောင်းဟော့ပေါ့'တွင် ဂီတတို့ အုပ်စု ဆုံဖြစ်ကြသည်။

ဘီယာသောက်ရင်း ပြည်ကြီးငါးကင်တစ်ဖတ်ကို ယူစား ကာ စောသာက မိတ်ဆက်ပွဲနေ့ကအကြောင်းကို ပြန်စလာသည်။

'ဟော့ကောင်. . အဲဒီနေ့က သွန်းထွေးကို မင်း. . ဘယ်လို စည်းရုံးလိုက်သလဲ. . မှန်မှန်ပြော'

ဂီတက ဟော့ပေါ့အိုးထဲမှ သူကြိုက်သော လက်ဖက်ငုံး လေးများကို ဆယ်ရင်း ပြုံးနေသည်။

ဖိုးကဲကလည်း ဝင်ထောက်သည်။

'ဟုတ်တယ်. . သူတက်လာတော့ ငါတောင် ကြောင်သွား





တယ်. . မင်းနဲ့တွဲကဖို့တော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး အကြောင်း တစ်ခုခုတော့ရှိရမယ်၊ အဲဒါ မင်းပြောပြ. . ဒါပဲ'

မပြောလေ သိချင်လေ ဆိုတာ လူ့သဘာဝ ထင်သည်။ ဂီတက ခွက်ထဲမှလက်ကျန်ဘီယာကို မော့သောက်လိုက်ပြီး လည် ချောင်းတစ်ချက်ရှင်းကာ

'ငါပြောပြရင် ဒီဝိုင်းဖိုး မင်းတို့ ရှင်းမလား'

'အောင်မာ. . အောင်မာ. . . ခွေးပါးစပ်က နတ်စကား ထွက်တယ်ဆိုတာ ဒါမျိုးပဲနေမှာ'

'ဘာမှမဆိုင်ဘူးကွ။ မကြာခင် နာမည်ကြီးအဆိုတော်ဖြစ် မယ့်သူကများ တွက်ကပ်နေရသေး'

ထိုစဉ် ကောင်မလေးတစ်အုပ်စု ဝင်လာပြီး ဂီတကို တွေ့ ကာ သူတို့ချင်း တီးတိုး၊ တီးတိုးတွေလုပ်ကာ သူတို့ဝိုင်းနား ရောက် လာကြသည်။

'မိုင်ဂီတ. . မဟုတ်လားဟင်'

အံ့ဩစွာ ဝမ်းသာစွာဖြင့် ဝိုင်းပြီး မေးလာကြသည်။

ဂီတအစား ကျန်သည့်လေးယောက်က

'ဟုတ်တယ်. . သူက မိုင်ဂီတ၊ ကျွန်တော်တို့က သူ့ရဲ့ဝိုင်း က ဖိုးကဲ၊ စောသာ၊ မိုးထွန်းနဲ့သူရပါ. . ဟဲ ဟဲ'



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာသူတို့ ဝင်ပြီးမိတ်ဆက်ပေမယ့် ဟိုမချောတွေက ဗီထဆီမှ မျက်လုံးမခွာတော့. . .

'အရမ်းချောတာပဲ. . ရှင်းတို့က သူ့ကို ကြော်ငြာတွေ့ကတည်းက အားပေးနေတာနော်. . လက်မှတ်လေး ထိုးပေးပါဦး'

စာအုပ်မပါ ဘာမပါဖြင့် ဘယ်နားမှာ ထိုးရမလဲဟု ဂီတ စဉ်းစားနေသည်။

'ဘယ်မှာ ထိုးရမလဲ'

ကောင်မလေးတစ်ယောက်က နောက်ကျောလှည့်ပေးကာ ဆံပင်များကိုသိမ်းရင်း သူမလည်ဂုတ်ပေါ်မှာ ထိုးခိုင်းသည်။

နောက်တစ်ယောက်ကလည်း အားကျမခံ လည်ဟိုက်ရင်ဘတ်ပေါ်မှာ လက်မှတ်ထိုးခိုင်းလာသည်။

ရက်ရောနေလိုက်ကြတာ. . . ခေတ်ကာလမိန်းကလေးတွေများ. . .

'မိုင်ဂီတ. . အိုး. . လှလိုက်တဲ့ လက်မှတ်လေး. . Thank You ဂီတ၊ ဒီဝိုင်းအတွက် ရှင်းတို့ ရှင်းသွားပြီနော်'

ဂီတက သူတို့လေးယောက်ကို ဘယ်လိုလဲဟူသည့် သဘောဖြင့် မျက်ခုံးပင့်ရင်း ရယ်နေပြန်သည်။

'သူများသားသမီးတွေ စန်းထချက်က အံ့မခန်းပါပဲ. . .

ဆောင်းညပြာသိစာလေ



ဒီလိုလက်မှတ်မျိုးတော့ ငါတို့လည်း ထိုးတတ်တာပဲ. . . ငါတို့ လေးယောက်ကျတော့ သူတို့မျက်လုံးထဲမှာ မမြင်ကြဘူး'

ဂီတက ဟော့ပေါ့အိုးထဲမှဝက်အူတစ်ဖတ်ကိုယူငုံးပြီး ခုနက ကိစ္စကို မေ့ချင်ယောင်ဆောင်နေလိုက်သည်။ ဟိုကောင်တွေကလည်း လိန်ဖယ်လိန်ဖယ်ဖြင့် နောက်ဆုံးတော့ ဒီဘူတာပဲ ပြန်ဆိုက်လာသည်။

'ဟား. . . ဟား. . . မေ့ချင်ယောင်ဆောင်မနေနဲ့ ဟော့ကောင်. . နုသွန်းထွေးကိစ္စကို ရှင်းဦး'

'အဲဒီနေ့က ငါ သူ့ကို ကာကွယ်လိုက်တာလေကွာ ဘာဖြစ်သေးလဲ'

သူက ခပ်အေးအေးပင် ဖြေလေသည်။ သို့သော် သွန်းထွေးအကြောင်းပြောလျှင်တော့ သူ့မျက်လုံးတွေက အမြဲလေးနက်နေသည်။ မိုးထွန်းက

'မင်း သူ့ကို အတည်လား ဂီတ'

'ငါ့စိတ်ထဲမှာ သူ့လုပ်ရပ်အတွက် ဥပမာကွာ. . သူတစ်ခုခုမှားသွားခဲ့ရင်. . သူများတွေ ဟားတိုက်မှာ လှောင်စရာဖြစ်သွားမှာ ဘယ်လိုမှ လက်မခံနိုင်ဘူးကွ. . ဒါကြောင့် ငါ သူနဲ့ တွဲပြီး ကာကွယ်တာ'

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



ထင်သားပဲ။ ဂီတ သီချင်းဆိုရင် ကိုယ်တိုင် ဂီတာတီးပြီး ဆိုရမှ အားရတဲ့သူ။ Performanceတွေကို ဒီကောင်က သိပ်ပြီး စိတ်မဝင်စားတတ်။

သူရက ဂီတကို ကရုဏာသက်စွာကြည့်ပြီး

'အေးလေ သူ့ခမျာ ဘဝပေးကုသိုလ်ကံကြောင့်သာ ဒီလို ဖြစ်နေရှာတာ သနားစရာပါကွာ . . မင်းဘက်က သူ့ကို အသည်း အသန်ဖြစ်နေမှတော့ သူ့စိတ် အမြန်ဆုံးကျန်းမာလာပါစေလို့ ဆုတောင်းပါတယ်ကွာ'

'ကျေးဇူးပဲ သူရ . . ငါ့ကို နားလည်ပေးတဲ့အတွက်'

'မင်း သူ့ကို ဘယ်အချိန်ကစပြီး ချစ်သွားတာလဲ'

'စတွေ့တဲ့နေ့က'

'ဟေ'

'ဟုတ်တယ် . . သူတစ်ယောက်တည်း သူ့အဖေ အမေ ပြောနေသလို အသံတွေအမျိုးမျိုးလုပ်ပြီး စကားပြောနေတာတွေ့ တော့ ငါ တော်တော်ရင်နာသွားတယ် . . အရမ်းလည်း သနားသွား တယ်ကွာ . . အဲဒီအချိန်မှာဖြစ်သွားတဲ့ ငါ့စိတ်က သူ့ကို တစ်သက် လုံးစောင့်ရှောက်သွားချင်တာ'

ဂီတဆီမှ ပွင့်ပွင့်လင်းလင်းရင်ဖွင့်သံကို ကြားပြီးနောက်





အားလုံး တစ်သားတည်းဖြစ်သွားကြသည်။ သူတို့၏စကားဝိုင်းသည် နယ် promotion ဆင်းဖို့ ကိစ္စဆီ ဦးတည်သွားကြသည်။

ဂီတက

'အဖေက အထက်မြန်မာပြည်ကို promotionထွက်ဖို့ စီ စဉ်ထားတယ်။ အဲဒါ လာမယ့်အပတ်ထဲမှာပဲ မင်းတို့ ကိစ္စရှိတာတွေ ဖြတ်ထားလို့ရအောင် ပြောတာ'

'အောင်မာ . . ငါတို့က ရွှက်လွှင့်နေတဲ့ကောင်တွေ၊ မင်း သာ ဖြတ်ရခက်မှာ မြင်ယောင်သေး'

'အေးကွာ . . တွေးလိုက်တာနဲ့တင် ရေလည်ကြွေတယ်၊ ဆယ်ရက်လောက်တောင် ခွဲရမှာ'

'အဖြစ်သည်းပါ့ကွာ မင်းသီချင်းရော ဆိုနိုင်ပါ့ဦးမလား တင်'

ဂီတရင်ထဲတွင် တကယ်ပင် ဟာသွားပါသည်။ သူ ခရီး ထွက်နေတဲ့ဆယ်ရက်အတွင်းမှာ သွန်းထွေးလေးကို ဆေးဘယ်သူ တိုက်မှာလဲ။ ဘယ်လိုတိုက်ကြမှာလဲ။

သူသွားမည့်နေရာတွေထဲမှာ သွန်းထွေး အရမ်းသွားချင် နေသည့် ပြင်ဦးလွင်လည်း ပါနေတာမို့ ပိုပြီးသတိရသွားသည်။

တိုက်ဆိုင်မှုတွေ ကြုံလာတိုင်း အမှတ်တရဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက နှောင်ဖွဲ့မထားပေမယ့် နွယ်ငင်ထားနိုင်စွမ်းတော့ ရှိသည်။

အရမ်းလွမ်းတယ် နုသွန်းထွေးရာ. .

ဒီတစ်ရက် နှစ်ရက်အတွင်းမှာ အလုပ်တွေရှုပ်နေသဖြင့် သွန်းထွေးဆီ သူ မရောက်ဖြစ်ပေ။

စားသောက်ဆိုင်မှ အပြန်လမ်းမှာတော့ သတိရစိတ်ဖြင့် သူ့ကားက သွန်းထွေးရှိရာအရပ်ဆီ ဦးတည်နေပါတော့သည်။

ည ဆယ်နာရီ ထိုးနေပြီ ဖြစ်ပေမယ့်. . သွားသင့် မသွားသင့်လည်း စဉ်းစားမနေနိုင်တော့. . တွေ့ချင်စိတ်က ရှေ့ရောက်နေပြီလေ။

ခြံရှေ့မှာ ကားရပ်ပြီး ဟွန်းတီးတော့ ဦးနေစိုးကိုယ်တိုင် တံခါးလာဖွင့်ပေးသည်။

'ဟာ. . ညကြီးမိုးချုပ် မလာစဖူးပါလား မောင်ဂီတ'

'ဟုတ်တယ် အန်ကယ်. . သွန်းထွေးနေကောင်းရဲ့လားလို့ လာကြည့်တာ'

'မင်း မလာတဲ့ နှစ်ရက်မှာ ဂျီကျပြီး ဂျစ်တိုက်သေးတယ်လေ. . ခုနကမှ အိပ်ပျော်သွားတာ'

သွန်းထွေးအိပ်ပျော်နေတဲ့ ပုံလေးကို သွားထိုင်ပြီး ကြည့်





ချင်သေးသည်။ လူကြီးရှေ့မှာမို့ မသင့်တော်သဖြင့် ကိုယ့်စိတ်ကိုယ် မနည်း ဘရိတ်အုပ်လိုက်ရသည်။

'အန်ကယ်ရော. . မအိပ်သေးဘူးလား'

'မအိပ်သေးဘူး. . အန်ကယ် ဒီည ချန်ပီယံလိဂ်ကြည့်မလို့ စောင့်နေတာ'

'အန်ကယ်က ဘယ်အသင်းကိုကြိုက်လဲ'

'ဘာစီပေါ့ကွာ. . မင်းရော'

'အန်ကယ်နဲ့ အကြိုက်ချင်းတူနေပြီဗျ. . ကျွန်တော်လည်း ဘာစီပဲ အားပေးမှာ မက်ဆီပရိသတ်လေ ဟဲ ဟဲ'

ဦးနေစိုးနှင့်စကားတွေပြောပြီး အတော်ညည့်နက်မှ သူပြန်လာခဲ့သည်။ အိမ်ရောက်တော့ အဖေတောင်အိပ်ပျော်နေပြီ။

မနက်ဖြန်ကျရင် သွန်းထွေးဆီ သွားပြီး အလွမ်းဖြေရဦးမည်မို့ အင်္ကျီပင်မလဲဘဲ အိပ်ရာပေါ်ပစ်လှဲချပြီး အိပ်ပစ်လိုက်တော့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com

# တောင်းဆုတွေ ပြည့်တဲ့နေ့

Aမွန်းချိုသည် နုသွန်းထွေး၏ခေါတ်ပုံကို ပုံကြီးချဲ့ပြီး မြတ်
နိုးစိတ်ဖြင့် အကြာကြီး စိုက်ကြည့်နေမိသည်။

သွန်းထွေး၏ပါးပေါ်မှ မှဲ့ကလေးကိုလည်း သဘောတ
သည်။ ချစ်စရာကောင်းအောင် ဘာလို့ရယ်နေရတာလဲကွာ. .

စိုရဲနေတဲ့ နှုတ်ခမ်းလေးကလည်း ရင်ဖိုချင်စရာ. . ကော်
မသောက်ဘဲနဲ့တောင် ရင်ထဲတွေ တုန်နေပြီ။

စိတ်ကူးထဲမှာ လက်ဆောင်ပေးချင်နေသော ထိုပုံလေးကို
ပါကင်လှလှလေးဖြင့် ထုပ်ပိုးပြီး အကျီလဲကာ ကားပေါ်သို့ တတ်
မည်ပြုစဉ်

'ဟဲ့ သား. . ဒါက ဘယ်လဲ'





ဒေါ်နန္ဒာချိုက သူ့လက်ထဲမှခေါတ်ပုံကြီးကို ကြည့်ပြီး စူး
စမ်းသလိုမေးလာသည်။

ဒီနေ့ ကဲတစ်ပါးကျိုးပြီဆိုတာ ကိုယ့်ဘာသာသိလိုက်သည်။

'ဟိုလေ. . သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့သွားမလို့'

'ဒါက ဘာကြီးလဲ'

'သူ့ခေါတ်ပုံပါ. . လက်ဆောင်ပေးမလို့'

'မဟုတ်မှလွဲရော သူငယ်ချင်းက girl friendမဟုတ်လား'

'အထက်တန်းတုန်းက classmate ပါ အမေ'

'ကားလည်း သတိထားမောင်းဦးနော် သား'

'အပြန်ကျရင် ဘာဝယ်ခဲ့ရမလဲ အမေ'

'77က cheese cake ဝယ်ခဲ့ သား'

'ဟုတ်ပြီ'

အမေ့ကို လက်ပြနှုတ်ဆက်ပြီး ကားမောင်းထွက်လာချိန်
အထိ သူ့စိတ်တွေက ဝေခွဲမရဖြစ်နေဆဲပင်. . . ကောင်မလေးကို
သတိရလွန်းလို့သာ အရဲစွန့်ပြီး ထွက်လာခဲ့ရသည်။

မိုင်ဂီတကို မမေးရဲလို့ (ကြောက်လို့မဟုတ်ပါ သွန်းထွေး
တို့ သူတွန့်တိုနေတာ သိလို့) သူ့အဖေအန်ကယ်မြတ်ထွန်းဆီ ဖုန်း
ဆက်ပြီး သွန်းထွေးလိပ်စာကို တောင်းထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှစ်မိုင်မှာ နေတဲ့ သွန်းထွေးက သူတို့အိမ်နဲ့ သိပ်မဝေးလှ။ တကယ်လို့ ရွှေပေါက်ကံမြို့သစ်မှာနေလည်း သူက ရောက်အောင်သွားမည်ပင်။

စိတ်ရဲ့စေခိုင်းရာနောက်ကို မလွဲမသွေ လိုက်လုပ်မိတာ ဒါ ပထမဆုံးပဲ. . .

ထူးထူးဆန်းဆန်းတွေ ခံစားနေရပြီး နေညိုလာရင် လွမ်းသလိုဆွေးသလိုနဲ့ မျက်ဝန်းထဲမှာလည်း သူ့ပုံရိပ်တွေပဲ မြင်နေသည်။

ရွှေ FM မှလွှင့်နေသော အောင်လရဲ့သီချင်းလေးကို လိုက်ဆိုရင်း လှုပ်ရှားနေသောစိတ်တို့ကို ထိန်းထားရသည်။

♫ ဘယ်သူမှမလိုပါဘူး×××ငါ့ရဲ့နံဘေးမှာ×××
မင်း ရှိနေရင် ပြီးပြည့်စုံတဲ့ ဘဝပါ××× ♫

အောင်လ ဆိုတဲ့ စာသားလေးလိုပဲ. . ကိုယ့်ရဲ့နံဘေးမှာ မင်းရှိနေရင် ပြီးပြည့်စုံပြီ ထင်ပါရဲ့ ကောင်မလေးရယ်. .

အချိန်က ညနေ ငါးနာရီခွဲနေပြီမို့ နေရောင်တွေတောင် ဖျော့လာပြီ။ အိမ်ကိုပြန်ကြမယ့်လူတွေ ကားဂိတ်မှာ စည်ကားနေသည်။

*ဆောင်းညပြာသီစာလေ*



မျက်မှန်ကြားမှ တိုးဝင်လာသော လေပြည်နုလေးတွေကြောင့် သူ့စိတ်တွေ ပိုပြီး ရှင်းလင်းလာသည်။

သွန်းထွေးလေးရှိတဲ့ လမ်းနဲ့ နီးလာပြီဆိုတော့. . သူ့အိမ်ရောက်ရင် ဘယ်က ဘယ်လို စပြီး ပြောရမလဲဆိုတာ ခေါင်းထဲမှာ စီကြည့်လိုက်သည်။

'ဒီမာတ်ပုံလေး. . နုသွန်းထွေးကို ပေးပေးပါ အန်ကယ်'

သူ့ဦးလေးနဲ့ တွေ့ရင် ဒီလို ဒဲ့ပြောလို့ ကောင်းပါ့မလား။ တကယ်လို့များ သွန်းထွေးနဲ့တွေ့ခဲ့ရင်. .

'ဒါ. . မင်းအတွက် ကိုယ့်ရဲ့ present'

လို့ ပြောရမလား။ သူ့စိတ်ကလည်း အစိုးမရတော့ အော်အော်ပြီးရယ်နေမှ ဒုက္ခ။

ဩော်. . Aမွန်းချို. . မင်းက စိတ်ကျွန်းမာရေးချို့တဲ့နေတဲ့ ကောင်မလေးကိုမှ သွားပြီး စိတ်ဝင်စားမိတာကိုး. . အဲဒီတော့လည်း ခံလိုက်ဦးပေါ့ကွာ. .

သူ့အတွေးနဲ့သူ အစီအစဉ်တွေကျနေပေမယ့် ထိုးရပ်လာတဲ့ ဘတ်စ်ကားတစ်စီးပေါ် တက်ဖို့ ပြင်နေတဲ့ ကောင်မလေးတစ်ယောက်ကို အတွေ့မှာတော့ ခေါင်းနပန်းကြီးသွားမိသည်။

နုသွန်းထွေး. .

*ဆောင်းညပြာသီစာလေ*

www.burmeseclassic.com

www.burmeseclassic.com



အိမ်နေရင်းဝတ်တဲ့ ချည်သားဝမ်းဆက်လေးဖြင့် အတက်အဆင်းလုပ်နေသော လူတွေကို ပြုံးကြောင်ကြောင်လေး ငေးနေသည်။

မွန်းချိုစိတ်ထဲမှာ အတွေးတစ်ခုက ဖျတ်ကနဲ ဝင်လာပြီး ကားကို လမ်းဘေးမှာ ထိုးရပ်ခဲ့ကာ သွန်းထွေးဆီ ဆင်းပြေးသွားလိုက်သည်။

လက်မတင်လေးပင်. . သွန်းထွေးက ကားပေါ်တက်သွားပြီမို့. . စဉ်းစားမနေတော့ဘဲ သူလည်း ကားပေါ် လိုက်တက်လိုက်သည်။

ကောင်မလေးက အိမ်က ထွက်ပြေးလာတာများလား။ သူ့အိမ်ကလူတွေ ဘယ်သူမှ မသိကြဘူးလား. . . .

သူ့စိတ်က normal မှ မဟုတ်တာ။ ဒီလို လျှောက်သွားနေလို့ ဘယ်ဖြစ်မလဲ. . ဖြစ်ကို မဖြစ်ပါဘူး. . .

'ပန်းရောင်လေးနဲ့အစ်မရေ. . ကားခလေး ပေးထားမယ်'

ကားစပယ်ယာက သွန်းထွေးကိုကြည့်ပြီး ပြောနေပေမယ့် သူမက ဂရုပင်မစိုက်. . သူ့ကို မပြောသလိုနဲ့ လျှောက်ကြည့်နေသည်။

ပေးစရာ ပိုက်ဆံရော ပါမှပါရဲ့လား. .

*ဆောင်းညပြာသိစာပေ*



မွန်းချိုသည် မနေနိုင်တော့သဖြင့် စပယ်ယာလေးကိုခေါ်ကာ

'ဒီမှာ. . နှစ်ယောက်စာယူလိုက် ပြန်အမ်းမနေနဲ့တော့'

ငါးရာတန်တစ်ရွက် ထုတ်ပေးလိုက်သည်။ သွန်းထွေးက သူ့ကိုလှည့်၍ပင် မကြည့်. . မှတ်မိပုံလည်း မပေါ်ပါ။

မှတ်တိုင်တွေ တစ်ခုပြီးတစ်ခု ကျော်လာသည်။ သွန်းထွေးက မဆင်းသေး။

ဘယ်အထိများ စီးဦးမှာလဲ မသိဘူး။

'နှုသွန်းထွေး'

သူ့နာမည်ကို တရင်းတနှီးခေါ်လိုက်တော့ မျက်လုံးလေး ဝိုင်းပြီး လှည့်ကြည့်လာသည်။

အပြစ်ကင်းပြီး ချစ်စရာကောင်းလိုက်တာ. .

'ဘယ်သွားမလို့လဲ'

သူမက ခေါင်းလေးခါပြသည်။

'ကိုယ့်ကို သိလား'

ထပ်ဆင့် ခေါင်းခါပြပြန်သည်။

မွန်းချိုက လက်နှစ်ဖက်ကို ကင်မရာပုံလုပ်ပြီး ဓာတ်ပုံရိုက်ဟန်ပြကာ

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'မင်း . . ကိုယ့်studioမှာ ဓာတ်ပုံလာရိုက်ဖူးတယ်လေ. . မှတ်မိလား . . မိုင်ဂီတနဲ့လေ'

အဲဒီတော့မှ သူမမျက်လုံးလေးတွေ အသက်ဝင်သလို ပြုံးချိုလာသည်။

'ဓာတ်ပုံဆရာ . . ရှင်က ဓာတ်ပုံဆရာလား'

သူ ခေါင်းညိတ်ပြလိုက်သည်။ သူ့ကိုမှတ်မိသွားပြီဆိုတော့ ပျော်သွားတာပေါ့. .

ဒါပေမယ့် သူမ ဆက်ပြောလိုက်တဲ့စကားကတော့ သူ့ရင်ထဲမှာ နင့်သွားစေသည်။

'အတော်ပဲ . . သွန်းထွေး ဂီတဆီသွားမလို့ ထွက်လာတာ သူ သွန်းထွေးဆီမလာတာ သုံးရက်ရှိသွားပြီ . . သူ့အိမ်ကို ကားစီးပြီးသွားရင် ရောက်တယ်ဆိုလို့ ကားတက်စီးလာတာ၊ ခုထိ သူ့အိမ် မရောက်သေးဘူး အဲဒါ ဘယ်လိုလုပ်ရမလဲ'

ရင်နာပေမယ့် ဟန်ဆောင်ပြီး

'ဒါဆို . . ဆင်းမယ်လေ၊ လာ . . ကိုယ်နဲ့လိုက်ခဲ့'

ပြောပြောဆိုဆိုပင် သူက ရှေ့မှဦးဆောင်တာ သွန်းထွေးက သူ့အနောက်မှ ထက်ကြပ်မကွာ ပါလာခဲ့သည်။

မွန်းချိုက သူ့ကား ပြန်သွားယူဖို့ Taxi တစ်စီးတားပြီး





သွန်းထွေးကိုပါ ခေါ်လာခဲ့သည်။ ကံကြမ္မာက ဒီတစ်ခါ Aမွန်းချိုကို မျက်နှာသာပေးလိုက်ပြီနဲ့တူပါရဲ့။

တွေ့ချင်တဲ့သူကို တွေ့ချင်တဲ့အချိန်မှာ ဆုံဆည်းခွင့်ရတာ အင်မတန်ထူးတဲ့ကုသိုလ်ပေါ့။

နုသွန်းထွေးရဲ့နေအိမ်မှာတော့ ကမ္ဘာပျက်မတတ် ပွက်လောရိုက်နေသည်။

ဦးနေစိုးက အိမ်မှာရှိတဲ့သူမှန်သမျှ တစ်ယောက်မကျန် ခေါ်ဆူထားတာ တစ်ယောက်မှ ခေါင်းမဖော်ရဲတော့။

မြဲစောင့် ဖထီးကြီးက

'ခါတိုင်းလည်း ပန်းခြံထဲမှာ သူထိုင်နေကျပါ သူဌေး . . အမှိုက်ကား လာလို့ ကျွန်တော် အမှိုက်သွားသွန်နေတုန်း သူထွက်သွားတာပဲ၊ ဒီနားမှာတော့ လိုက်ရှာတာ နံ့နေပြီ မတွေ့ဘူး သူဌေး'

'တောက် . . တစ်ကောင်မှအသုံးမကျဘူး၊ မင်းတို့ကို ယုံပြီး ဒီလူမလေး ခဏအပ်ခဲ့တာ၊ အခုဘယ်လိုလုပ်ကြမလဲ မကောင်းတဲ့သူတွေနဲ့တွေ့သွားရင် . . ဟာ . . တွေးတောင်မတွေးဝံ့ဘူး၊ အရေးထဲကျမှ မောင်ဂီတတို့သားအဖကလည်း ဒီမှာမရှိဘူး'

ဦးနေစိုး ဆူသမျှကို မျက်နှာငယ်လေးတွေဖြင့် လိုက်ကြည့်နေကြပေမယ့် သူတို့ကိုယ်၌က ဘာအကြံမှ မထွက်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေစိုးတစ်ယောက်တည်း ပျာယာတွေခတ်ကာ ဖုန်းတစ်လုံးဖြင့် မိတ်ဆွေတွေဆီ လျှောက်ဆက်ပြီး အကူအညီတောင်းနေရှာသည်။

ဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ သင်္ဘောဆိပ်ပါမကျန် လူတွေနှံ့လွှတ်ပြီး နောက်ဆုံး ရပ်ကွက်ရုံးနှင့် ရဲစခန်းမှာပါ လူပျောက်တိုင်ထားလိုက်သည်။

ဒီည တူမလေးကိုပြန်မတွေ့ရမချင်း သူ့ရင်တွေပူပြီး အိပ်လို့ပျော်မည်မဟုတ်ပါ။

သူ့ရှေ့မှာ ပေကပ်ပြီးရပ်နေကြသော ဒေါ်မိုးသူ၊ ဖထီးကြီးနှင့် အိမ်ဖော်မလေးကို မာန်မဲကြိမ်းမောင်းလျက်. .

'သွားကြ. . ထွက်သွားကြစမ်း. . နင်တို့မျက်နှာ ငါ မမြင်ချင်ဘူး၊ တောက်. . ငါ့တူမကို ပြန်မတွေ့ရင် အကုန်အလုပ်ပြုတ်ကြသာ မှတ်'

ထိုသို့ လေဆင်နှာမောင်းတိုက်နေစဉ် ခါးမှာ ချိတ်ထားသော ဟန်းဒ်ဖုန်းက ထမြည်လာသည်။ ကိုယ့်ဒေါသနဲ့ကိုယ် အရှိန်တက်နေတုန်း ချမ်းချမ်းရဲ့ 'တကယ်ဆိုရင်အချစ်ပဲလိုတယ်' ring tone ထွက်လာတော့ ဒေါ်မိုးသူတို့ထံမှ ခွိတနဲ ရယ်သံထွက်လာသည်။

ဆောင်းညပြာသိစာပေ



ဟုတ်လည်းဟုတ်ပါရဲ့၊ လူဖျိုကြီးပါဆိုမှ အချစ်ပဲလိုတော့မှာပေါ့

'သား. . ဂီတလား၊ အေး ဒီမှာ ပြဿနာအကြီးအကျယ်တက်နေလို့'

'. . . . . .'

'သမီးလေး ပျောက်သွားပြီ'

'ဗျာ'

တောင်ကြီးသွားဖို့ စီးလုံးငှားသွားသော Express တားဆီမှ သွန်းထွေးကို သတိရလွန်းသဖြင့် ဖုန်းဆက်ပြီး မေးရာမှ အကြောင်းစုံသိရှိပြီး ဆောက်တည်ရာမဲ့ အရူးတစ်ပိုင်းဖြစ်သွားသူက ဂီတပင်။

သူ့ရဲ့အာဟိတ်တလန့်အော်သံကြောင့်. . သူငယ်ချင်းတွေမှာ အဖေပါ လန့်သွားကြသည်။

ဘာတွေဖြစ်ကုန်ပြီလဲ. . ဂီတမျက်နှာ တစ်ခါမှ ဒီလောက်အထိ မပျက်ယွင်းဖူးပါ။

စောသာက

'ဟေ့ကောင်. . ဘာဖြစ်တာလဲ သတိထားလေ'

'ငါ ရန်ကုန်ပြန်မှ ဖြစ်မယ်'

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် ဂီတက ဦးမြတ်ထွန်းဆီ ထလျှောက်သွားတာ

'အဖေ သွန်းထွေးလေးပျောက်သွားပြီ၊ သားပြန်မှဖြစ်မယ်ထင်တယ်'

'ဒုက္ခပါပဲကွာ. . သူတို့အိမ်က လူတွေ အတော်ပေါ့လျော့တာပဲကိုး'

'ကားပြန်လှည့်ခိုင်းလိုက်ပါ အဖေ'

သားက ဒီကောင်မလေးကို တော်တော်သံယောဇဉ်ကြီးနေတာကိုး။

ကားတစ်စီးငှားခက တစ်နေ့ကို နည်းတာမှမဟုတ်တာ။ ဒါတို့ ဒင်းမသိလေရော့သလား။

တိုမှာလည်း အားလုံးစီစဉ်ပြီးသားဖြစ်နေပြီ။ ဦးမြတ်ထွန်းက အလျှော့မပေးဘဲ ခပ်တင်းတင်းပင်။

'ကိုယ်ရေးကိုယ်တာနဲ့ အလုပ်ကို. . ခွဲခြားသင့်တဲ့ အရွယ်ရောက်နေပြီ သား၊ ဟိုမှာ မင်းကိုတွေ့ချင်လို့ စောင့်နေတဲ့ ပရိသတ်တွေ ရှိသေးတယ်။ မိုင်ဂီတက အလုပ်ကို မလေးစားတဲ့သူလို့ အဖေ အထင်မခံနိုင်ဘူး. . ငါ နေစိုးဆီ ဆက်ပြီး အကျိုးအကြောင်းဖေကြည့်ပါဦးမယ်'

ဆောင်းညပြာသိစာပေ



ဖိုးကဲက ဂီတလက်မောင်းကို လှုပ်ခါပြီး စိတ်အေးအေးထားဖို့ ပြောရာ

'ငါ ဘယ်လိုလုပ်ပြီး စိတ်အေးနိုင်မလဲကွာ. . သူ့ရုပ်ရည်လေးနဲ့ အပြင်လောကမှာ ဘယ်လောက် အန္တရာယ်များလဲ ပြီးတော့ သူ့စိတ်က. . ဟား'

အကျယ်ကြီးအော်ပြီး ထိုင်ခုံမှာ ခေါင်းငိုက်စိုက်ချကာ သွားထိုင်နေသည်။ သူခံစားနေရတာ သူငယ်ချင်းတွေအားလုံး နားလည်ပါသည်။

ဒီကောင်က နုသွန်းထွေးကို အမှန်အကန်ချစ်နေတာ ဆိုတော့ သွေးပျက်ပြီပေါ့. . .

* * *

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com

မွန်းချိုရဲ့ အဝါရောင်အမိုးဖွင့်ပြိုင်ကားလေးကို သွန်းထွေ
တ သဘောအကျကြီးကျနေတာမို့ ရန်ကုန်မြို့အနှံ့ ကားပေးစီးရင်း
သူမ နှစ်သက်တဲ့အရုပ်အကြီးကြီးတွေကို ဝယ်ပေးတော့လည်း ဝေ
သာပြီး ခုန်ပေါက်နေပြန်သည်။

တရုတ်တန်းမှာ လမ်းဆင်းလျှောက်ရင်း. . တွေ့မြင်သ
သူမ စားချင်သော အစားအစာများကို မရှက်မကြောက် ဟ
ဆောင်ခြင်းကင်းစွာ မြိန်ရည်ယှက်ရည်စားပြီး ဂီတနာမည်ကို ထ
မပြောတော့။

မပြောဆို. . မချောလေးက ကားပေါ်မှာ လေညင်းခံ
အိပ်ပျော်နေပြီဖြစ်သည်။

မွန်းချိုသည် ကမ်းနားမှာ ကားရပ်လိုက်ပြီး သွန်းထွေးတို့
ပေါ်မှာ သူ့ဂျာကင်လေးကို ခြုံပေးလိုက်သည်။

*ဆောင်းညပြာသီစာလေ*



ကော့ရှုန်းနေတဲ့ မျက်တောင်လေးတွေအောက်မှာ အပြစ်
ကင်းစွာ အိပ်မောကျနေသော မျက်လုံးလေးတွေ. . . နီယွန်ညမီး
တိုင်များက နုသွန်းထွေးလေး ဘယ်လောက်ထိလှတယ်ဆိုတာ မီး
မောင်းထိုးပြနေသည်။

ရန်ကုန်မြစ်ပြင်ကို ရှပ်တိုက်ပြီးတိုက်ခတ်လာတဲ့ လေပြည်
လေးတွေက သွန်းထွေးကို ဆက်ပြီး အိပ်ပျော်အောင် ချော့သိပ်နေ
သလိုပင်။

စိတ်အလိုကိုလိုက်ပြီး ဆုံးဖြတ်ကြေးဆို ဒီကောင်မလေး
ကို အိမ်ပြန်မပို့ဘဲ ခေါ်သွားချင်သည်။ ခက်တာက. . သူ ဒီလိုလုပ်
လို့ မဖြစ်ဘူးဆိုတာ အသိစိတ်တစ်ခုက တားမြစ်နေသည်။

နုသွန်းထွေးလေးဟာ သာမန်မိန်းကလေးတွေနဲ့မှ မတူ
တာ၊ သူ့ခမျာ စိတ်ကျန်းမာရေးချို့တဲ့နေသူ ဆိုတော့ သူ့အိမ်က
လူတွေ ဒီအချိန်လောက်ဆို ဘယ်လောက်တောင် စိုးရိမ်နေကြမ
လဲ။

မြန်မာဆန်ပြီး ကိုယ်ချင်းစာစိတ်ရှိသူမို့ သွန်းထွေးလေး
တို့ တစိမ့်စိမ့်ကြည့်ရင်း သူ့ဦးလေးဖုန်းကို ဆက်နေမိသည်။

'ဟယ်လို. . နုသွန်းထွေးတို့အိမ်ကပါလား'

တစ်ဖက်မှလူကြီးက ပျာပျာသလဲဖြင့်

*ဆောင်းညပြာသီစာလေ*

www.burmeseclassic.com

www.burmeseclassic.com



'တုတ်ပါတယ်ခင်ဗျ. . .'

'သူ့ကို ဘတ်စ်ကားပေါ်မှာတွေ့လို့ ကျွန်တော် အိမ်ပြ လာပို့ပေးပါ့မယ်'

'ကျေးဇူးတင်လိုက်တာဗျာ'

'မလိုပါဘူးဦးရယ်. . ကျွန်တော့်မှာ ကူညီရမယ့် ဝတ္တရား ရှိလို့ပါ. . ခဏနေရင် ကျွန်တော်လာခဲ့ပါ့မယ်'

'ခဏ. . ခဏလေး. . မောင်ရင့်နာမည် ဘယ်သူ'

'Aမွန်းချိုပါ. . မိုင်ဂီတနဲ့နုသွန်းထွေးကို ဓာတ်ပုံရိုက်ပေး တဲ့ ဓာတ်ပုံဆရာပါ ဦး'

'ဘုရားမ,တယ်ဆိုတာ ဒါမျိုးပဲနေမှာ၊ ကြည့်စမ်း. . သမီး လေးတို့ သိတဲ့သူနဲ့တိုးလို့ပေါ့ နို့မို့ဆို မတွေးဝံ့စရာ. . .'

စကားပြောနေစဉ် ဦးနေစိုးဖုန်းမှာ second call ဝ ဝင်နေသည်မို့

'အိမ်ရောက်မှ ပြောမယ်နော် သား၊ ဦး ဖုန်းချလိုက်တော့ မယ်'

မွန်းချိုနဲ့စကားဖြတ်ပြီး second call ကို ကိုင်လိုက်တော့

'အန်ကယ်. . သွန်းထွေးကို တွေ့ပြီလား'

ဂီတ ဖြစ်နေသည်။





ဆယ့်ငါးမိနစ်တစ်ကြိမ် ဖုန်းဆက်ပြီးမေးနေသည်မို့

'တွေ့ပြီ သား၊ တော်သေးတာပေါ့ကွာ. . မင်းတို့ကို ဓာတ် ပုံရိုက်ပေးတဲ့ Aမွန်းချိုဆိုလား. . ဘတ်စ်ကားပေါ်မှာတွေ့လို့ အိမ် ခေါ်လာပေးမယ်လို့ ပြောတယ်'

ဂီတက ဘာမှ မပြောဘဲ ဖုန်းချသွားလို့ ဦးနေစိုး အံ့ဩ သွားသည်။ ထိုနောက် ဂီတသည် ဦးမြတ်ထွန်းဆီမှ ဖုန်း ခဏယူ ပြီး contacts တွင် Aမွန်းချို၏ ဖုန်းနံပါတ်ကို ရှာကြည့်လိုက်သည်။ ဖုန်းနံပါတ်ရပြီးနောက် ချက်ချင်းပင် မွန်းချိုဆီ ဖုန်းခေါ်ကာ တစ် ဖက်က ကိုင်လျှင် ကိုင်ချင်း

'Aမွန်းချိုလား. . သွန်းထွေး ဘယ်မှာလဲ'

ဟု ခပ်ရင့်ရင့်အမေးကို မွန်းချိုက

'မင်း. . . ဘယ်သူလဲ'

'ငါ. . မိုင်ဂီတ၊ သွန်းထွေးဘယ်မှာလဲ အနားမှာရှိလား'

'ရှိတယ်'

'ရှိရင် ဖုန်းခဏပြောချင်တယ်'

'ပြောချင်ရင်. . သူနိုးမှ ဆက်လိုက်'

'ဘာ. . .'

'မင်း. . မြန်မာလိုနားမလည်ဘူးလား သူ အိပ်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဝိတနှလုံးသွေးတွေ ပွက်ပွက်ဆူကုန်ပြီ ထင်သည်။

သွန်းထွေးက ဒီကောင့်နားမှာ ဘာဖြစ်လို့ အိပ်ပျော်သွားတာလဲ။

ဒီကောင် ရိုးမှရိုးရဲ့လား။

ဓာတ်ပုံသွားရိုက်ကတည်းက သတိတော့ ထားမိသားပဲ. . ဒီကောင့်မျက်လုံးတွေက သွန်းထွေးဆီမှာပဲ ဝဲနေတာ။

'ဒီမှာ. . ဟေ့ကောင်. . သွန်းထွေးကို လက်ဖျားနဲ့တောင် မထိနဲ့၊ ငါပြောတာ ကြားလား'

မွန်းချိုက တဟားဟားဖြင့် အော်ရယ်လေသည်။

'ငါ့ကို အမိန့်တွေလာပေးနေရအောင် မင်းနဲ့ငါ ဘာအကန့်မှမရှိဘူး မိုင်ဝိတ. . ငါသိရသလောက်တော့ သူ့မှာ သူ့အုပ်ထိန်းသူ ဦးလေးတစ်ယောက်လုံး ရှိနေတာပဲလေ'

အတော် လူပါးဝတဲ့ကောင်။ သူဆိုလိုချင်တာက မင်းနဲ့ အနေသာကြီးပါဆိုတဲ့ ပုံစံမျိုး။

'မင်းကရော ဘာအချိုး ချိုးတာလဲ. . သွန်းထွေးကို မင်း ခေါ်သွားတာ မဟုတ်လား'

တဆိတ်တော့ စော်ကားလွန်းနေပြီ ထင်သည်။ စေတနာက ဝေဒနာဖြစ်တယ်ဆိုတာ ဒါမျိုးနေမှာ. .





'ဒီမှာ မိုင်ဝိတ. . အကြောင်းအရာတစ်ခုကို ခေါင်းအေးအေးထားပြီး စဉ်းစားလေ. . နုသွန်းထွေးရဲ့ဦးလေးကို အရင်မေးကြည့်လိုက်၊ ပြီးမှ ငါ့ကိုအပြစ်တင် ဒါပဲ'

ပြောပြီး ဖုန်းကို power off လုပ်ပစ်လိုက်သည်။ သူတို့နှစ်ယောက်အခြေအတင်ပြောနေသံကိုကြားပြီး သွန်းထွေးလေး နိုးလာပြီဖြစ်သည်။

သူ့ကတိအတိုင်း သူမကို အိမ်ပြန်ပို့ပေးရတော့မည်။ အိပ်ရာကနိုးလာပြီး လန်းဆန်းနေသော မျက်နှာလေးကို ဝအောင်ကြည့်တာ ကမ်းနားမှ ပြန်ထွက်လာခဲ့သည်။

လက်ဖျားနဲ့တောင်မတို့နဲ့လို့ ပြောတဲ့ကောင်က ခရီးထွက်နေလို့သာပေါ့။ ဒီမှာများရှိရင် အိမ်ပေါက်ဝက ဆီးပြီး လက်သီးနဲ့ ဆွဲထိုးမလား မဆိုနိုင်။

ခြံထဲဆင်းပြီး လည်တဆန့်ဆန့်ဖြင့် မျှော်နေသော ဦးနေစိုးသည် ကားမီးရောင်ကိုမြင်ရမှ အလုံးကြီးကျသွားကာ ခြံတံခါးကို အပြေးဖွင့်ပေးမိသည်။

မွန်းချိုသည် ကားကို ခြံထဲသို့မောင်းဝင်ပြီး အိမ်မကြီး၏နံဘေးတွင် ထိုးရပ်လိုက်ကာ နုသွန်းထွေးကို ဆင်းစေသည်။

ဗိုက်လည်းပြည့်၊ တစ်ရေးတမောလည်း အိပ်ထားပြီးပြီမို့



www.burmeseclassic.com

www.burmeseclassic.com



သွန်းထွေးက အသာတကြည်ပင် ဆင်းလာသည်။ ဦးနေစိုးက တူမလေးချက်နှာကို စိတ်မကောင်းခြင်းကြီးစွာဖြင့် ကြည့်ပြီးနောက်

'မသေကောင်း မပျောက်ကောင်း သမီးရယ်၊ လေးစိုးမှာ စိတ်ပူလိုက်ရတာ'

သွန်းထွေးကို သူ့ရင်ခွင်ထဲဆွဲသွင်းပြီး ဦးနေစိုး မျက်ရည်ကျရသည်။ သူ့ဘဝမှာ ရှားရှားပါးပါး ပြေးကြည့်မှ ဒီတူမလေးတစ်ယောက်ပဲ ရှိတာမဟုတ်လား။

သွန်းထွေးက လူသာ ရူးတာ. . ပါးလိုက်တာမှ လှပ်လို့. . ဦးနေစိုးကို မျက်ရည်သုတ်ပေးပြီး ပြောပုံက

'တိတ်. . တိတ်. . လေးစိုး မငိုနဲ့နော်၊ ဒီကလေးလေး အငိုတိတ်အောင် ချိုတိုက်ရမယ်၊ ဟုတ်ပြီ. . ဒေါ်ဒေါ်ဆီမှာ ချိုချို ရှိတယ်. . လေးစိုးကို တိုက်ခိုင်းရမယ်'

ဦးနေစိုးမှာ ငိုတာတောင် ဖီးလ်အပြည့်နဲ့ မငိုရရှာ။ သူ့တူမစကား ကြားပြီး အထိတ်ထလန့်ဖြင့်

'ဟဲ့ ကောင်မလေး၊ လူကြီးကို နောက်တီးနောက်တောက်နဲ့. . '

ပြောပြီး Aမွန်းချိုဘက်လှည့်ကာ အရှက်ပြေ

'သူက ဒီလိုပဲ သားရယ်. . သားကိုလည်း အန်ကယ်တော့ အားတောင်ပါတယ်. . နို့မို့ဆို ဒီတူမလေးနဲ့အန်ကယ် ဒီတစ်သက် ပြန်တွေ့ရပ့်ါမလား မသိဘူး'

'မလိုပါဘူး အန်ကယ်ရယ်. . ကျွန်တော်ကတောင် ခုလိုကူညီခွင့်ရလို့ ပြန်ပြီး ကျေးဇူးတင်နေတာပါ'

'ညှေ့သည်က အပြင်မှာ မတ်တတ်ကြီး၊ လာပါ. . အိမ်ထဲဝင်ပြီး တစ်ခုခုသောက်သွားပါဦး. . ထမင်းရော စားပြီးကြရဲ့လား'

'စားပြီးပါပြီ အန်ကယ်. . သူ ဘာတွေ စားသလဲဆိုတာ. . သူ့ကိုသာ မေးကြည့်ပါတော့'

ထိုစကားကိုတော့ မွန်းချိုက အိမ်ထဲဝင်လာရင်းမှ တရင်းတနှီးပြောလေသည်။

သွန်းထွေးက

'တုတ်ထိုး. . အိုက်စ်ခဲရင်. . ကော်ပြန့်. . ကောက်ညှင်းထုပ်. . ထောပတ်သီးဖျော်ရည်. . နောက်ပြီးတော့. . '

သူမ လက်ကလေးတွေချိုးပြီး စားလာသမျှကို ရွတ်ပြလိုက်၊ ခေါင်းစားလိုက်လုပ်နေရာ

'ဟာ. . အများကြီးစားလာတာပဲ. . မောင်မွန်းချိုကို ဒုက္ခပေးလာပြန်ပြီကွယ်'

'နေပါစေ အန်ကယ်၊ ဘာမှအပန်းကြီးတာမှမဟုတ်တာ'







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးသူတ ကော်ဖီဖျော်လာပြီး ကိတ်မုန့်တွေပါ ထည့်လာတာ

'ခေတ်ပုံဆရာလေး သောက်လိုက်ပါဦး. . . မုန့်လည်း စားနော်. . သမီးကို ပြန်တွေ့လာလို့ ကျေးဇူးတင်နေတာ'

အာပေါင်အာရင်းသန်သန်ပြောနေသောသူ့ကို ဦးနေစိုးတ မျက်မှောင်ကြုတ်၍ကြည့်နေတာ သူ မသိ။ ဆက်ပြော၍ကောင်းတုန်း. . .

'ဒါနဲ့ ပြောရဦးမယ်. . မင်း ရိုက်ပေးလိုက်တဲ့ခေတ်ပုံလေးတွေ အရမ်းလှတယ်နော်. . ကဗျာလည်း ဆန်တယ် သိလား'

'ကျေးဇူးပဲ ဒေါ်ဒေါ်. . အရိုက်ခံတဲ့သူကလည်း လှလို့ပါ။ သူ့ခေတ်ပုံ ပုံကြီးချဲ့ထားတာတောင် ကားပေါ်မှာပါလာသေးတယ်။ တစ်ခါတည်း ပေးခဲ့လိုက်မယ်လေ၊ ကျွန်တော့်လက်ဆောင်ပါ'

အင်း. . . ဒီကောင်လည်း အလာကြီးပါလား။

တူမလေးခေတ်ပုံကို ဘယ်အချိန်ကတည်းက ကူးပြီး ကားပေါ်တင်ထားပါလိမ့်။

ရိုးရိုးသားသားမှ ဟုတ်ပါလေစ။

'သွန်းထွေးလေး စက်တော်ခေါ်မယ်. . အပေါ်ထပ်ကို တွေ့ချီတော်မူပါပြီ'





နှုသွန်းထွေးက ပြောချင်ရာ ပြောပြီး. . အပေါ်ထပ်သို့ အတယ်ပင် တက်သွားသည်။

သူ့ကိုတော့ ရှိတယ်လို့ပင် ထင်ပုံ မရ။ နှုတ်တောင် ဆက်သွားဘူး. .

အင်းလေ. . သူ့စိတ်က normalမှ မဟုတ်တာ. .

ကိုယ့်ဘာသာ ဖြေတွေးတွေးနေတုန်း ဦးနေစိုး ဖုန်းထကိုင်တာ တွေ့လိုက်ရသည်။

'မောင်ဂိုတလား. . အေး. . ရောက်လာပြီကွဲ့'

'. . . . . .'

'ဟုတ်တယ်. . သူ လာပို့တာ'

'. . . . . .'

'ဒီလိုတော့ ဟုတ်မယ်မတူပါဘူး'

'. . . . . . .'

'ခုပဲ အိပ်မယ်ဆိုပြီး တက်သွားတာ'

'. . . . . . .'

'ခေါ်ပေးရမလား. . အေး. . အေး'

တစ်ဖက်မှပြောနေသောစကားတွေကို ခန့်မှန်းလို့ရနေပါသည်။ ဒီကောင် တော်တော်အကဲပိုမည့်ကောင်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေစိုးက အိမ်ဖော်မလေးကို သွန်းထွေးအား သွားခေါ်ခိုင်းသည်။

အိမ်ဖော်မလေးက သွန်းထွေးတို့ ကြောက်နေပုံရသည်။

'ဖြစ်ပါ့မလား ဘဘ. . သူအိပ်ချင်နေပြီပြောနေတဲ့ဟာ'

'သွားခေါ်ပေးလိုက်ပါဟာ. . ဂီတ. . လို့ပြောလိုက်. . သူလာလိမ့်မယ်'

မွန်းချိုမှာ ကော်ဖီသောက်နေရင်းမှ ထပ်ဆင့်ပြီး နင်သွားဖြန်သည်။

နုသွန်းထွေးက ဒီတောင့်ကို တော်တော် သံယောဇဉ်ရှိပုံရသည်။

'မောင်ဂီတ. . ခဏကိုင့်ထားဦးနော်. . သွားခေါ်နေပြီ၊ ဒါနဲ့ မင်းစီးရီး promotion တော အောင်မြင်လား'

'. . . . . . . . . . .'

'အေးပါ. . အန်ကယ် ယုံပြီးသား. . ရန်ကုန်မှာတောင် ဒီလောက် ပေါက်နေတာ. . ဟိုနေ့ကတောင် ရန်ကင်းဘက်က လတ်ဖက်ရည်ဆိုင်မှာ မင်းသီချင်းဖွင့်နေတာ ကြားခဲ့သေးတယ်'

အဲဒါတော့ မွန်းချိုလည်း ဝန်ခံသည်။

ဒီကောင်က အခွေထွက်တာ တစ်လ မပြည့်သေးပေမယ့်

ဆောင်းညပြာသိစာလေ



သီချင်းတွေကို ဟိုနားဒီနားမှာ ကြားနေရပြီ။ အရောင်းရဆုံးစာရင်းမှာလည်း နံပါတ်တစ်ခုတော့ ချိတ်ထားနိုင်ပြီဆိုတော့ သူ့ရဲ့ကံအလားအလာနှင့်စန်းကို ချီးကျူးရမည်ထင်သည်။

လှေကားမှ ဝုန်းဒိုင်း ဝုန်းဒိုင်းဖြင့် ဆင်းပြေးလာသူမှာ နုသွန်းထွေး ဖြစ်နေသည်။

ဦးနေစိုးလက်ထဲမှ ဖုန်းခွက်ကို လုပြီး

'ဟယ်လို. . ဂီတလား၊ အဆိုတော်ကြီး ဘယ်တွေလျှောက်သွားနေတာလဲ'

'. . . . . . . . .'

'သွန်းထွေးက ဂီတအိမ်ကို လာလည်တာ. . ရှင်ပဲ ပြောတယ်လေ. . ကားစီးရင် ရောက်တယ်ဆို. . ရောက်လည်း ရောက်ဆဲနဲ့. . အလကားလူလိမ်'

'. . . . . . . . .'

အင်း. . ဟိုကောင်တော့ ဟတ်ထိဦးမှာပဲ။ ဘာတွေ ပြောသလဲဆိုတာ နားထောင်နေရလို့ ဦးနေစိုးပြောနေတာကိုပင် သူမကြားလိုက်ချေ။

'အန်တယ် ဘာပြောလိုက်တာလဲခင်ဗျ'

'မိုးချုပ်နေလို့ မောင်ရင့်အိမ်ကများ စိတ်ပူနေမလားလို့'

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် အန်ကယ်။ အမေ့ကို ကျွန်တော်ပြောခဲ့ပါတယ်'

'နောင်လည်း ဒီအိမ်ကို ဝင်ပါထွက်ပါလို့ အန်ကယ် ဖိတ်ခေါ်ပါတယ်'

မွန်းချိုက ကော်ဖီခွက်ကို စားပွဲပေါ်ပြန်တင်ရင်း လာလည်မည့်အကြောင်း ကျေးဇူးတင်ကြောင်းပြောနေချိန်တွင် နုသွန်းထွေးပြောနေတဲ့စကားတွေ ကြားပြီး ရင်တုန်သွားသည်။

'I love you...I love you...ဘိုင့်ဘိုင်. . ဆီးယူ'

ဦးနေစိုး သူ့တူမဆီ အမြန်ထသွားပြီး ဖုန်းခွက်ကို လုကာ

'သမီး ဘာတွေ လျှောက်ပြောနေတာလဲ. . သွား. . သွားသွားအိပ်တော့. . မမိုးသူရေ. . နင့်တူမ လာခေါ်သွားစမ်း'

တစ်ဆက်တည်းပင် ဂီတကိုလည်း အားနာစွာ မျက်နှာစွာဖြင့်ပင်-

'အားနာလိုက်တာ မောင်ဂီတရာ. . သူပြောချင်ရာတွေ လျှောက်ပြောနေတော့တာပဲ'

'. . . . . . . . .'

'နောက်သုံးရက်နေရင် ပြန်ရောက်မှာလား။ အေး. . အေးဘာမှမလိုတော့ပါဘူး. . အလကား ဒုက္ခရှာမနေနဲ့၊ ပြန်ရောက်မှ တွေ့မယ်လေနော်. . Good night'

ဆောင်းညပြာသို့စာလေ



သူ့မှာ ပြိုင်ဖက်တစ်ယောက်ရှိတယ်ဆိုတာကိုလည်း သိနေတာတ်သားနဲ့ ဒီကောင်မလေးကိုမှ စွဲလမ်းနေမိတာ ဘာကြောင့်များလဲ. . . .

သွန်းထွေးရဲ့ဦးလေးက ဟိုကောင့်ကို နှုတ်ဆက်နေပြီဆိုတော့ ကိုယ်လည်း အလိုက်တသိနဲ့ပြန်မှပါပဲ. .

'အန်ကယ်. . ကျွန်တော့်ကို ခွင့်ပြုပါဦး'

'တစ်နေ့လောက် အန်ကယ်တို့အိမ်မှာ ထမင်းလာစားပါဦး၊ ဒီတ ပြန်လာပြီးမှ အန်ကယ်ဆက်သွယ်လိုက်မယ်လေ. . ဒါနဲ့ တူမလေးမာတ်ပုံ ထားခဲ့မလို့ဆို'

'ဟုတ်ကဲ့. . ကျွန်တော် သွားယူလိုက်ပါ့မယ်'

ကားပေါ်မှဓာတ်ပုံကို ယူပြီး ဦးနေစိုးလက်ထဲထည့်ပေးခဲ့ရပေမယ့် စိတ်တွေက သိပ်မကြည်ချင်။

ဟုတ်တယ်လေ. . တူမလေးကို မဲ့တစ်ပေါက်မစွန်းဘဲ ပြန်ခေါ်လာခဲ့ပေးလို့ ထမင်းဖိတ်ကျွေးတာတောင်မှ မိုင်ဂီတ ဆိုတဲ့ကောင်က ပါသေး။

ဒီကောင်က ဒီအိမ်မှာ ပထမဦးစားပေးဆိုတာ ပြောစရာတို မလိုတော့ပါဘူး။

မွန်းချိုသည် သွန်းထွေး၏အိပ်ခန်းဟုယူဆရသော မီးလင်း

ဆောင်းညပြာသို့စာလေ

www.burmeseclassic.com

www.burmeseclassic.com



နေသော အခန်းလေးကို စိတ်ထဲမှ တိတ်တခိုးနှုတ်ဆက်ကာ အိ

ပြန်ခဲ့ရသည်။

ညဥ့်နက်ပြီမို့ ပြည်လမ်းတစ်လျှောက် ဆောင်းရဲ့နှင်း

လေးတွေ ဆိုင်းပြီး ဆောင်းလေအေးက စိမ့်နေအောင် အေးသေ

လည်း သူ့ရင်ထဲမှာတော့ တစ်ယောက်သောသူအတွက် ပူလော

နေဆဲ. . .

♦



## မိန့်ခေါ်သူအသည်း

အိပ်မပျော်ဘူးလို့ လူတွေက ပြောလျှင် ဟားတိုက်ချင်ခဲ့သော ဂီတ။ အခု နဖူးတွေ့ဒူးတွေ့ ကြုံတွေ့တော့မှပဲ ကိုယ်ချင်းစာထတ်တော့သည်။

သူ့ဘဝမှာလည်း ဒီနေ့ ဒီအချိန်ထိ အိပ်မပျော်တဲ့ည ဆိုတာ ရှိမှ မရှိခဲ့တာ. .

ဆေးလိပ်လည်း မသောက်တတ်တော့ ဘီယာတွေ တစ်ဘူးပြီး တစ်ဘူး ဖောက်သောက်ထားတာ ဘူးခွံတွေ အနားမှာ တန်းစီနေပြီ. .

သူ့ဖုန်းထဲမှာ ရိုက်ယူထားတဲ့ သွန်းထွေးလေးရဲ့ဓာတ်ပုံတွေကို ကြည့်လိုက်၊ A မွန်းချို ဆိုတဲ့ကောင်ကို မြေးမြင်လိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မောင်ပဍ္ဍာ မြေလှူးနေပြီလား မသိတော့ပါဘူး။ ဒီကောင်က သွန်းထွေးအိပ်နေတဲ့ တစ်ချိန်လုံး ငုတ်တုတ်ထိုင်ပြီး အလှထိုင်ကြည့်နေမှာလား. . .

အနည်းဆုံးတော့ လက်ကလေး ကိုင်ကြည့်မှာပဲ. .

ဒီ့ထက်ပိုပြီး အသားယူချင်တယ်ဆိုရင် ပါးလေးတော့ နမ်းဦးမှာပဲ. . ဒါမှမဟုတ် ကမ်းကုန်အောင် ယုတ်မာမယ်ဆိုရင်. .

ဟား. . . မတွေးတာဘဲ ကောင်းပါတယ်လေ. .

သွန်းထွေးကို ဒီကောင့်ဆီမှာ ဓာတ်ပုံရိုက်ဖို့ ခေါ်သွားတတည်းက သူ မှားတာ. . လုံးဝမှားသွားတာ. . အဲဒီကတည်းက ဒီကောင့်မျက်လုံးတွေ မရိုးသားတာ. . အသိသာကြီး။

သူ မရှိတဲ့အချိန်ကျမှ ဒီလိုတွေဖြစ်တယ်ဆိုပြီး ဂီတမှာ လူကြုံးမရဖြစ်နေသည်။

တစ်ရေးနိုးထလာသော မိုးထွန်းက ဂီတ မအိပ်သေးတာမြင်ပြီး အံ့ဩနေသည်။

'ဟာ. . မင်း ခုထိမအိပ်သေးဘူးလား. . မနက်ဖြန် show ဆိုရဦးမှာနော်. . မင်းဖားသားကြီး သိရင် ကောနေဦးမယ်'

ဂီတက မတတ်နိုင်ဘူး ဟူသည့်သဘောဖြင့် ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြလိုက်ပြီး





'ငါ့အတွက်တော့ ထူးဆန်းတဲ့ ဖီလင်ပဲကွ. . . ငါ့ဘဝမှာ အိပ်မပျော်ဘူးဆိုတာ မရှိခဲ့ဘူး. . ငါ့ရာဇဝင်မှာလည်း မိန်းမတစ်ယောက်ကို တန်းတန်းစွဲ မဖြစ်ခဲ့ဖူးဘူး. . ခုတော့ မင်းမြင်တဲ့အတိုင်းပဲ. .'

စွပ်ကျယ်အမည်းရောင် ဝတ်ထားတော့. . ဂီတရဲ့ လက်မောင်းမှာ Tatoo ရုပ်တွေက ဖြူသောအသားအရေကြောင့် ပိုပြီး အသက်ဝင်နေသည်။

'သူက မင်းရဲ့ First Love ဆိုတော့ ရှူးမယ်ဆိုလည်း ရှူးယောက်ပါတယ်လေ'

ဂီတက သူ့အကျီကိုဆွဲလှန်လိုက်ပြီး ရင်ဘတ်ပေါ်မှာ ထိုးထားသော Tatoo ကို ပြသောအခါ မိုးထွန်း ဖျားသွားရသည်။

'သွန်းထွေး'ဆိုတဲ့ စာလုံးကို ဒီဇိုင်းဖော်ပြီး ထိုးထားလိုက်တာ ကြွနေရော. .

'မင်းကို ငါ လက်ဖျားခါတယ်. . ယုံလည်း ယုံပါပြီကွာ. . ဒါပေမယ့် ခုတော့ မင်း အိပ်လိုက်ဦး၊ မနက်ဖြန်ပွဲက ငါတို့အတွက် အရေးကြီးတယ် စိန်ခေါ်မှုအသစ်ပဲ'

မိုးထွန်းပြောတာ မှန်ပါသည်။ ဒီဇင်ဘာကျောင်းပိတ်ရက်မှာ သူတို့ရောက်နေသောမြို့၌ နာမည်ကြီးအဆိုတော်တွေဖြင့် ပွဲ



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်သူက ရုံသွင်းမည် ဖြစ်သည်။ ထိုပွဲမှာ promotion လာ သော သူတို့ band Extra-5 နှင့်အတူ မိုင်ဂီတကို ဖိတ်ထားခြင်း ဖြစ်သည်။

ကိုယ့်ထက် သမ္မာရင့် ဝါရင့်တွေကြားမှာ ဝင်တိုးဖို့ဆိုတာ အဓိက ယုံကြည်မှုရှိရမည်။

ကိုယ့်အဖွဲ့သားတွေအချင်းချင်းလည်း အပေးအယူ မျှ ပါမှ ဂီတဆိုတာ ပိုပြီး အသက်ဝင်တော့မှာပေါ့။

ဆောင်းရာသီမို့လို့ စိမ့်ပြီး အေးနေသလို တကယ့်ဒိတ်ဒိတ် တဲ့တွေနဲ့ တစ်စင်တည်းမှာ အပြိုင်ကြပြီး ဆိုရမှာမို့လို့ ရင်ထဲမှာ အေးနေတာပါ ပေါင်းလိုက်တော့ ပိုပြီး ဆိုးသွားသည်။

တောင်ကြီးလိုနေရာမျိုးမှာ ဖက်ရှင်ကို ပိုပြီး အလေးထား ရသည်။ Ladies and gentleman အားလုံး. . အားလုံးဟာ ကိုယ့် ထက် လန်းနေလို့ပင်. . .

ဘယ်လိုမှ ကျန်ခဲ့လို့မရသည့်အတွက် အရင်ပွဲတွေထက် ပိုပြီး တင်လာရသည်။

ပွဲစီစဉ်သူကလည်း ဂီတကို လာပြီး အားပေးသွားသည်။

'မိုင်ဂီတ. . ခင်ဗျားပရိသတ်တွေ များသားပဲဗျ. . လက် ဆောင်တွေလည်း တက်ပေးကြဦးမှာတဲ့. . ဟဲ. . ဟဲ. . ဘယ်သူတွေ





တော့ မပြောတော့ပါဘူး။ teenager တွေပေါ့ဗျာ. . ခင်ဗျား ကောင်းမှာပါ Good Luck'

ဘာပဲပြောပြော. . အခုလိုကြားရတာ အားဆေးပါပဲ။ ဒါ တောင်မှ ဂီတဆိုတဲ့သူက တစ်ယောက်သောသူကို မြင်းမြစွာ သတိ ရနေသေးသည်။

သူသာ ရှိရင် ဆိုတဲ့အတွေးလေး ဝင်လာတိုင်း တစ်ခုခုလို သွားသလို ခံစားရသည်။

Rock ကို ခုံမင်ကြတဲ့ ပရိသတ်တွေနဲ့ အပေးအယူမျှပြီး ရင်ဘတ်ချင်း နီးဖို့ အရေးကြီးသည်။

လမ်းကြောင်းတစ်ခုကို ဖောက်ထွက်ဖို့ ကိုယ်ကြိုးစားနေ တယ် သွန်းထွေး. .

ကိုယ်ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို တိုင်တည်ပြီး ဆု တစ်ဆုတော့ တောင်းချင်ပါတယ်။ ကိုယ့်အောင်မြင်မှုတွေနဲ့အတူ ခင်းလေး အမြန်ဆုံးပြန်ပြီး နေကောင်းလာပါစေလို့. . .

'အခုဆက်လက်ပြီး Extra 5 အဖွဲ့နဲ့အတူ လက်တလော ရေပန်းစားနေတဲ့ 'ရိုးမလေးတန်'စီးရီးရဲ့အဆိုတော် မိုင်ဂီတ ဖြစ် ပါတယ်ခင်ဗျာ'

'ရှီ. . .'



www.burmeseclassic.com

www.burmeseclassic.com



'နှိ . . နှိ . . '

'ဖြောင်း . . ဖြောင်း'

'ဖြောင်း . . . ဖြောင်း . . ဖြောင်း . . '

စင်ပေါ်တက်ခါနီး သူတို့ငါးယောက် တစ်ယောက်ပခုံးထ ယောက်ဖက်ပြီး ခေါင်းချင်းဆိုင်ကာ ဆုတောင်းလိုက်ကြသည်။

'Extra 5 အောင်မြင်ပါစေ'

သူတို့အားလုံး စင်ပေါ်ပြေးတက်သွားကြသည်။

ဂီတာလွယ်ပြီး မိုက်ခရိုဖုန်းရှေ့မှာ ရပ်လိုက်တာနှင့် လ ခုပ်သံတွေ ဆူညံသွားသည်။ ငုပ်လျှိုးနေသော အားငယ်စိတ်ေ တိုးအဝေးကြီးသို့ လွင့်သွားပြီး လူက အလိုလိုပေါ့ပါးလာသည်။

'တောင်ကြီးက ပရိသတ်တွေ အရမ်းမိုက်တယ်ဗျာ . . ထ တောင် မထင်ထားဘူး . . လူတွေ အများကြီးပဲ'

'ဂီတ . . ဂီတ . . ဂီတ'

အောက်မှ ကောင်မလေးတွေ Non-stop အော်နေ သည်။ အရပ်အမောင်းကလည်း ခြောက်ပေနီးပါး၊ body structure ကလည်း အမိုက်စား . . . ဒီကြားထဲ style ကပါ အခုခေ စားနေတဲ့ ကိုရီးယား style ဆိုတော့ အသံမကြားခင်ကတည်းထ ကောင်မလေးတွေ သည်းသည်းလှုပ်နေကြသည်။

*ဆောင်းညပြာသိစ္စာပေ*



'တစ်ယောက်သောသူ အတွက်ပါ'

မိုင်ဂီတက တစ်ယောက်သောသူအတွက်လို့ ရည်ရွယ်ပြီး ပြောသောအခါ အားလုံးက လက်ခုပ်ဝိုင်းတီးကြသည်။

♬ ဟယ်လို×××မင်းကြားရဲ့လား×××လွမ်းတယ်အရမ်းပဲ×××
ပြန်လာခဲ့မယ်×××ဒဏ်ရာများက ကိုယ့်ရင်မှာ×××
ဟိုအရင်အတိတ်က×××အတူထိုင်ခဲ့ဖူးတဲ့×××
ရေစပ်က ခုံတန်းလေးမှာ×××
ကျေးဇူးပြု၍ စောင့်နေပေးပါ×××
ချစ်တယ်×××မင်းလေးကိုပဲ×××
အမြဲတမ်း လန်းဆန်းနေမယ့် ကိုယ့်ရဲ့ချစ်ခြင်းတွေ×××
အမှတ်တရအဖြစ်နဲ့ ဖြစ်တည်နေ×××
ကိုယ့်ရဲ့ပခုံးတစ်ဖက်ဟာ မင်းလေးမှီဖို့×××
ဒီနေ့အထိ အဆင်သင့်ပဲ×××
ကိုယ်နဲ့မင်း×××နှစ်ယောက်မှာ××ဘယ်သူ ပိုပြီးချစ်မယ်ထင်လဲ
(Love You)$^2$ ♬

ဦးမြတ်ထွန်းသည် ငွေကုန် ခံရကျိုးနပ်အောင် ကြိုးစား

*ဆောင်းညပြာသိစ္စာပေ*

www.burmeseclassic.com

www.burmeseclassic.com



သော သားနှင့် သူ၏ပရိသတ်တွေကို ကြည့်ပြီး ဝမ်းသာလွှန်း
ဖျတ်ရည်တောင် ကျရလေသည်။

ဝါရင့်အဆိုတော်ကြီးတစ်ယောက်ကဆို ဦးသား အော
ခြင်ပါပြီလို့တောင် လာပြောသွားသေးတာ၊ အဲဒီပီတိက ဘာနဲ့
လဲလို့မရနိုင်ဘူးလေ. .

သားရဲ့တစ်ယောက်သောသူဟာ နေစိုးရဲ့တူမလေးက
လို့ တခြား မဖြစ်နိုင်။ နေစိုးတူမ ဆိုပေမယ့် ဟိုးငယ်ငယ်လေး
တည်းက ကိုယ့်မျက်စိရှေ့တင် ကြီးလာတာဆိုတော့. . ကိုယ့်တူ
တို့ယ့်သမီးလိုပါပဲ. .

သိပ်ပြီး သနားစရာကောင်းတဲ့ ကောင်မလေး. .

သွန်းထွေးလေးရဲ့အတိတ်က အဖြစ်ဆိုးတွေဟာ သူ့အာ
ထဲမှာ တစ်တန့်ချင်း ပြန်ပြီး ပေါ်လာသည်။

လွှန်ခဲ့တဲ့ တိုးနှစ်ကျော်တပေါ့. . .

◆



# [illegible]

နေသာပြီး ခြေခင်းလက်ခင်း သာတဲ့. . . သီတင်းကျွတ်
ကျောင်းပိတ်ရက်လေးမှာ ဦးပိုက်ထွေးနှင့် ဒေါ်နုသဇင်တို့သည်
သမီးလေး နုသွန်းထွေးနှင့်အတူ ပြင်ဦးလွင်သွားဖို့ စူပါဆလွန်း
တားလေးစီးပြီး ဟိုင်းဝေးလမ်းမကြီးပေါ်မှာ. .

ဦးပိုက်ထွေးတ ကားမောင်းပြီး အနောက်ခန်းမှာ သွန်း
ထွေးလေးနှင့် ဒေါ်နုသဇင်တို့ ထိုင်ပြီး လိုက်ပါလာကြသည်။

သူတို့သားအဖနှစ်ယောက်တတော့ စကားတပြောပြော
ဖြင့် တစ်ခါတလေ အော်ပြီးရယ်လိုက်၊ သီချင်းဆိုလိုက်နှင့်ပျော်နေ
ကြပေမယ့် သွန်းထွေးရဲ့အမေကတော့ သူ့ဝသီအတိုင်း ခရီးသွား
ရင် မေတ္တာပို့ပြီး စိပ်ပုတီးစိပ်တာ ငြိမ်ငြိမ်သက်သက်ဝင်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးလုံးမှာ သွန်းထွေးရဲ့အသံက အကျယ်ဆုံး. .

'ဖေဖေ. . မြင်ဦးလွင်မြို့က အရမ်းလှလားဟင်'

'လှတာပေါ့ သမီးရဲ့'

'ဘယ်လိုလှတာလဲ. . မေမေ့လို လှတာလား'

ဦးပိုက်ထွေးက အော်ရယ်ပြီး

'ဟား. . ဟား. . သမီးအမေက လှလို့လား၊ ဖေဖေ့အထင်တော့ မြင်ဦးလွင်မြို့က ပိုပြီးလှမယ်ထင်တယ်'

'ကိုနော်. .'

တစ်ချိန်လုံး ပါးစပ်ပိတ်နေသော မိန်းမက စကားလေးနှစ်ခွန်းဖြင့် မကျေမနပ်ဆိုလေ၏။

နုတ အဲဒါလေးတွေ ချစ်ဖို့ကောင်းတာ. . စလို့ စမှန်းမသိ။ ဘယ်လိုပဲ ပြောပြော ဒီမိန်းမကိုတော့ သူ့အသက်ထက်ပင် ပိုပြီး ချစ်ရပါသည်။ တစ်သက်မှာတစ်ယောက် စွဲစွဲမြဲမြဲချစ်ခဲ့ပြီး ချစ်သူ သက်တမ်း ခြောက်နှစ်ကျော်ကြာပြီးမှ လက်ထပ်ခဲ့တာ. . ခုချိန်ထိ ရန်ဖြစ်ဖူးတာ မရှိ။

သူတို့နှစ်ယောက်က သင့်သင့်မြတ်မြတ်နေပြီး အရမ်းချစ်ကြတော့ သမီးလေးလည်း ကျန်းမာ ပျော်ရွှင်နေတာပေါ့။ အိမ်ထောင်တစ်ခုထူထောင်ပြီဆိုလျှင် မိဘနှစ်ပါးလုံးမှာ တာဝန်အရှိ





ဆုံးက ကလေးတွေကို စိတ်လုံခြုံမှုပေးဖို့ပဲ. . အဲဒီလိုပေးနိုင်ဖို့ဆိုတာက ကိုယ်လည်း အပြစ်ကင်းနေဖို့ လိုသည်။

သူတို့ဘဝမှာလည်း သမီးလေးက ပထမဆုံး အမြဲဆင်ခြင်ပြီး နေခဲ့သည်ချည်းသာ။

ခုလည်း သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ သမီးလေး ပူဆာလို့ မြင်ဦးလွင်ကို လိုက်ပို့ရခြင်း ဖြစ်သည်။

သမီးကတော့ သိပ်ကို ပျော်နေရှာသည်။ သူ တစ်ခါမှ မရောက်ဖူးသေးတဲ့ မြင်ဦးလွင်မြို့လေးကို သူ့အတွေး သူ့အာရုံလေး ဖြင့် မှန်းဆပြီး ပျော်နေပုံရသည်။

'သမီး ဟိုရောက်ရင် တွေ့မှာပါကွယ်. . ပန်းမြို့တော်လို့ ထင်စားရလောက်အောင် ပန်းတွေ ပေါတဲ့မြို့ကွဲ့'

'အဟုတ်လား. . ဒါဆို မြန်မြန်မောင်းလေ ဖေဖေ. . သမီး ရောက်ချင်လှပြီ'

ဦးပိုက်ထွေးကလည်း သမီး သဘောကျ လီဗာကို အရှိန် ထပ်တင်လိုက်သည်။ ကားက တရိပ်ရိပ်ပြေးလေ သွန်းထွေးက လက် ခုပ်တီးပြီး ရယ်လေပင်။

ပုတီးစိပ်နေသော ဒေါ်နုသဇင်မှာ ငြိမ်ငြိမ်နေလို့မရတော့။

'ကို. . ကလေးကို အလိုလိုက်ပြီး အရမ်းမမောင်းပါနဲ့. .



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်များတယ်နော်၊ သမီးကလည်း ဖေကြီးကို အမြန်မမောင်းခိုင်းရဘူးနော်. . ကားမှောက်တတ်တယ်. . ကြားလား'

'ဟုတ်'

ဒါမျိုးကျတော့ သွန်းထွေးက ကြောက်သည်။ မျက်နှာလေးငယ်ပြီး အသံတိတ်ကျသွားသည်မို့ ဦးပိုက်ထွေးက အရှိန်ပြန်လျှော့ရင်း -

'မိန်းမကလည်းကွာ. . . အလကား. . သမီးလေး ကြောက်အောင် လျှောက်ပြောနေတယ်'

ဆိုပြီး သမီးအာရုံကို တခြားရောက်သွားအောင်

'ဟိုမှာက အေးတော့ ဆွယ်တာအကျီလေးတွေ၊ မာဖလာလေးတွေ၊ ဦးထုပ်လေးတွေ ရောင်းတဲ့ သိုးမွေးဆိုင်တွေမှ အများကြီးပဲ သမီးရဲ့၊ သမီးလေး လိုချင်တာ ဖေဖေဝယ်ပေးမယ်လေ'

'တကယ်လား ဖေဖေ'

'တကယ်ပေါ့'

'ခုနက ဖေဖေပြောတဲ့ ပန်းခြံကြီးရော လိုက်ပို့ပေးမှာလား'

'ပို့ပေးမှာပေါ့ကွ. . ပွဲကောက်ရေတံခွန်ကို ပျော်ပွဲစားထွက်ကြမယ်လေ. . ပိတ်ချင်းမြောင်ကိုလည်း လိုက်ပို့ပေးမယ်'

'သမီး မသိဘူး ဖေဖေ'





'ဂူထဲမှာ ဘုရားတွေ အများကြီးရှိတယ် သမီး၊ ပြီးတော့. . ကျောက်ခက်ပန်းဆွဲတွေ၊ ကျောက်စက်ရေတွေနဲ့ အရမ်းဆန်းကျယ်တဲ့နေရာပေါ့'

စိတ်ကူးထဲမှာ ရုပ်လုံးဖော်ကြည့်ရုံနှင့်တင် ချိုမြပြီး ပျော်စရာအတိပြီးနေသည်။

'မေမေကလည်း ပုတီးပဲ စိပ်နေတာပဲ၊ သမီးနဲ့စကားလေးဘာလေး ပြောပါဦး'

'သမီးက ဘာသိချင်လို့လဲ'

'မေမေရော. . သမီးကို ဆွယ်တာဝယ်ပေးမှာလား'

'ဝယ်ပေးရမှာပေါ့. . မေမေ့မှာ ဒီသမီးလေးတစ်ယောက်ပဲ ရှိတာ'

'အဲဒါကြောင့် မေမေ့ကို ချစ်တာ'

သွန်းထွေးက သူ့အမေရဲ့ပါးနှစ်ဖက်ကို တရှုတ်ရှုတ်နမ်းရင်း ချွဲနေသည်။

'ဟော့. . ဒီလိုမျက်နှာမလိုက်နဲ့လေ. . ဒီမှာ ဘယ်သူကျန်သေးလဲ'

'ဖေဖေ့ကိုလည်း အာဘွားပေးမယ်'

ပျော်စရာအတိပင်. .



www.burmeseclassic.com

www.burmeseclassic.com



မိသားစုရဲ့ချိုမြိန်ခြင်းတွေကို လက်တွေ့ခံစားခွင့်ရတာ.. ဘုရားပေးတဲ့ ဆုလာဘ်ပဲပေါ့။

သမီးကတော့ ပြောပြောဟောဟောဆိုတော့ မောပြီး အိပ်ပျော်လေပြီ။ နုကလည်း သူ့အာရုံလေးနှင့်သူ ပုတီးစိပ်နေတာ ဆိုတော့ ကားထဲမှာ တိတ်ဆိတ်နေသည်။ ကားမောင်းနေရင်း တစ်ချက်တစ်ချက် အိပ်ငိုက်ချင်လာသည်။

သွေးတိုးအခံကရှိတော့ ဒီနေ့ ဝက်သားဟင်းနဲ့ထမင်းစား လို့လားမသိ။ ဇက်ကြောထဲက ထိုးလာသလိုလို ခေါင်းမူးပြီး အကြော တက်ချင်နေတာ သိတော့ နုဆီမှ ဆေးတောင်းပြီး သောက်ဦးမလို့ ပဲ. . အလကား စိတ်ပူနေမှာမို့လို့ ဒီအတိုင်းပဲ မေးပြီး မောင်းလာခဲ့ လိုက်သည်။

တံခွန်မှာဆိုတာ ကြိုမမြင်နိုင်မှန်း သိခဲ့သော်လည်း အရမ်း ကြီးဆိုးဆိုးဝါးဝါး တွေ့ကြုံရမည်ဟုတော့ ဘယ်တုန်းကမှ မထင်ခဲ့ ပါ။

ဦးပိုက်ထွေးသည် ကားမောင်းနေရင်း တစ်ချက်တစ်ချက် ငိုက်ခနဲ ဖြစ်ဖြစ်သွားသည်။ ကားရှေ့မှာ ဘွားခနဲပေါ်လာတဲ့ နွား အုပ်ကြီးကြောင့် ဘရိတ်အုပ်သော်လည်း မမီတော့။

ဦးပိုက်ထွေးသည် လမ်း၏ညာဘက်သို့ စတီရာရင်ကို ချိုး

ဆောင်းညမြာသိစာပေ



တွေ့လိုက်ရာ၊ကားမှာ အရှိန်ဖြင့် သုံးလေးပတ်မျှ လိမ့်သွားလေ သည်။

ထိုသို့လိမ့်သွားရာ၌ သွန်းထွေးလေး မပါခဲ့ပါ။ ကမ္ဘာပျက် တောက်အော်ဟစ်သံများနှင့်အတူ ဦးပိုက်ထွေး၏'နု. . သမီးကို တွန်း ချလိုက်'ဟူသောအသံကြောင့် အသိစိတ်ကင်းမဲ့ပြီး ကြောင်တောင် တောင်ဖြစ်နေသော နုသဇင်သည် အိပ်ပျော်နေသောသမီးလေးကို ဖွင့်နေသောတံခါးမှ ဆောင့်ပြီး တွန်းချခဲ့လေသည်။

ကားက နှစ်ပတ်. . သုံးပတ်ခန့် ဆက်ပြီး လိမ့်သွားသည်။ ထို့နောက်မှာတော့ သစ်ပင်တစ်ပင်ကို အရှိန်ပြင်းစွာ ဝင်တိုက်ပြီး ဦးပိုက်ထွေးနှင့်ဒေါ်နုသဇင်တို့ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

အိပ်ပျော်နေရာမှ အရှိန်ဖြင့် တွန်းချခံရပြီး နုသွန်းထွေး၏ ခေါင်းမှာ ဒဏ်ရာရသွားခဲ့သည်။

အဖြစ်အပျက်တွေက အရမ်းကို မြန်လွန်းသဖြင့် ဘာမှ သိလိုက်ခင်မှာပင် မိဘနှစ်ပါး၏ အဖြစ်ဆိုးကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသည်က တစ်ကြောင်း၊ ဦးခေါင်းမှာ ဒဏ်ရာရသွား သာကတစ်ကြောင်းကြောင့် နုသွန်းထွေးမှာ နေရာမှာပင် သတိလစ် နေခဲ့သည်။ အကူအညီပေးမည့်သူများ ရောက်လာကာ သွန်းထွေး အား ဆေးရုံသို့ခေါ်ဆောင်သွားပြီး အရေးပေါ်ကုသပေးကြလို့သာ

ဆောင်းညမြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



အသက်မသေခဲ့ခြင်း ဖြစ်သည်။ သို့သော် သူချစ်သော မိဘနှစ်ပါး တို့မှ ဘယ်သောအခါမှ ပြန်တွေ့ရတော့မည် မဟုတ်ပါ။

ဦးနေစိုးနှင့်အတူ ဦးမြတ်ထွန်းပါ လိုက်လာခဲ့လို့ သွန်းထွေး လေးအကြောင်းကို သိနေခဲ့ခြင်းဖြစ်သည်။ အလောင်းတွေကို ရှာ တုန်ပြန်သယ်ပြီး သဂြိုဟ်တဲ့အထိ သွန်းထွေးက စကားတစ်ခွန်းမှ မပြောခဲ့၊

ပြောမယ့်ပြောတော့ ကယောင်ချောက်ချားဖြင့် ပြောချင် ရာတွေ လျှောက်ပြောတော့သည်။ ပုံမှန်မဟုတ်မှန်း ရိပ်မိချိန်မှာ ဦးနေစိုးသည် တူမလေးအတွက် အရမ်း စိတ်မကောင်းဖြစ်သွား သည်။

အားကိုးရာမဲ့နေတဲ့ဘဝမှာ စိတ်ကပါ ဖောက်ပြန်နေတဲ့ ခုနစ်နှစ်အရွယ် တူမလေးကို သနားစိတ်ဖြင့် မျက်ရည်ဖြိုင်ဖြိုင်ကျ ရသည်၊

ထိုအချိန်မှစပြီး လူပျိုကြီးဘဝကို ခံယူကာ သွန်းထွေးလေး အရွယ်ရောက်တဲ့အထိ စောင့်ရှောက်ပေးခဲ့သည်။

◆



# ပိုင်ဆိုင်ချစ်စေသော်လည်း

ဂီတသည် အိမ်မှာပင် အားကစားပြုလုပ်၍ ရအောင် . . အခန်းတစ်ခန်း သီးသန့်ထားကာ အိပ်ရာထတိုင်း သက်လုံကောင်း ဖို့အတွက် လေ့ကျင့်ခန်းလုပ်သည်၊ တကူးတက Gym သွားစရာ မလိုတော့၊

သူ့အသက် ဆယ့်ခြောက်နှစ်ကတည်းက လေ့ကျင့်လာတဲ့ အကျိုးက ယောကျ်ားတစ်ယောက်မှာရှိသင့်တဲ့ အမိုက်စား body ရှိနေခြင်းပင်။ ရင်အုပ်အကျယ်ကြီးနှင့် ဝမ်းဗိုက်မှာ သုံးမြောင်းထ, နေသောကြွက်သားက ခန္ဓာကိုယ်အပေါ်ပိုင်းမှာ တင့်တယ်စွာ ပြေ ပြစ်စွာ ရှိနေခြင်းက ယောကျ်ားချင်းပင် မနာလိုချင်စရာကောင်း လှသည်။



www.burmeseclassic.com

www.burmeseclassic.com



**ဝိတမှ** body fit မဝတ်လိုက်နှင့်. . စောသာတို့က ဝိုင်းပြီး **တောင်းဆိုး**ပေးကြပါလိမ့်မည်။

တစ်ခွေတည်းနှင့်ပေါက်တာ ရှားပေမယ့် ကြိုးစားခြင်းရဲ့ **ရလဒ်တစ်**ခုကို လက်ဝယ်ပိုင်ဆိုင်ခွင့်ရခဲ့ပြီးပြီမို့ အတိုင်းမသိ ပျော်နပ်သည်။

ဒါပေမယ့် ရပ်နေလို့မှ မဖြစ်တာ. .

ကိုယ့်အလုပ် ကိုယ်ဆက်လုပ်တာ အကောင်းဆုံးဟု အူထင်သည်။

ညတုန်းက အိပ်မပျော်သဖြင့် ထိုင်ရေးပြီး အကြမ်းသွင်းထားသော သီချင်းကို ပြန်နားထောင်ပြီး စိတ်တိုင်းမကျသောစသားတချို့ကို ပြင်နေဆဲ နားမှနားကြပ်ကို လာဆွဲဖြုတ်သဖြင့် ကြည့်လိုက်တော့ အဖေဖြစ်နေသည်။

'မင်းကို ငါခေါ်နေတာ ကြာလှပြီ'

'ဘာလုပ်မလို့လဲ အဖေ'

'အဖေ အလုပ်ကိစ္စနဲ့ ဒီနေ့ နေပြည်တော်သွားမလို့၊ ပြက္ခဒိန်ကြည့်မိမှ သွန်းထွေးမွေးနေ့မှန်း သိရတာ'

'အဖေက သူ့မွေးနေ့ကိုသိနေတယ်'

'သိဆို. . သူက လွတ်လပ်ရေးနေ့မှာ မွေးတာကိုးကွ'





ဂီတက နေရာမှ ခုန်ထပြီး အဖေ့ပါးကို အားပါးတရနမ်းခစ်လိုက်သည်။

'Thank you ပါ အဖေ၊ ကားကို ဝရုစိုက်ပြီးမောင်းနော်၊ ပျော်ရွှင်တဲ့ခရီး ဖြစ်ပါစေလို့ သား ဆုတောင်းပေးပါတယ်'

ဦးမြတ်ထွန်းသည် သား၏ခေါင်းကို လက်ဖြင့် တစ်ချက်သပ်ပေးပြီး

'အဖေ တစ်ညအိပ်ပြီး ပြန်လာမှာပါကွာ၊ သား ဒီည သိပ်မိုးမချုပ်စေနဲ့နော်'

သားအဖသံယောဇဉ်က နက်ရှိုင်းတယ်ဆိုပေမယ့် သားရဲ့ရင်ထဲကို မြင်နေရပြီလေ. .

သားဟာ သူ့ရဲ့First Loveအတွက် ရင်ခုန်ပြီး ခံစားဖတ်နေပြီမို့ သားကို နားလည်ပေးဖို့ သူ ကြိုးစားရပါလိမ့်မည်။

ပြောဖို့စကားတွေ မတုန်သေးပေမယ့် ဘာမှမပြောဘဲ နှုတ်ဆိတ်နေရမယ့် အချိန်ရောက်လာပြီ. .

အချစ်ရဲ့တန်ခိုးက ပိုပြီးအစွမ်းထက်နေမှာ သေချာနေပြီပဲ. . .

သားဘဝလေး. . တစ်ခုခုပြောင်းလဲသွားမှာကို စိုးရိမ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]သက်တမ်းတိုတိုလေးအတွင်းမှာ သားလေး ပျော်[illegible]

[illegible]..

'အဖေ breakfast စားပြီးပြီလား'

'မစားရသေးဘူးကွ.. သားကို စောင့်နေတာ'

'လာလေ.. သွားစားကြမယ်'

သားအဖနှစ်ယောက် မနက်စာစားရင်း အလုပ်ကိစ္စ၊ သူ[illegible] သီချင်းကိစ္စတွေ ဆွေးနွေးကြသည်။

ဦးမြတ်ထွန်းက အဆက်အစပ် မရှိဘဲ သားကို စ,လိုက်သည်။

'ကောင်မလေးက ဒီနေ့မှ ဆယ့်ခုနစ်နှစ်ပြည့်မှာနော် သား[illegible] ဂီတကလည်း သူ့ကို အဖေ စ,နေတယ် ဆိုတာ သိလိုက်ပြီး...

'သား တစ်နှစ်တော့ စောင့်နိုင်ပါသေးတယ် အဖေ'

'အေးပါကွာ ဆက်စောင့်.. ဆက်စောင့်.. ဟား.. ဟား' အဖေ့ကို အဲဒါတွေကြောင့် ချစ်ရပါသည်။

သူတို့သားအဖ နှစ်ယောက်ကြားမှာ ဘာမှ ဖုံးကွယ်ထားတာ မရှိ။

ever ပွင့်လင်းပြီးသား။

*ဆောင်းညပြာသိုစာပေ*



'အစ်ကို.. မနက်က အင်္ကျီကြော်ငြာရိုက်ဖို့ ကမ်းလှမ်းလာတယ်.. အဲဒါ ဘယ်လိုအကြောင်းပြန်ပေးရမလဲ'

နေမျိုးက ခုဆို သူ့မန်နေဂျာဖြစ်နေခဲ့ပြီ။ အဖေ့ကို ကြည့်တော့ ကျေကျေနပ်နပ်ကြီးကို ပြုံးနေတာ...

သူ့သားချောအတွက် ဂုဏ်ယူနေမှာပေါ့..

'လက်ခံလိုက် သား'

'သားက သီချင်းပဲ ဆိုချင်တာလေ.. ဓာတ်ပုံတောင် မလွှဲသာလို့ ရိုက်ရတာ'

သားစိတ်ကို သူ မသိတာ မဟုတ်။ သား နာမည်အောင်အောင်အေးဆေးဆေးပင် ရှင်းပြမိသည်။

'ကြော်ငြာက နေ့တိုင်းလွှင့်နေတော့ တိုယ့်ကို ပရိသတ်က မေ့တော့ဘူးပေါ့.. စိတ်ကူးမလွဲပါနဲ့ သားရယ်.. အခွင့်အရေးဆိုတာ နှစ်ခါလာတာ မဟုတ်ဘူးကွ'

နေမျိုးက ဂီတ ငြိမ်ပြီးတွေဝေနေတုန်းမှာ ဆက်ပြောလာသည်က

'ဟိုလေ... ဂျာနယ် နှစ်စောင်နဲ့ မဂ္ဂဇင်းတစ်ခုကလည်း အင်တာဗျူးလုပ်ဖို့နဲ့ မျက်နှာဖုံးရိုက်ဖို့ ပြောထားတယ်.. အဟဲ.. အဲဒါလေးပါ'

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'သားအားတဲ့တစ်နေ့ လုပ်ပေးလိုက်ပါကွာ'

'ဆရာ. . တစ်ခုတော့ရှိတယ်. . သူတို့က ဟိုကောင်မလေး နဲ့အစ်တိုတို့ အတွဲကို မျက်နှာဖုံးရိုက်ချင်တာတဲ့၊ အဲဒါဖြစ်ပါ့မလား'

ဂီတက ချက်ချင်းပင် အဖြေပေးလိုက်သည်။

'ဖြစ်တယ်. . ဒီအပတ်ထဲမှာ အားတဲ့တစ်ရက် ချိန်းလိုက်'

'အဟမ်း. . အဟမ်း'

'အဖေနော်. . ချောင်းဆိုးနေရင် ကွမ်းရွက်ပုံသွားသောက် တဟမ်းဟမ်းနဲ့. .'

'သိဘူးလေကွာ. . ခုနတုန်းကကျတော့ ၈၀ ဆို၊ အပြောင်း အလဲကလည်း မြန်ပ'

နေမျိုးဆိုတဲ့ကောင်ကပါ စပ်ဖြဲဖြဲဖြင့်

'အစ်တို အတိုကြော်ငြာပါ ဒီကောင်မလေးနဲ့တွဲရိုက်လိုက် ရင် မကောင်းဘူးလား'

'နေဦး. . မင်းကို ငါပြောစရာရှိသေးတယ်. . ဟိုကောင်နဲ့ တော့ လုံးဝမရိုက်ဘူးနော်'

'A. မွန်းချိုနဲ့လား'

'အေး. . အဲဒီခတ်ပုံဆရာနဲ့ဆို မရိုက်ဘူး ကြိုပြောထား ဦး'





'ဒီမယ် သား. . အနုပညာအလုပ်လုပ်တဲ့သူဟာ လက်တံ တို ရှည်နိုင်သလောက် ဆန့်ထုတ်ရသလို. . အားလုံးနဲ့သင့်မြတ်ပြီး မိသားစုလို နေနိုင်ရမယ်ကွ. . . မောင်မွန်းချိုက အဖေ့အမြင်မှာ တော့ ရည်ရည်မွန်မွန်လေးပဲ. . ဘာဖြစ်လို့လဲ'

'အဖေ မသိတာတွေ ရှိတယ်ဗျ'

ဒီကောင် လုံးဝကို ခါးခါးသီးသီးဖြစ်နေတာ ဘာကြောင့် များပါလိမ့်။


နောက်မှ နေမျိုးကို မေးကြည့်ရမှာပဲ။

◆



www.burmeseclassic.com

www.burmeseclassic.com




သွန်းထွေးရဲ့မွေးနေ့လေးမှာ ခမ်းခမ်းနားနားဖြစ်ဖို့ လုပ်ပေးချင်တာလေးတွေ စိတ်ထဲမှာ အစီအစဉ်ချကြည့်သည်။

ဒီမနက်မှာတော့ သွန်းထွေးဆီကို သွားပြီး surprise ဖြစ်အောင် လုပ်မည်။ ပြီးမှ ဘုရားလိုက်ပို့ပေးပြီး အပြန်မှာ တစ်ခုခုသွားစား.. ဒီညကျတော့ သွန်းထွေးတို့ခြံထဲမှာ ပါတီပွဲလေး ကျင်းပမှ အဓိပ္ပာယ်ရှိလိမ့်မည်။

ဟိုကောင်တွေကိုပါ ဖိတ်မန္တကပြုရဦးမည်။

အတွေးတွေထဲမှာတော့ ချိုမြလို့ ဟုတ်လို့ပဲ။ အကွက်လည်းစေ့နေသည်။ လွဲသွားတာ တစ်ခုမှမရှိရလေအောင် နေမျိုးကို ခေါ်ပြီး စီစဉ်စရာရှိတာ စီစဉ်.. မှာစရာရှိတာတွေ မှာရသေးသည်။

*ဆောင်းညပြာသိုစာပေ*



'အစ်ကို.. ဘီယာပဲလား.. အပြင်းချဦးမလား'

'ငါမှာတာပဲ လုပ်ပါကွာ.. ဪ.. နေဦး.. အန်ကယ်စိုး
ဘ ဝိုင်ပဲ သောက်တယ်ထင်တယ်.. ဝိုင်ကောင်းကောင်းလေးတော့
ဆည့်ဝယ်ခဲ့ကွာ.. barbecue လုပ်ဖို့အတွက်ပါ စီစဉ်ပေးဦး'

'Sea food ရော ပါသေးလား'

'ပါရမှာပေါ့.. အချဉ်ကောင်းကောင်းလုပ်ထားဖို့ ဒေါ်မိုး
သူတို ဖုန်းဆက်လိုက်.. နောက်ပြီး သူ့ပါးစပ်ပါ ပိတ်ထားဦး၊ အခ
ဘ က သွန်းထွေး မသိပါစေနဲ့'

အားလုံးပြီးမှ ရေချိုးခန်းထဲဝင်ကာ ရေချိုးကန်ထဲမှာ ရေ
ဆို စိမ်ပြီး ချိုးပစ်လိုက်သည်။ ရေချိုးခန်းထဲရှိ TV ကို remote
ပြင့် ဖွင့်ပြီး သူ့သီချင်းတစ်ပုဒ်ကို ပြန်နားထောင်ကြည့်သည်။

သွန်းထွေးနှင့်အတူ စင်ပေါ်မှာ တွဲကနေတဲ့ ပုံရိပ်လေး
တွေက ဖန်သားပြင်ပေါ်မှာ ချက်ချင်းပေါ်လာသည်။

စိတ်ထဲမှာ ကြည်နူးလိုက်တာ..

နုသွန်းထွေးရေ.. မင်းသိအောင် ပြောချင်သေးရဲ့..

မင်းနားလည်လား မလည်ဘူးလားတော့ မသိဘူး..

ကဗျာဆန်ဆန် ပြောရမယ်ဆိုရင်တော့ ကိုယ့်အချစ်တွေ
ဘ ဘယ်တော့မှနေဝင်မှာ မဟုတ်ဘူး..

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



နေမဝင်တဲ့အချစ်တွေနဲ့ မင်းကို ခမ်းခမ်းနားနားချစ်
တယ်ဆိုရင် မင်း ဘာပြောမှာလဲ. .

အဲဒီနေ့က အဖြူရောင်ဝမ်းဆက်လေးနဲ့ သွန်းထွေး
အရမ်းလှနေသည်။ သူ. . သူက အရုပ်လိုချင်လို့ စင်ပေါ်တက်
ခဲ့တာပဲ. .

ဟား. . ဟုတ်ပြီ။ ဒီနေ့ သူ့ကို အရုပ်အကြီးကြီး ဝယ်သွား
ပြီးပေးရင် အရမ်းပျော်သွားမယ် ထင်တယ်။

ဖျတ်ခနဲ လင်းလက်လာတဲ့အတွေးတစ်ချက်ကြောင့်
တို ဖိမ်နှင့်မချိုးတော့ဘဲ သွက်သွက်ကလေးချိုးကာ အဝတ်အစား
လဲပြီး Raybin မျက်မှန်လေး ကောက်တပ်ကာ အိမ်မှထွက်လာခဲ့
သည်။

စင်တာပွဲမှာ ကျောင်းတက်တုန်းက ခင်ခဲ့တဲ့သူငယ်ချင်း
သော်ထူးရဲ့ညီမလေး အရုပ်ဆိုင်ဖွင့်ထားတာ သတိရပြီး အဲဒီဆိုင်
ကိုပဲ တန်းမောင်းကာ သွန်းထွေးအတွက် ပန်းရောင်အမွေးပွရုပ်
အကြီးကြီးတစ်ရုပ် ဝင်ဝယ်ခဲ့သည်။

တကယ်တော့ သွန်းထွေးဘဝလေးကို လူတွေက ကရုဏာ
သက်နေကြပေမယ့် သူကတော့ အားအကျကြီး ကျသည်။ လွတ်
လပ်ခြင်း၊ အပူအပင်ကင်းခြင်း၊ လုပ်ချင်ရာတွေ အကုန်လုံး စည်း





ဘောင်တွေမလိုဘဲ လုပ်ခွင့်ရနေခြင်းတွေက တစ်မျိုးတော့ ကောင်း
သား. . ။

ဒီအချိန်ဆို သူ့ဘေဘီလေး ဘာလုပ်နေမှာပါလိမ့်။

ခြံဝမှာ ကားရပ်ပြီး အထဲမဝင်သေးဘဲ အကဲခတ်ကြည့်
သည်။

သူထင်တဲ့ အတိုင်းပါပဲ. . သွန်းထွေးက သူမ ထိုင်နေကျ
ခုံတန်းကလေးမှာထိုင်ပြီး ဖထီးက မျက်စိထောင့်ထောက်ပြီး ကြည့်
နေသည်။ မကြည့်ရင် သူ အလုပ်ပြုတ်တော့မှာကိုး. .

'တီ. . တီ. . '

ကားဟွန်းသံ ကြားတော့ ဖထီးက အူယားဖားယားဖြင့်
အလောသုံးဆယ် ပြေးထွက်လာပြီး ခြံတံခါးလာဖွင့်ပေးသည်။

သွန်းထွေးမျက်လုံးလေးတွေက သူ့ကို မြင်တာနှင့် ချက်
ချင်း အရောင်ပြောင်းသွားလေသည်။

'ကိုကိုအဆိုတော်ကြီး လာပြီ. . သွား. . ခုမှ လာတယ်. .
စိတ်ဆိုးတယ်. . ဟွန်း'

စိတ်ဆိုးလို့ တဲ့. . နှုတ်ခမ်းလေး စူပြလိုက်တာ အသည်း
ယားစရာ။ ကောင်မလေးရယ်. . ဒီနေ့ မင်းရဲ့မွေးနေ့ဆိုတာရော
သိရဲ့လား. .



www.burmeseclassic.com

www.burmeseclassic.com



'နေ့တိုင်း လာနေတာပဲဟာ ကိုကို လာမှာပေါ့. . ဒီမှာ ကြည့်စမ်း. . . .'

ဂီတက သံရှည်လေး ဆွဲပြီး အနောက်မှာ ဝှက်ထားတဲ့ အရုပ်ကြီးကို လှမ်းပေးကာ

'Happy Birthday ညီမလေး'

'ဟယ်. . အရုပ်ကြီးတော့. . သွန်းထွေး လိုချင်နေတဲ့အရုပ်ကြီး. . ပျော်လိုက်တာ'

အပျော်လွန်နေတဲ့ ပီတိမျက်နှာလေးကို တစိမ့်စိမ့် ငေးပြီး ကြည့်မိသည်။

'ဟက်ပီဘတ်ဒေး ဆိုတော့ ဒီနေ့ သွန်းထွေးမွေးနေ့လား'

'ဒါပေါ့. . .'

'ထင့်. . တိတ်မုန့်လည်း ပါဘဲနဲ့'

အဲဒီတော့မှ ဂီတ သူ့နဖူးသူ လက်ဖြင့် ရိုက်မိသည်။

အဲဒါကို ဘာလို့များ မစဉ်းစားမိတာပါလိမ့်. .

'သွန်းထွေးလေး ဆေးသောက်ပြီးရင် အတူတူ သွားဝယ်မယ်လေ. . Ice-creamလည်း ဝယ်ကျွေးမယ်နော်. . လာ. . လိမ္မာတယ်. . ဆေးလာသောက်. . ပြီးရင် အဝတ်အစားသွားလဲ'

ဂီတ ဆွဲခေါ်ရာနောက်ကို မငြင်းမဆန်ဘဲ ကလေးလေး





လို ခုန်ပေါက်ပြီး လိုက်လာသော တူမလေးကို ဦးနေစိုး ဖုံးသြနေသည်။ သူ့တူမလေးကို နိုင်အောင်ထိန်းနိုင်တာဆိုလို့ ဒီကောင်လေးပဲ ရှိမယ် ထင်ပါရဲ့. .

'ဟိုင်း. . အန်ကယ်စိုး နေကောင်းလား'

'ကောင်းပါ့ကွာ. . မင်းလာတာနဲ့ အတော်ပဲ. . ဒီနေ့ တူမလေးမွေးနေ့လေ'

'ကျွန်တော် သိပါတယ်'

'ဟော!'

ဒီဘက်ခေတ်က ကလေးတွေများ သွက်ပါ့၊ ဟုတ်မှာပါလေ. . တူမလေးလက်ထဲမှာ အရုပ်ကြီးတောင် ရောက်နေပြီ. . . မွေးနေ့လက်ဆောင်ရပြီးနေမှပဲ. .

'လေးစိုးက သွန်းထွေးကို ဘာမှဝယ်ပေးဖော်မရဘူး. . . အလကားလူကြီး. . ဒီမှာ ကြည့်စမ်း ဒီက ကိုကိုကလေ ကိတ်မုန့်ဝယ်ပေးဦးမှာ၊ ရေခဲမုန့်လည်း ဝယ်ကျွေးဦးမှာ. .'

ဂီတပခုံးပေါ် ခေါင်းလေးမှီရင်း ပြောနေတဲ့ တူမကိုကြည့်ပြီး ဦးနေစိုး မျက်နှာပူလာသည်။ မသိလျှင် တကယ့်သမီးရည်းစားတွေအလား။ ခုတောင်မှ အပြင်မှာ သူတို့ကို အတွဲဆိုပြီး ဝိုင်းပြောနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတ ဦးလေးဖြစ်သူမှာ မျက်နှာ ဘယ်သွားထားရမှန်း မသိ။

တစ်ခါတလေ ပြုံးစိစိနဲ့ အတည်ပေါက်ကြီး လာ. . လာ နောက်နေတဲ့ မြတ်ထွန်းရန်က ကြောက်ရသေးတာ။

'ငါ့ချွေးမလေး နေကောင်းလား၊ ဒီနေ့ ဆေးသောက်ရဲ့လား'ဆိုပြီး တစ်နေ့တစ်မျိုး မရိုးရအောင်ကို နောက်နေတာ. .

'အန်ကယ်. . ကျွန်တော် ဒီနေ့ သူ့ကို ဘုရားလိုက်ပို့ပေးချင်လို့ ခဏခေါ်သွားမယ်နော်၊ ပြီးတော့ ဒီည သွန်းထွေးအတွက် Birthday Party လေး ကျင်းပပေးချင်လို့ ခွင့်ပြုပေးပါလား အန်ကယ်'

ဦးနေစိုး ဒုတိယမ္ပိ အံ့ဩရပြန်သည်။

'လုပ်လေကွာ. . အန်ကယ် ဘာတွေစီစဉ်ပေးရဦးမလဲ'

'ဟာ. . မလိုတော့ဘူးဗျ. . ခဏနေ ကျွန်တော့်မန်နေဂျာ လာလိမ့်မယ်. . သူ့ကို အကုန်မှာပြီးသား'

ဒေါ်မိုးသူတလည်း အခုမှ ပြောဖို့ ပါမစ်ကျတဲ့သူဆိုတော့ သူ အချဉ်လုပ်ထားပြီးကြောင်း ဝင်ပြီး ကြွားသည်။

'အမယ်လေး. . မောင်နေမျိုး ဖုန်းဆက်လာကတည်းက ဒေါ်ဒေါ် အချဉ်လုပ်ထားပြီးသား၊ အတင်ပဲ လိုတော့တယ်'





'ကျေးဇူးပဲ ဒေါ်ဒေါ်. . ခြံထဲမှာ လိုအပ်တာလေးတွေ နေမျိုးနဲ့တိုင်ပင်ပြီး လုပ်ပေးပါဦး. . အခုတော့. . သွန်းထွေးကို မြန်မာအဝတ်အစားလဲပေးပါ ဒေါ်ဒေါ်'

'ကိုကို လဲပေး'

သူ့လက်မောင်းကို ဆွဲပြီး ပြောလိုက်တဲ့ အဲဒီအသံလေးကြောင့် ကြက်သီးပင် ထသွားရသည်။

ရင်ထဲမှာလည်း နွေးကနဲ သိမ့်ကနဲ ဖြစ်သွားရသည်။

'မမိုးသူ. . နင့်လူ နင်ကြည့်လုပ်ပေးလိုက်တော့ဟာ. . ငါ မျက်နှာပူလာလို့ ရေသွားလောင်းလိုက်ဦးမယ်'

ဂီတက တစ်ဖက်သို့လှည့်ပြီး ပြုံးလိုက်သည်။

ဦးလေးဖြစ်သူက မျက်နှာပူပေမယ့် သူ့အမူက အင်္ကျီလဲဖို့ ဒေါ်မိုးသူနှင့် နပန်းသတ်နေဆဲပင်။

သွန်းထွေးလေးက သူ့စိတ်သူ ထိန်းချုပ်တတ်တာ မဟုတ်တော့ စိတ်ထဲရှိရာကို ပွင့်ပွင့်လင်းလင်းပြောသောအခါ အကြီးအကျယ် ဒုက္ခရောက်ရသူက သူသာ ဖြစ်သည်။

သူမလေးဆီကနေ ဘယ်လိုမှ ရုန်းထွက်လို့ မလွတ်နိုင်တော့. . . ရုန်းမထွက်နိုင်တာထက် သူ့ကိုယ်၌က တိုးဝင်ချင်နေသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သွားပြီလား မမိုးသူ'

ထွက်သွားတဲ့ကားဆီ လက်တပြပြနဲ့ ကျန်ရစ်ခဲ့သော မမိုးသူတို့ ဦးနေစိုးက မေးလိုက်သည်။

အမယ်. . ဒီမိန်းမကြီးကပါ မကြီးမငယ်နဲ့ ဘာတွေ ပျော်မြူးနေမှန်းမသိ။

'သွားပြီ ဆရာ. . သူတို့နှစ်ယောက်ကလေ အရမ်းလိုက်ဖက်တယ်နော် အဟိ. . .'

'တိတ်စမ်း. . နင်ကပါ မကြီးမငယ်နဲ့ ကမြင်းကြောက ထချင်နေသေး'

'ဆရာ ညကျရင် ဂီတတို့အဖွဲ့တွေအကုန်လာပြီး သီချင်းဆိုကြမှာတဲ့ ပျော်စရာကြီးတော်. . ကျွန်မတစ်သက် ဒီအိမ်မှာ နေလာတာကြာပြီ ဒီလိုပါတီပွဲမျိုး တစ်ခါမှမတိုးဖူးဘူး'

'ဩော်. . တိုးဖူးရအောင် ငါ့အသက်အရွယ်က ပါတီပေးရမဲ့အရွယ်လား စဉ်းစဉ်းစားစားလည်း ပြောဦး'

'ကန်တော့ ဆရာ. . ကန်တော့. . ကန်တော့'

'ငါ နေ့ခင်းကျမှပြန်လာမယ်. . သမီးပြန်ရောက်တဲ့အချိန် ငါ့ဆီ ဖုန်းဆက်ပေးဦး'

'ဟုတ်ကဲ့'





ဦးနေစိုး ကားမောင်းပြီး ထွက်သွားတော့မှ ဒေါ်မိုးသူ ကြိတ်ပြီးရယ်မိသည်။

ဟုတ်တယ်လေ. . . သူကပဲ စိုးရိမ်ရတယ်ရှိသေး။ သူ့ရဲ့ ထိန်းမနိုင်သိမ်းမရ တူမလေးကို ထိန်းပေးမယ့်သူ ပေါ်လာတာများ ကျေးဇူးတောင် တင်ရဦးမှာ. .

ပြီးတော့ နာချင်း နာရင် ဟိုကတောင် နာရဦးမှာ၊ သူများသားက နိုင်ငံခြားပြန်၊ ရုပ်ချော၊ ဥစ္စာပေါ၊ နာမည်ကြီးအဆိုတော် ဥစ္စာ. .

ကောင်မလေးတွေ ဝိုင်းပြီး သည်းသည်းလှုပ်နေတဲ့ကြားက သူ့တူမက ကံစမ်းမဲထပေါက်တာ ဝမ်းတောင် သာရဦးမှာ. . . .

* * *



www.burmeseclassic.com

www.burmeseclassic.com

လွတ်လပ်ရေးနေ့ ပိတ်ရက်မို့ ဘုရားပေါ်မှာ လူတွေစည်ကားနေသည်။

ဘုရားပေါ်ကို ဘယ်နည်းဘယ်ပုံတက်ရမလဲ ဆိုတာ သွမှာ အချိန်ယူပြီး စဉ်းစားရသေးသည်။ စက်လှေကားဆို သွန်းထွေးစီးလို့ တတ်ပါ့မလား။ ဓာတ်လှေကားနဲ့တက်ရင် ထပြီးမှား အော်ထေမလား. . ထောင့်စုံမှတွေးပြီးသကာလ နောက်ဆုံးမှာ ရိုးရိုးလှေကားနဲ့ပဲတက်ဖို့ ဆုံးဖြတ်ပြီး တတ်လာခဲ့ရသည်။

နာမည်လေး နည်းနည်းရလာပြီဆိုရင် လူကြားထဲမှာ သွားရတာ သိပ်ပြီးလွတ်လပ်မှုမရှိတော့သလို ခံစားရသည်။

လူတချို့က သူတို့နှစ်ယောက်ကို ကွက်ကြည့် ကွက်ကြည့်လုပ်နေကြသည်။ ကိုယ့်နံဘေးနားမှာ ပါလာတဲ့ ကောင်မလေးကလည်း အမိုက်စားဖြစ်နေတာကိုး. . ကြည့်ကြမှာပဲလေ။

ဆောင်းညပြာသိစာလေ



သွန်းထွေးကို ဒီနေ့လို မြန်မာဆန်ဆန်အဝတ်အစားနဲ့ တစ်ခါမှ မတွေ့ခဲ့ဖူးတော့ ကျက်သရေရှိပြီး နည်းနည်း သဝန်တိုစရာကောင်းနေသည်။ စိမ်းပြာရောင် အပါးစ အင်္ကျီလက်ပြတ်လေးမှာ ရောင်စုံပန်းပွင့်လေးတွေ ရင်ဘတ်နားမှာပြန်ကပ်ထားပြီး ထဘီကဒီတောက်ခြောက်ရောင်လေးဝတ်ထားတော့ ကြည့်ရတာ ရိုးရိုးလေးနဲ့ ဆန်းနေသည်။

ဖြူနုနေတဲ့ အသားလေးက စိမ်းပြာရောင်လေး ဝတ်ထားတော့ ပိုပြီး ဝင်းနေသည်။ ခါးသိမ်သိမ်လေးမှာ စွင့်ပြီး ကားနေတဲ့ နောက်ပိုင်းအလှက ရင်ပူချင်စရာပင်။

ဖြတ်သွားဖြတ်လာသကောင့်သားတွေက ရှေ့ကြည့် နောက်လှည့်ကြည့်နဲ့ အမှန်အကန်ကို ကြည့်သွားကြသည်။

ဟိုဘွားတော်ကလည်း ဘာလို့ ဒီလောက်တောင် ပြင်ပေးလိုက်သလဲမသိတော့. . .

အနားကဖြတ်သွားတဲ့ ကောင်လေးနှစ်ယောက်က သွန်းထွေးကို ပြုံးပြုံးကြီးရှုစားသွားကြသည်။ မသင်္ကာလို့ လှည့်ကြည့်လိုက်တော့ မချောလေးက သွားပြီး ပြုံးပြနေတာကိုး။

'သွန်းထွေး'

'ရှင်'

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



သူ့တို ခေါ်လိုက်ရင် 'ရှင်'လေး တစ်လုံးတော့ တောင်
တောင်း ထူးတတ်လေသည်။

'ဘာလို့. . သွားရယ်ပြတာလဲ'

'သူတို့ကလာပြုံးပြနေတော့ ကိုယ်ပြန်မပြုံးရင် ဟန်ကြီး
ကြီးနိုင်တယ်လို့ အထင်ခံရမှာပေါ့'

ကောင်းရော. . သူ့အဖြေနဲ့သူတော့ ဟုတ်လို့၊ ဘုရား
လက်ဝဲရစ် တစ်ပတ်ပတ်ပြီး သွန်းထွေးရဲ့ယောကျာ်းမွေးနံထောင့်
ကန်တော့စေပြီး ဝယ်လာတဲ့ ပန်းတွေ ကပ်သည်။

သူမြတ်နိုးတန်ဖိုးထားပြီးချစ်ရတဲ့ ကောင်မလေး အမြန်ဆုံး
နေကောင်းပါစေလို့ စူးနစ်စွာဆုတောင်းပေးမိသည်။

သွန်းထွေးကို သူတစ်ချိန်လုံး အကဲခတ်နေမိသည်။

တိုအရင်တလောက် မဆိုးတော့ဘဲ အခြေအနေ တိုးတ
ကောင်းမွန်လာတာတို တွေ့လိုက်ရသည်။ ဆေးမှန်မှန် သောက်
အတွက်ဆိုရင်တော့ သူ့ကိုယ်သူ ကျေးဇူးတင်ရပေမည်။ ဆေး
သူပဲ စိတ်ရှည်လက်ရှည်နဲ့ တိုက်ခဲ့တာလေ။

သွန်းထွေးလက်ကလေးကိုဆွဲပြီး လှေကားဆီပြန်လျှော
လာတုန်းမှာ ကောင်မလေးတစ်စု သူတို့နှစ်ယောက်ကို စေ့စေ့ကြည့်
ပြီး သူတို့အချင်းချင်း. .





'မိုင်ဂီတတော့'

'ဟဲ့. . ငါမပြောဘူးလား အဲဒါ သူ့ကောင်မလေးပါလို့'

'အေးလေ. . ကြော်ငြာတွေထဲမှာ တွေ့တုန်းက မော်ဒယ်
ဖဲ အောက်မေ့တာ အခုလိုရှင်းရှင်းလင်းလင်းကြီးမြင်လိုက်ရတော့
ရင်နှစ်ခြမ်း ပြန်းပြန်းကွဲရောပဲဟယ်'

ဂီတက ခေါင်းကို မော့ပြီး ပြုံးလိုက်မိသည်။ သူတို့ထင်တဲ့
အတိုင်း အမြန်ဆုံးဖြစ်ပါစေ။

ဘာပဲပြောပြော. . . ဒီနေ့လေးဟာ သူ့ဘဝအတွက်တော့
အမှတ်တရနေ့လေးတစ်နေ့ပါပဲ။

သူ့ဘေးနားမှာ သွန်းထွေး ရှိနေရင် ပြီးပြည့်စုံပြီလေ. .
ကျန်တာ ဘာလိုသေးလို့လဲ။

မွန်းချိုသည် လှေကားထစ်တွေပေါ်တက်နေရင်း ဖုန်းတစ်
လုံးဖြင့် အလုပ်ရှုပ်နေသည်။ သူ့အမေ ဒေါ်နန္ဒာချိုက ယတြာချေ
ခိုင်းသဖြင့် လာချေရခြင်းဖြစ်လေရာ မှားမှာစိုးလို့ ဖုန်းနဲ့ပြန်မေးနေ
ရသည်။

'အမေ. . ထီးက အဖြူလား အနီလား'

'. . .'

'ဟုတ်ပြီ. . သပြေက ကိုးညွန့်. . ပြီးတော့ရော'



www.burmeseclassic.com

www.burmeseclassic.com



‘. . . . . . . ’

ဖုန်းပြောနေရင်း လှေကားစောင်းတန်းအုတိုင်း ဆင်းလာ
သော ဝိတတို့နှစ်ယောက်ကို တွေ့သောအခါ တစ်ဖက်မှ သူ့အဓ
ဘာတွေပြောနေသလဲဆိုတာ မကြားနိုင်တော့။

သူ့အမြင်အာရုံထဲမှာ ဂီတလက်မောင်းကို အားကိုးတကြီး
ဆုပ်ကိုင်ထားပြီး ကြည်နူးပျော်ရွှင်နေသော နုသွန်းထွေးရဲ့ ပုံရိပ်
အတိုင်းအဆမဲ့နေရာယူနေသည်။

ဂီတသည် အမှတ်မထင်မြင်လိုက်ပေမယ့်သူတို့နှစ်ယော
တို ကြောင်တောင်ငေးနေသော Aမွန်းချိုကို အမြင်ကတ်လာသ
သွန်းထွေး၏ပခုံးလေးကို ဆွဲဖက်ကာ ပညာပြလိုက်လေသည်။

တိုယ့်အမြတ်နိုးဆုံး ကောင်မလေးကို ကိုယ့်ရှေ့မှာ ပိုင်
ပိုင်နိုင်ဖက်နေသော အဆိုတော်ဆိုတဲ့အကောင်ကို ပြေးပြီး ဆွဲ
ပစ်လိုက်ချင်သည်။

ခက်တာက ပိုင်ရှင်ပါလို့ လိုင်စင်ထုတ်ပြရအောင်ကလည်း
ကိုယ်မှ မစွမ်းဆောင်နိုင်သေးတာကိုး။ အဲဒီတော့ ကျိတ်ပြီး ခံ
ဦးပေါ့။

စားတော့ဝါးတော့မတတ် မျက်ထောင့်နီကြီးဖြင့် ဒေါသ
ကြီး စိုက်ကြည့်နေသော မွန်းချိုကို ဂီတက အောင်သေအောင်သ





စားရသလို မထိတထိပြုံးကာ အနားမှကပ်အဖြတ်တွင် ရှိဖြစ်အောင်
ရှိလိုက်သေးသည်။

‘ဘယ်လဲ. . ဘုရားလာတာလား ဘုရားသွားကျောင်းတက်
အဖော်လေးဘာလေး ရှာထားမှပေါ့. . ခတ်ပုံဆရာရဲ့’

ဒီတစ်ချီတော့ မွန်းချိုက တင်းပြီးမခံနိုင်ဖြစ်လာပြီမို့
‘အေးပါ. . မင်းရဲ့ ဘုရားသွားကျောင်းတက် အဖော်လေး
တို သေချာသာ ထိန်းထား’

ဂီတကလည်း စိတ်ကြီးသူပီပီ ရှူးရှူးရှဲရှဲဖြစ်လာပြီး
‘ဟေ့ကောင်. . ဘုရားပေါ်မှာ မင်းဘာစကားပြောတာလဲ’
‘မင်းနဲ့ငါ ရန်မဖြစ်ချင်ဘူး ဟေ့ကောင် ကိုယ့်လမ်းကိုယ်
သွားတော့. . .’

ရန်ဟစောင်စောင်ဖြစ်နေသော သူတို့နှစ်ယောက်ကို သွန်း
ထွေးက မျက်လုံးလေးပြူးပြီး ကြည့်နေရာမှ ဘာမပြော ညာမပြော
ဖြဲဆို ငိုချလိုက်သည်။

‘ဟီး. . . ကိုကိုက ကိတ်မုန့်ဝယ်ပေးမယ်ဆိုပြီး ဒီမှာ ရန်
လာဖြစ်နေတယ် လေးစိုးနဲ့တိုင်ပြောမယ် ဟီး. . . ဟင့်’

သွန်းထွေးငိုတာကို တွေ့မှ ဂီတလည်း ခြေမကိုင်မိ လက်
မကိုင်မိဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . တိုက်. . တိတ်. . မငိုနဲ့တော့နော် ဟိုမှာ လူတွေ ဝိုင်းကြည့်နေပြီ'

'အေး. . ကြည့်မှာပေါ့ကွ မင်းက ကလေးကို အလိုမတွေ့ဘဲ ဈေးယောင်းသွေးဆောင်လာတာကိုး'

စကားကို အကျမခံဘဲ လိုက်ဖဲ့နေတဲ့ လေးလုံးကောင်ကို ဂီတက ခပ်ချဉ်ချဉ်ရှိလာသဖြင့်

'ဟောကောင်. . မင်းအပေါက်ကို ပိတ်ထား'

သူ့စကားကို နားထောင်စွာပင် ဟိုကောင်ကလည်း

'နှသွန်းထွေး. . အိုက်စ်ခရင် ဝယ်ကျွေးမယ် လိုက်မလား'

ဟု ဝင်မေးသည်။ ငိုနေတဲ့ သွန်းထွေးကလည်း အငိုတိတ်ပြီး မျက်လုံးတွေပြူးလာပြီမို့ ဂီတက ဆောင့်ပြီးဆွဲခေါ်သွားသည်။ ဒီတစ်ခါ အော်ရယ်မိသူတာ မွန်းချိုပင်ဖြစ်သည်။ ဖြတ်သွားဖြတ်လာတွေကလည်း သူ့အဖြစ်ကို ကြည့်ပြီး ကောင်းချီးပေးကြသည်။ တစ်ယောက်တည်းရယ်နေတယ် မရှက်ဘူးလားတဲ့။ အရှုးကြီးတဲ့လေ။

ဒီနေ့ တကယ်ကံမကောင်းပါဘူး။ ဒီထက် ပိုပြီးဆိုးတာက အမေမှာလိုက်တဲ့ဟာတွေ တစ်ခုမှ သူ သတိမရတော့။ မထူးပါဘူး အမေသိမှာမှမဟုတ်တာ စိတ်ထဲရှိသလို ယကြာချေလိုက်တာပေါ့။

* * *

*ဆောင်းညပြာသိုစာပေ*

နေမျိုးလက်ချက်လား ဒေါ်မိုးသူ ပြင်ဆင်ထားတာလား တော့ မသိ၊ ခြံထဲမှာ ရောင်စုံမီးလေးတွေထွန်းထားပြီး ဘောလုံးလေးတွေပါ ချိတ်ထားသေးသည်။

ကိတ်မုန့်က သွန်းထွေးရဲ့အသက်17ကို ပုံဖော်ပြီး လုပ်ထားသည်မို့ ဦးနေစိုးက ဂီတကို ideaကောင်းသည်ဟု ချီးကျူးနေသေးသည်။

- ကိုရီးယားက ခေါ်လာတဲ့ အကင်ဆရာ ဖထီးကလည်း တင်ဖို့ ရယ်ဒီဖြစ်နေပြီ။

မွေးနေ့ရှင်လေးက တခမ်းတနားဖြစ်နေတဲ့ အပြင်အဆင်တွေကို ကြည့်ပြီး ခြံထဲမှာ လှည့်ပတ်ပြီး ကလေးလေးလိုပဲ ပျော်နေသည်။

မီးခိုးရောင်အပါးစလေးကို ညနေခင်း ပွဲတက်ဝတ်စုံဆန်

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဆန် ဖါဝန်ဝိုဆန်းလေးချုပ်ပေးထားတာ သွန်းထွေးနဲ့အရမ်းလိုက်ပါသည်။

လိုက်ဆို မင်းသမီးတွေချုပ်တဲ့ နာမည်ကြီး ဒီဇိုင်နာဆီမှာ သူကိုယ်တိုင်လိုက်အပ်ပေးခဲ့တာပဲ။

သွန်းထွေးနဲ့ ပတ်သက်လာရင် အလှအပရေး ကျန်းမာရေးပါ အစစအရာရာတာဝန်ယူချင်သည်။ လုပ်ပေးချင်သည်။

နောင်တရစရာ ဘာမှမရှိအောင်ကို ချစ်သည်။

တစ်အိမ်လုံးတက်ကြွပြီး ပျော်နေကြသည်။ ဦးနေစိုးက သူ့ ဘော်ဒါကြီးကို တမ်းတနေသေးသည်။

'မြတ်ထွန်းကလည်း တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ကျမှ ခရီးထွက်သွားရတယ်လို့ကွာ'

'ဒါပေမယ့် အဖေတာ တာဝန်ကျေပါတယ်. . အဖေပြောလို့ သူ့မွေးနေ့ကို ကျွန်တော်လုပ်ပေးနိုင်တာ'

'ဩော်. . ဒီလိုလား'

မြတ်ထွန်း. . မြတ်ထွန်း. . ဘာတွေကျိတ်ကြံနေသလဲ မသိပါဘူး။ တူမလေးကို တကယ်ပဲ သူ့ချွေးမအဖြစ် ရွေးချယ်မလို့လား

ဒါဆိုရင်တော့ ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရမှာပေါ့။





ဟုတ်တယ်လေ။ ခုနေ ကိုယ်သာ ဝေါက်ကနဲသေသွားရင် ဒီတူမလေးကို ဘယ်လိုစိတ်ချပြီး ထားခဲ့ရမလဲ။ ဂီတနဲ့ဆိုရင်တော့ အလုံး၀ စိတ်ချသည်။

ဂီတဆိုမှာ သမီးလေးကို ထိန်းသိမ်းနိုင်တဲ့ အရည်အချင်းရှိသလို သမီးဘ၀ကို ရှေ့ကနေ မားမားမတ်မတ်ရပ်တည်ပေးနိုင်မယ့် ယောက်ျားကောင်းတစ်ယောက်လည်း ဖြစ်သည်။

'အန်ကယ် ဝိုင်သောက်မလား'

'ဟေ. . သောက်ရတော့မလား။ မင်းသူငယ်ချင်းတွေကို မစောင့်တော့ဘူးလား'

ပြောတုန်းရှိသေး. . ခြံထဲကို မျက်စိနောက်စရာကောင်းသော ဂျစ်ကားတစ်စီး ဝင်လာသည်။

ဟိုကောင်တွေရဲ့ကားပဲပေါ့။

စပီကာမှသီချင်းသံနဲ့အတူ ကားမှာ မီးတွေရောင်စုံထနေတာ သူတို့ကားတစ်စီးတည်းကွက်ပြီး သီတင်းကျွတ်နေသလား မှတ်ရလေသည်။

ကားပေါ်က ဆင်းလာကတည်းက Happy Birthday သွန်းထွေး ဆိုပြီး သံပြိုင်အော်လာကြသည်။

မွေးနေ့ရှင်လေးက ဘာပြန်ပြောတယ်မှတ်သလဲ။



www.burmeseclassic.com

'Happy Birthday ကို ပါးစပ်ကပဲ မပြောရဘူး၊ ထ
ဆောင်တေတဲ့သူမှ မုန့်ကျွေးမှာ'

'တဲ့ . . ကြားကြတဲ့အတိုင်းပဲ ပါလာတဲ့မွေးနေ့လက်ဆောင်
တွေ ထုတ်ပေးလိုက်'

သူတို့ကတော့ ထုံးစံအတိုင်း နည်းနည်းလေးတော့ စ,ရ
နောက်ရမှ . . ပါကင်စက္ကူလှလှလေးနဲ့ထုပ်ပိုးလာတဲ့ မွေးနေ့လက်
ဆောင်ကို သွန်းထွေးလက်ထဲ ထည့်ပေးလိုက်သည်။

'ဟော့ကောင် . . မင်းကောင်မလေး ဒီည အရမ်းလှနေ
လား . . ကွန်ရွှေလည်း ရတယ်နော်'

သူတို့ပြောလည်းပြောချင်စရာ၊ သွန်းထွေးက ဆံပင်တွေ
ကို ဆံထုံးမြင့်မြင့်လေးထုံးပြီး ပုလဲလုံးလေးတွေ ပတ်ဝိုင်းကာ အထ
နှင့်ဆင်တူ မီးခိုးရောင်ဝန်းပွင့်လေးတစ်ပွင့်ပန်ထားတော့ တစ်မျိုး
လေး အမြင်ဆန်းနေသည်။

ခဏနေတော့ ကွန်ရွှေရတယ်ဆိုတဲ့ ကောင်မလေးက သူ့
လက်ထဲမှ ပါကင်ထုပ်လေးကို အမဲဖျက်သလို ဆွဲဖြဲလိုက်ပြီး အထဲ
ဘရာစီယာနှင့် အတွင်းခံဘောင်းဘီများကို တစ်ထည်ချင်း ဆွဲဖြ
ကြည့်ကာ အားရပါးရ အော်ရယ်လေသည်။

'ရှင်တို့တွေ တော်တော်ရူးတာပဲနော် သွန်းထွေးမှာ အဲဒါ





မျိုးတွေ အများကြီးရှိပြီးသား ကိုကိုဝယ်ပေးထားတာ အဟိ . . နော်
ကိုကို'

ဟာ . . လုပ်ပြီ . . နေသွန်းထွေးတို့က

'ဟော့ကောင် . . ကြည့်စမ်း မင်းက ဒီအခြေအနေရောက်
နေတာတောင် ငါတို့ကို ဖုံးဖိထားတယ်ပေါ့ ဟုတ်လား၊ ဒါဘာ အချိုး
ချိုးတာလဲ'

'တစ်ချပ်မှောက်လိုက်တာလေ၊ မင်းတို့ကလည်းကွာ သူက
စိတ်ထဲမှာရှိသလို ပြောနေတဲ့ဟာ'

ဂီတက ပြောပြီး သွန်းထွေးလက်ထဲမှ ဟိုဒင်းဟိုဟာတွေကို
အိတ်ထဲ ကောက်ထည့်ကာ အိမ်ဖော်ကောင်မလေးကို သွားသိမ်း
ခိုင်းလိုက်ရသည်။

'ဗျို့ . . ဖထီး ဘီယာတွေ အေးပြီလား'

'အေးပြီလားဟေ . . . ရေခဲတိုက်ထဲက ထုတ်လာသလား
အောက်မေ့ရတယ်'

မိုးထွန်းနှင့်စောသာမှာ အောင့်သက်သက်ဖြင့်

'ဖထီးရယ် တော်ရုံတန်ရုံတင်စားရင် ရပါပြီဗျာ . . တက
တည်း သောက်ချင်စိတ်ကို ကုန်တယ်'

'နင်တို့မသောက်တော့ ငါ များများသောက်ရတာပေါ့ဝေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟား . . ဟား . . ဟား ဖထီးက အကြံကြီးနဲ့ကိုး'

ဖထီးတပါ မကြီးမငယ်ဖြင့် လူငယ်တွေနဲ့ရောပြီး ပွဲကျနေသည်၊ ဒေါ်မိုးသူကလည်း ပြေးလာပြီး

'ဟဲ့ . . နင်တို့ ဒီည သီချင်းဆိုကြမှာလားဟင်'

ဟု ဝင်မေးသည်။ စောသာက ဂီတကို ဘယ်လိုလဲ ဆိုပြီး မျက်စပစ်ပြသည်။ ဂီတက ခေါင်းညိတ်လိုက်သည်။

သွန်းထွေးအတွက်ရည်ရွယ်ပြီး စင်ပေါ်မှာ အမြဲဆိုနေကျ 'love you'သီချင်းလေးကို ဆိုဖို့ ပြောထားလိုက်သည်။

နေမျိုးကိုလည်း မွေးနေ့ပွဲမှာ မှတ်တမ်းတင်ဗီဒီယိုလေး ရိုက်ခိုင်းထားပြီးပြီ။

'ဟား . . အကင်နံ့လေးက မွှေးနေတာပဲ'

အန်တယ်စိုးတောင်မှ အပျော်လွန်ပြီး ဝိုင်တွေ တစ်ခွက်ပြီး တစ်ခွက် သောက်နေသည်။

အချိန်တွေ ကုန်လို့ ကုန်မှန်း မသိအောင် အားလုံး အပျော်တွေ ညီနေကြသည်၊ ဂီတကတော့ ကောင်မလေးမျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး သူ လုပ်ပေးလိုက်တဲ့ ပါတီပွဲလေးအတွက် ကြည်နူးကျေနပ်နေသည်။

ညဉ့်နက်လာလေ အအေးဓာတ်က ပိုကဲလာလေပင် . . .

ဆောင်းညပြာသိုစာလေ



သူဝတ်ထားတဲ့ ဂျင်ဂျာကင်လေးကို ချွတ်ပြီး သွန်းထွေးကိုယ်ပေါ်မှာ ခြုံပေးလိုက်သည်။

သူများတွေ စားတာသောက်တာကိုလိုက်ကြည့်ပြီး သဘောကျနေသော သွန်းထွေးက သူ့လက်ကိုဆွဲပြီး ခေါ်သွားသည်။

'ကိုကို . . သူတို့တွေပဲ စားနေကြတာပဲ . . ကိုကိုမစားရဘဲ နေဦးမယ် . . လာ . . မြန်မြန်သွားစားမယ်'

သွန်းထွေးရယ် . . မင်းဆီမှာ ကိုယ့်ကိုစားဆော်ချင်တဲ့စိတ်ကလေး ရှိသေးတယ်နော် . . ဒါနဲ့များ မင်းကို လူတွေက ရူးနေတယ်လို့ မညာမတာပြောရက်လိုက်တာကွာ . .

သူတို့ပြောနေတာတွေ လုံးဝမှားတယ်ဆိုတာ တစ်နေ့သက်သေပြရတာပေါ့ . . အဲဒီအတွက် မင်း ကိုယ့်ကို ကူညီပေးပါ။ ကိုယ့်ရင်ထဲမှာတော့ မင်းက ထာဝရနေကောင်းနေတဲ့ ပန်းလေးတစ်ပွင့်ပါကွာ . .

သွန်းထွေးက ပြည်ကြီးငါးကင်၊ ပုစွန်ကင်နှင့် ကြက်ဆာတေးတွေကို ပန်းကန်ပြားကြီးနဲ့ အပြည့်ထည့်နေသည်။

ဖထီးက

'ဟဲ့ . . မွေးနေ့ရှင် . . ဒါတွေ အကုန်လုံး စားမလို့လား . . ကုန်ပါ့မလား သမီးရယ်'

ဆောင်းညပြာသိုစာလေ

www.burmeseclassic.com

www.burmeseclassic.com



'သွန်းထွေး မစားပါဘူး၊ ကိုကို့ကို ကျွေးမလို့'

'ဘယ်က ကိုကိုလဲ'

စပ်စပ်စုစုမေးနေတဲ့ ဖထီးကို သွန်းထွေးက မျက်စောင်းလေး ချီရင်း ဂီတရင်ဘတ်ကို သူ့လက်ကလေးနဲ့ပုတ်ပြပြီး

'ဒီမှာ . . ဒီကိုကိုကို ပြောတာ . . အဲဒါ သွန်းထွေးရဲ့အချစ်ဆုံး ကိုကို'

ဘယ်လိုလေးမှန်းကို မသိတာ . . ရုတ်တရက်ပြုမူလိုက်တဲ့ သူမလေးရဲ့အပြောနဲ့အမူအရာလေးတွေက သူ့ရင်ကို တန်းပြီးထိသွားသည်။

'အေးပါ . . ဟုတ်ပါပြီကွယ် . . ဖထီး မသိလို့ပြောမိတာ ခွင့်လွှတ်နော်'

'ဆောရီးလို့ ပြောရတယ်၊ မသိရင် မှတ်ထားဦး'

သွန်းထွေးလေး တော်တော်တိုးတက်လာပြီပဲ . .

သူနဲ့ တွေ့ပြီးနောက်ပိုင်းမှာ တစ်ယောက်တည်း စကားသိပ်မပြောတော့ဘူးလို့ ဒေါ်မိုးသူက ပြန်ပြောပြသည်။

ကိုယ့်အသက်လောက် ချစ်ရသည့် ကောင်မလေးကို ဒီလိုဘဝဆိုးထဲမှာ ပြီးစလွယ် မထားရက်နိုင်ပါ။ အစွမ်းကုန်ကြိုးစားပြီး ခေါ်ထုတ်ရမှာပဲ။

ဆောင်းညပြာသိုစာပေ



'ကိုကို . . လာ . . သူတို့မတွေ့အောင် ပန်းပင်နားမှာ သွားစားမယ်'

သူ့ကိုဆွဲခေါ်လာတဲ့နေရာက ခြံရဲ့ထောင့်စွန်းနားမှာ စီတန်းပြီး စိုက်ထားသော ပန်းခြုံလေးဖြစ်နေသည်။ မှောင်ရိပ်ကျနေတဲ့နေရာလေးမို့ သူတို့ကို မတွေ့နိုင်ဘူးအထင်နှင့် လာပုန်းနေပုံရသည်။

'ဒီမှာစား ကိုကို . . သူတို့မမြင်တော့ လာလုပြီး စားလို့မရတော့ဘူး'

ဟား . . ချစ်စရာကောင်းလိုက်တာကွာ . .

မင်းနဲ့တော့ ခက်ပြီ ကောင်မလေးရယ် . . ကိုယ့်စိတ်တွေထိန်းလို့မရတော့ဘူး။

ပူးကပ်နေတဲ့ အထိအတွေ့လေးမှာ လေတိုက်လိုက်တိုင်း သင်းပျံ့လာတဲ့ ကိုယ်သင်းနံ့လေးက သူ့နှာခေါင်းထဲ ရောက်လာတော့ . . သောက်တုန်းက မမူးဘဲ အခုမှ တကယ်မူးချင်လာသည်။

'ရော့ . . ကိုကိုစား'

သူ့ပါးစပ်ထဲထိ လာခွံ့ကျွေးနေသော သွန်းထွေးကိုကြည့်ပြီး အသည်းယားလာသည်။

တဒင်္ဂတော့ သူ့စိတ်တွေလွှတ်သွားသည်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



သွန်းထွေးကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ဆွဲဖက်လိုက်ပြီး အငမ်းမရ နမ်းရှိုက်မိသည်။

သူမနှုတ်ခမ်းလေးက ချိုမြနေသလို သူ့နှလုံးသွေးတွေ ဆူဝွတ်ပြီး ပူနွေးနေမှာ သေချာသည်။

A.မွန်းချိုသည် ခြံဝမှာ ရပ်ပြီး အထဲဝင်သင့် မဝင်သင့် စဉ်းစားနေမိသည်။

ကြည့်ရတာတော့ ပါတီပွဲကျင်းပနေပုံရသည်။ အသံတွေ တ ပျော်နေကြတဲ့ပုံပဲ။

တိုကြည့်ဒီကြည့်နှင့် သူချစ်သောကောင်မလေးကို ရှာနေ စဉ် မမျှော်လင့်ဘဲ မှောင်ရိပ်ကျတဲ့နေရာမှာ ပူးကပ်နေတဲ့ ပုံရိပ် နှစ်ခုတို တွေ့လိုက်ရသည်။

အမှောင်ထဲမှာပေမယ့် အဲဒါ ဂီတနှင့် နုသွန်းထွေးဆိုတာ သူ့မျက်လုံးတွေက သိနေသည်။

ဒီအခြေအနေထိတောင် ရောက်နေမှကိုး. . ဒါဆို ကိုယ့် မှာ ကြိုးစားခွင့်မရှိတော့ဘူးပေါ့. .

ရင်ထဲမှာ နာကျင်နေတာပဲ သိသည်။

မွန်းချိုသည် စိတ်ထဲမှာ ခံစားနေရသည့်အတိုင်း ပေါက် ကွဲပစ်လိုက်ချင်သည်။





ဟိုကောင့်ရင်ခွင်ထဲက ကောင်မလေးကိုဆွဲခေါ်ပြီး အဝေး ဆုံးကို ထွက်ပြေးသွားချင်သည်။

လာရာလမ်းအတိုင်း ပြန်ခဲ့ပေမယ့် ထိုမြင်ကွင်းက သူ့မျက် လုံးထဲမှ မထွက်တော့. . .

စိတ်အလိုကို လိုက်မိလို့ သူမှားသွားပြီဆိုတာ သိလိုက်တာ နှင့် လူချင်းခွာလိုက်ချိန်မှာ မျက်လုံးလေးပြူးပြီး သူ့ကို ကြည့်နေ သော ကောင်မလေးကို စိတ်မကောင်းစွာ တွေ့လိုက်ရသည်။

'sorry...sorry ပါ သွန်းထွေးရယ်. . ကိုကို တောင်းပန်ပါ တယ်နော်. . .'

◆



www.burmeseclassic.com

# [illegible]

'Hi..my dear son လေး . . ညက အိပ်လို့ပျော်ရဲ့လား နေပါဦး မျက်ကွင်းတွေညိုနေပါလား သား ညက မအိပ်ဘူးလား'

လားပေါင်းများစွာနဲ့ သားဖြစ်သူကို မေးမြန်းပြီး စူးစမ်းမှုပြီးသောအခါ ဒေါ်နန္ဒာချိုတ ကောက်ချက်ချလိုက်လေသည်။

'အိပ်မပျော်ဘူးကိုး . . တွေ့လား . . အမေ့သားလေး ရည်းစားပူမိနေပြီနဲ့တူတယ် . . ဟုတ်တယ်မဟုတ်လား မှန်မှန်ပြောစမ်း'

အမေ့အကဲခတ်တာ မှန်ပါသည်။

တစ်ညလုံး ငုတ်တုတ်ထိုင်ပြီး မိုးလင်းခဲ့ရသည်။

မျက်လုံးတွေမှိတ်လိုက်တိုင်း ညက မြင်ကွင်းက ပေါ်ပေါ် လာသည်။

*ဆောင်းညပြာသိစာလေ*



သူ့မျက်လုံးတွေ မမှိတ်ဘဲ တစ်ညလုံးဖွင့်ထားလိုက်သည်။

'ဘယ်သူလဲ . . အမေ့ကို ပြောပြလို့ရလား သား'

ဒီအမေနဲ့ဒီသားပဲ ရှိတာ ပြောပြချင်တာပေါ့။ အမေက လည်း ပွင့်ပွင့်လင်းလင်းရှိတာကို ပိုပြီးကြိုက်မည့်ပုံမို့

'သား ခံစားနေရတာ နားလည်ပေးပါ . . အမေ'

အမေက နူးညံ့ကြင်နာသောမျက်လုံးများနှင့်ကြည့်ပြီး သူ့လက်လေးနှစ်ဖက်ကို ဆွဲယူကာ

'အမေလည်း ငယ်ရာကကြီးလာတာပါ သားရယ် . . ကဲ . . ပြော အမေ့ချွေးမလောင်းလေးက ဘယ်သူဖြစ်မလဲ ဘာကြောင့် ခံစားနေရတာလဲ'

'သူ့ကို အမေသိပါတယ် မိုင်ဂီတနဲ့အတူတူ စာတိုပုံလာ ရိုက်ဖူးတယ်လေ'

အမေက ခဏလေးစဉ်းစားနေပြီးမှ

'ဟဲ့ . . ဟိုဟာလေးလား ဟိုလေ . . စိတ်သိပ်မနဲ့ဘူးဆိုတဲ့ ကောင်မလေးလေ . . မင်းရေခဲမုန့်လုစားတဲ့တစ်ယောက်မဟုတ်လား'

ဟု အလောသုံးဆယ် မေးလေသည်။ မွန်းချိုက ခေါင်း ညိတ်ပြလိုက်သည်။

'ဖြစ်မှဖြစ်ရလေ . . သားရယ်'

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



'သား သူ့အတွက်နဲ့ မွန်းကြပ်နေတယ် အမေ၊ ဟိုကောင် သူ့အနားမှာ အချိန်ပြည့် ခစားပြီး ပိုင်စိုးပိုင်နင်းတွေ လုပ်နေလို့ သား ဘာဆက်လုပ်ရမလဲ အမေ'

'သူတို့နှစ်ယောက်က လက်မှမထပ်သေးတာ ငါ့သား ဘာတို့ စိုးရိမ်နေတာလဲ'

အမေက သူ့ဝသီအတိုင်း ဘာမှ ခေါင်းထဲ သိပ်မထည့်သူ ပီပီ ခပ်အေးအေးပြောနိုင်ပေမယ့် ကိုယ်က ကိုယ့်ခံစားချက်နှင့်ကိုယ်မို့ . . . .

'အခု လက်မထပ်သေးပေမယ့် . . တစ်နေ့ လက်ထပ်ဖြစ်သွားရင် . . ဟား . . အဲဒါဆို သားတော့ သွားပြီ'

'တော် . . တိတ်စမ်း၊ ငါ့သားဖြစ်ပြီး သွေးမကြောင်စမ်းပါနဲ့ မင်းဆီမှာ ငါ့လိုပဲ Aသွေး အပြည့်ပါလို့ Aမွန်းချိုလို့ နာမည်ပေးခဲ့တာ၊ အခုတော့ စစ်မရောက်ခင် မြားကုန်တဲ့ ဂျီသွေးတွေ ဖြစ်တုန်ပြီ'

'သား စိတ်ညစ်နေလို့ စကားကို အတည်ပြောပါ အမေရာ တောင်းပန်ပါတယ်'

'ဒီမှာ သား . . ဖူးစာ ဆိုတာ ဦးရာလူက ရတာပါကွာ . . ခေတ်နောက်ပြန်ဆွဲပြီး ကျန်ရစ်မယ့် ကျောက်ခေတ်အတွေးတွေ





သိပ်မတွေးနဲ့ . . သူ မဦးခင် ကိုယ်ဦးအောင် ကြံပေါ့ကွ . . . မင်းယောကျာ်းလေးပဲ'

'ဒါဆို . . အမေ သူ့ကို သွားတောင်းပေးမလား'

'သူ့ကို တောင်းပေးရမယ် . .'

'ဟုတ်တယ်လေ . . မိဘတို့ဝတ္တရားရှိတဲ့အတိုင်း'

'တော်ပြီ . . တိတ် . . နင်ဖြစ်စေချင်သလို ဖြစ်အောင် လုပ်ပေးမယ် . . စိတ်ချ'

'ဒီနေ့ သွားမှာလား'

'ကဲ . . ဖြစ်ရမယ်ဟယ်၊ ငါ့သားလေး တော်လှ တော်လှနဲ့ ဘယ်အချိန်ကတည်းက မိန်းမလိုချင်နေသလဲ မသိဘူး . . အမေ dim-sum ဝယ်လာလို့ သွားစားလိုက်ဦး . . ပြီးရင် မင်းကောင်မလေးရဲ့အိမ်လိပ်စာ အမေ့ကိုပေးဦး'

ပြောမယ့်သာ ပြောရတာ ကိုယ်ချွေးမတော်ရမယ့်သူတာ တောင်းတောင်းကန်းကန်းဆို ထားတော့ . .

စိတ်က သိပ်ပြီးမှုမှန်တာ မဟုတ်ဘဲနဲ့ မခံချင်စိတ်နဲ့သာ သွားတောင်းပေးရမှာ။

ဒေါ်နန္ဒာချိုသည် စိတ်မြန်လက်မြန်ရှိသူပီပီ သားတို့ တတိပေးပြီးနောက် ရေမိုးချိုးကာ သူမမျက်နှာကို စိတ်တိုင်းကျပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့သည်။ ပြင်ရင်းပြင်ရင်း အပြင်တွေ လွန်နေတာ သူ့ဟာ
မသိ။

မျက်လုံးမှာ ကာလာတွေ ချယ်ရင်း ငါးရောင်စပ်တွေ
တုန်ပြီး မျက်တောင်တုက တပ်ရသေးသည်။ နှုတ်ခမ်းမှာလည်း
ရွှဲရွှဲစိုပြီး ပုရွက်ဆိတ်တက်ချင်စရာကောင်းနေသည်။

မကောက်တာ ကြာပြီဖြစ်တဲ့ ဆံပင်တွေကို အပူချော
ဖြင့် အခွေအလိပ်ကြီးတွေ ဖြစ်အောင် ပုံဖော်ပြီးနောက် သူ့မျက်
သူ မှန်ထဲမှာ ပြန်ကြည့်မိသည်။

'ဟား . . တော်တော်ဆွဲဆောင်မှုရှိတဲ့ မျက်နှာလေးပါလား
နန္ဒာချို . . မင်းမှာ တော်တော်ကျန်သေးတာပဲ . . ခုမှ sexy
ဖြစ်သွားတော့တယ်။ ဒီမှာဦးနေစိုး . . ရှင့်တူမကို ကျွန်မသားနဲ့
စားရအောင် . . ဘယ်လိုလဲ'

မှန်ကြည့်ပြီး ဟန်ပါပါဖြင့် တစ်ယောက်တည်းစကားပြော
ကျင့်နေသေးသည်။

'ငါ့ပုံစံ ငါ့စတိုင်ကိုမြင်ရင် . . ခင်း ငြင်းရဲမယ်မထင်ပါ
သဘောမတူဘူး ပြောရအောင် သူ့တူမက ရွှေထွက်နေတာ မဟုတ်
ပါဘူး။ နေဦး . . အဝတ်အစားတွေ လန်ထွက်နေအောင် ဝတ်သွား
ရဦးမယ်'

ဆောင်းညပြာသိစာပေ



မျက်နှာကို စိတ်တိုင်းကျခြယ်သပြီးနောက်မှာ အဝတ်ဗီရို
ကို ဖွင့်ပြီး အလှဆုံးနှင့်အလန်းဆုံးထင်တဲ့ ဝတ်စုံတစ်စုံကို ထုတ်ဝတ်
ပြီးနောက် အဝတ်အစားနှင့်လိုက်ဖက်သော လည်ဆွဲ ပုံဆန်းလေး
ဆွဲကာ နားမှာ တွဲလောင်းကျနေသော နားကပ် အရှည်အကြီးကြီး
ကို ဆွဲလိုက်သည်။

ပိုက်ဆံအိတ်ကို လက်မှာချိတ်ကာ နေကာမျက်မှန်အကြီး
ကြီးကို ကောက်တပ်ပြီးနောက် မှန်မှာ တစ်ချက်ရှိုးလိုက်သည်။

'အားပါး . . လန်ထွက်နေပါလား'

တစ်ကိုယ်လုံး တကယ့်ကို အကြီးကြီးတွေ ဆင်ထားတာပဲ
မလှတဲ ရှိပ့်မလား။

သူမပါးစပ်မှလည်း အခုခေတ်စားနေသော သီချင်းတစ်
ပုဒ်ကို ဟဲလိုက်သေးသည်။

♫ ကြီးကြီးလေးပဲလား××သေးသေးလား××ကြီးကြီး
သေးသေးလား×× ♫

သီချင်းတအေးအေးဖြင့် အပြင်ထွက်မလို့ တာစူနေသော
အမေဖြစ်သူကိုကြည့်ပြီး မွန်းချို မျက်လုံးပြူးသွားသည်။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'အမေ . . ဒါ ဘယ်သွားမလို့လဲ'

'မင်းကို မိန်းမသွားတောင်းပေးမလို့လေ၊ ဘာလဲ . . အမေ အရှုံးလန်နေလို့လား . . . အဲဒီလောက်တော့ ရှိုင်းသွားရမှာပေါ့ တယ်၊ ရှိုင်းဆို ရေမွှေးဆွတ်ဖို့ မေ့လာခဲ့ပြီ အမေ့ *Estee Lauder* ရေမွှေးလေး သွားယူပေးပါဦး'

မွန်းချို ကျွတ်ကနဲ စုတ်တစ်ချက်သပ်လိုက်ပြီး

'အမေ့ကိုယ် အမေလည်း ပြန်ကြည့်ပါဦး . . မိန်းမသွား တောင်းပေးမှာ တဲ့ . . နိုက်ကလပ်သွားတက်မယ့် ဒီဇိုင်းနဲ့၊ ကြည့် လည်းလုပ်ဦး အမေရ'

'မရှည်နဲ့ . . ငါက နင့်အမေဖတဲ့၊ နင်ပြောတော့ ဟိုလူကြီး တ လူပျိုကြီးဆို'

'ဘာလဲ . . သူလူပျိုကြီးဆိုတာနဲ့ပဲ ဒီလိုတွေ ဝတ်သွားစရာ လား'

'ဝတ်မှာပဲ . . သူ လူပျိုကြီးဆိုတော့ . . ငါလည်း အပျိုနှ အောင် ဝတ်ရမှာပေါ့'

'မသင့်တော်လို့ပါ အမေရာ . . လိမ္မာတယ်နော် . . သွား ပြန်လဲလိုက်ပါ၊ တော်ကြာ . . သား မဆုံးမတဲ့ အမေ ဖြစ်နေမှာစိုး လို့'





'တော် . . တိတ် . . ဘာမှလာမပြောနဲ့၊ ငါ ဒီအတိုင်းသွား မှာ . . မောင်အေး ဘယ်မှာလဲ ကားထုတ်ခိုင်းလိုက်'

သေပြီ ဆရာပဲ။ ဒီပုံစံကြီးနဲ့ ဦးနေစိုးဆီ သွားမလို့တဲ့။

ဒေါက်ဖိနပ်က သုံးလက်မ ဒေါက်နဲ့ . . မျက်မှန်က မျက် နှာဖုံး နေပြီ . .

တကယ် မနိုင်ဘူး။

ဘာတွေ ဘယ်လိုဆက်ဖြစ်လာမလဲဆိုတာ ခုကတည်းက မျက်ခမ်းလှုပ်နေပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဂီတနှင့် သွန်းထွေး ဒန်းလေးပေါ်တွင် ထိုင်ပြီး စကား ပြောနေကြစဉ် ခြံထဲသို့ တစ်ခါမှ မလာဖူးသော ကားတစ်စီး ဝင် လာတာကိုတွေ့လိုက်ရသည်၊

ထူးဆန်းသလိုရှိနေတာမို့ ဂီတမှာ ထိုကားကို လိုက်ကြည့် နေမိသည်၊

ကားပေါ်က ဆင်းလာတဲ့ မိန်းမကို မြင်လိုက်တော့ နည်း နည်းအံ့သြသွားသည်။ အံ့သြသွားတဲ့အကြောင်းက မြင်ဖူးသလိုလို ရှိတာမို့ပင်။

ဘယ်မှာတွေ့ဖူးတာပါလိမ့်။

စဉ်းစားရင်း တဖြည်းဖြည်းရှပ်လုံးပေါ်လာသည်။

ဒါ. . တိုကောင့်အမေပဲ။

ဒီအိမ်ကို အကြောင်းမရှိဘဲ ဘာလာလုပ်တာလဲ. .





မဟုတ်မှလွဲရော အန်ကယ်စိုးနဲ့များ ငြိနေတာလား။

အဲလိုလည်း ဟုတ်မယ်မထင်ဘူး. . ဒါဆို သူ့သားအတွက် လာတာလား. . . .

ဒီလို တွေးမိတော့ သူ့ရင်တွေ ပူလာသည်။

သူ့သားက သွန်းထွေးကို တန်းတန်းစွဲဖြစ်နေတဲ့ ကောင် ပဲ။ မြွေမြွေချင်း ခြေမြင်တာပေါ့။

သူ့ခြေလှမ်းတွေက အိမ်အနီးသို့ ဦးတည်နေမိသည်။

‘ကိုကို. . ဘယ်သွားမလို့လဲ’

‘ရှူး’

တိတ်တိတ်နေဖို့ အချက်ပြတာကို သွန်းထွေး ဘာသာပြန် လိုက်ပုံက

‘သြော်. . ရှူးရှူး သွားပေါက်မလို့လား၊ ပြီးရင်. . ပြန်လာ ခဲ့နော်’

‘လာခဲ့မယ်. . လာခဲ့မယ် ဒီမှာ ငြိမ်ငြိမ်လေး ထိုင်နေနော်’

‘ဟုတ်’

ဂီတက အိမ်ဧည့်ခန်းရဲ့ ပြတင်းပေါက်နံဘေးမှာ ကပ်ပြီး ချပ်လိုက်သည်မို့ အတွင်းက စကားသံတွေကို အတိုင်းသား ကြားနေ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ. . ခင်ဗျားတ မောင်မွန်းချိုရဲ့အမေ ဟုတ်လား'

'တုတ်ပါ့ရှင်. . ဘာလဲ မှတ်ပုံတင်ထုတ်ပြရဦးမှာလား'

'မသိပါဘူး ကျွန်တော်က အဒေါ်ထင်လို့ ဒါနဲ့ ဘာတိ များရှိလို့လဲခင်ဗျ'

'သမီးတောင်းမလို့. . အဲ. . . တူမတောင်းမလို့လာတာ'

ဒေါ်နန္ဒာချိုက ပြောမယ့်ပြောတော့ ဒဲ့ကြီး ပြောချလိုက်သည်။

ဦးနေစိုးလည်း ကြောင်ပြီး ဘာပြန်ပြောရမှန်း မသိတော့ ဒေါ်နန္ဒာချိုကို ငေးကြည့်နေမိသည်။

ဝတ်လာတာက မလုံ့တလုံ မပေါ့တပေါ်ဆိုတော့. . သူ မရှက်ပေမယ့် ကိုယ် ရှက်လာသည်။ ဒါကြောင့်. . မျက်လုံးတွေထို သေးတစောင်းထားပြီး

'ကျွန်တော့်တူမက ငယ်ပါသေးတယ်ဗျာ မနေ့ကမှ ဆယ့်ခုနစ်နှစ်ပြည့်တာ. . လောလောဆယ်တော့ မဖြစ်နိုင်သေးဘူး'

'ဟုတ်ပါပြီ. . ကျွန်မကလည်း ခုချက်ချင်းပေးစားဖို့ပြောနေတာ မဟုတ်ပါဘူး။ ရှင့်တူမကို ကျွန်မသားက တန်းတန်းစွဲဖြစ်နေပြီရှင့်၊ တစ်နေ့ သူများဦးသွားမှာစိုးလို့ ကြိုပြီး လာတောင်းထားတာ. . ရှင် တစ်ခုတော့ ကတိပေးနိုင်မလား'

ဆောင်းညပြာသိစာပေ



'ဘာကတိလဲ'

'ကျွန်မသားကို ဦးစားပေးပါ့မယ်ဆိုတဲ့ ကတိ'

အဲဒီစကားလည်းကြားရော ဂီတ ဒေါသတွေ ငယ်ထိပ်မှာ တက်ဆောင့်ပြီး လူက ဘယ်လိုက ဘယ်လို အိမ်ထဲရောက်သွားမှန်း မသိ။

'မပေးနိုင်ဘူး'

မေးတာက တခြား ဝင်ဖြေတာက တစ်ယောက်မို့ ဒေါ်နန္ဒာချိုက တအံ့တသြဖြင့်

'မင်းက မိုင်ဂီတ မဟုတ်လား'

'ဟုတ်တယ်'

'သြော်. . ငါ့သားရဲ့မြိုင်ဘက်ကြီးကိုး ငါအခု စကားပြောနေတာ မင်းနဲ့မဟုတ်ပါဘူးနော်'

ခနဲ့တဲ့တဲ့စကားကို ဂီတက

'ဘယ်သူနဲ့ပဲပြောပြော ဒီစကားက အတည်ပဲ၊ သွန်းထွေးကို ကျွန်တော် လက်ထပ်မှာ၊ တစ်သက်လုံး စောင့်ရှောက်မှာ အဲဒီတော့ လာရာလမ်းအတိုင်း အန်တီပြန်ကြွပေတော့'

အရိုင်းအစိုင်းလေး။

ဒေါ်နန္ဒာချိုက ထွက်လာတဲ့ ဒေါသကို အနိုင်နိုင်ထိန်းရင်း

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဦးနေစိုး ကျွန်မပြောတာ ဘယ်လိုသဘောရသလဲ'

'သူပြောတဲ့အတိုင်းပဲ မဟုတ်ဒင်း'

'ဘာ မဟုတ်ဒင်းလဲ. . ကျွန်မမှာ နာမည်ရှိတယ် နန္ဒာချိုတဲ့ မှတ်ထား'

မောင်မွန်းချိုရဲ့ ကျေးဇူးရှိတာ မှန်ပေမယ့်. . သူ့အမေပုံစံတ မျက်စိထဲမှာ ကန့်လန့်ဖြစ်နေလို့သာ ပြောလိုက်ရသည်။ နောတ်တစ်ခုတ တစ်ချိန်လုံးချုပ်ထိန်းခဲ့တဲ့ ဂီတရဲ့အချစ်တွေ ဒီနေ့ပွင့်ထွက်လာပြီဆိုတော့ မြတ်ထွန်း ပြောနေတာတွေက အလကား စ,နေတာ မဖြစ်နိုင်တော့။

သူ့ကိုယ်၌ကလည်း တူမလေးကို ဂီတနဲ့သာ သဘောတူလေသည်။

'ရှင် အတည်ပြောနေတာလား. . ရှင့်တူမကို သူနဲ့ပဲ ပေးစားမယ်ပေါ့. . ဟုတ်လား'

'ဟုတ်တယ်'

'ဒါဆိုလည်း ရှင်းအောင် ပြောခဲ့ဦးမယ်. . ဖူးစာ ဆိုတာ ဦးရာလူတ ရတာပဲ. . ပြိုင်ပွဲက ဒီနေ့မှ စ,တာ. . ပစ္စည်းတစ်ခုကို ရိုးရိုးသားသားတောင်းလို့မရရင် ဘာလုပ်ရမလဲ. . သဘောပေါက်တယ်နော်'

ဆောင်းညပြာသိစာလေ



ပြောပြီး ထိုင်ရာမှထကာ ဂီတဘက်လှည့်လိုက်သည်။

မျက်နှာချင်းဆိုင်ရပ်ပြီး လေသံလေးဖြင့်

'မင်း ပိုင်သေးတာ မဟုတ်ဘဲနဲ့ သိပ်ပြီး မကျွှပ်တိုင်တက်ဖြမနေနဲ့. . သွန်းထွေးကို ဘယ်သူပိုင်ဆိုင်ရမလဲဆိုတာ စောင့်သာကြည့်ထား. . ဟွန်း. .'

ဘာဂိုင်းကြီး စိန်ခေါ်သွားတဲ့ မိန်းမကြီးကို ဂီတ မဲ့ပြီးပြုံးဖြလိုက်သည်။

ထိုမိန်းမနေရာမှာ ရွယ်တူတန်းတူ တခြားယောကျာ်းတစ်ယောက်ဆို ဆွဲပြီး ထိုးမိလိမ့်မည်။

သူ ထွက်သွားတော့ ဦးနေစိုးကလည်း မှတ်ချက်ချသည်။

'ကိုယ့်အသက်အရွယ်မှ အားမနာ. . . ဝတ်လာလိုက်တာများ အံ့ပါရဲ့ကွာ. . . သမီးလေးတ ဒီလို ယောက္ခမမျိုးနဲ့ နေရမှာလား'

'ဘာလို့နေရမှာလဲ. . မနေရပါဘူး. . မနက်ဖြန် အဖေ့တို ခေါ်ပြီး လာတောင်းမယ်၊ အလှထိုင်ကြည့်နေလို့ မရတော့ဘူး၊ အန္တရာယ်တွေ များလာပြီ'

ကဲကဲဆတ်ဖြစ်နေသော ဂီတကို ရယ်ချင်လာသဖြင့် အော်ပြီး ရယ်ပစ်လိုက်သည်။

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



'[illegible]တာလဲဟု ခုနက မိန်းမကြီး ပြောသွားတာ မကြား [illegible] - ဦးရှာတူ ရှာဆို. . လေးစိုး ဒီနေ့ကစပြီး သွန်းထွေးတို့ [illegible]ကြည့်ပေးနော်. . စိတ်မချရဘူး'

[illegible]သာ မထွေးနိုင် မမျိုနိုင်ဖြစ်ပြီး အခေါ်အဝေါ်တွေ [illegible]တာတောင် သတိထားမိပုံမပေါ်ပေ။

အန်တယ်စိုးကနေ လေးစိုး... တဲ့။

'ခဏလေး သည်းခံပါဦး ငါ့တူရာ. . သွန်းထွေးလေးတာ [illegible]သေးတယ်ကွ. . နောက်ပြီး သူ့စိတ်တွေ ဒီထက်ပိုပြီး ငြိမ်လာ [illegible]နေ့တို့ စောင့်ရဦးမယ်'

ပိုင်ဆိုင်ချင်တာပဲ သိသည်။

နောက်တစ်ခုက သူမ သိပ်သွားချင်ခဲ့သည့် ပြင်ဦးလွင်မြို့ လေးတို့ လိုက်ပို့ပေးချင်သည်။

ဟန်းနီးမွန်းထွက်ရင် အဲဒီမြို့ကိုပဲ ထွက်မှာ. .

ပြင်ဦးလွင်မှာ အဖေပိုင်တဲ့ ခြံနဲ့ နှစ်ထပ်တိုက်လေးတစ်လုံး ရှိနေတာပဲ. .

ပန်းတွေလည်း အစုံရှိတာဆိုတော့ သွန်းထွေးလေး သေ ချာပေါက် ပျော်မှာပါ။

A. မွန်းချို ဆိုတဲ့ကောင်ကို လျှော့တွက်လို့ မရတော့ဘူး။

ဆောင်းညပြာသိစာလေ



ဒီကောင့်ခြေလှမ်းတွေ စိပ်လာပြီပဲ. .

ပြိုင်ဘက်ကို အလစ်ပေးလို့မရဘူးဆိုတဲ့အသိ သူ့ခေါင်းထဲ ဝင်သွားပြီ။

ထို့အတူ စိုးရိမ်စိတ်၊ စိတ်မချတဲ့ စိတ်၊ ဆုံးရှုံးသွားမှာကို ကြောက်တဲ့စိတ်တွေနဲ့ ရင်ထဲမှာ အစိုင်အခဲဖြစ်လာခဲ့သည်။

သူ ချစ်တဲ့ သွန်းထွေးလေးကတော့ ဒါတွေ ဘာမှ သိမှာ မဟုတ်၊ သူ့မှာသာ ရင်မောပြီး ဒီည အိပ်ဆေးသောက်ရတော့မှာ သေချာနေပြီ။

◆

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

# ငြိမ်ထက်ထယ် မြေတစ်ချောင်းဦးမှ

သားပြောတဲ့စကားတွေ နားထောင်ပြီး ဦးမြတ်ထွန်းမျက်နှာကြီး ပြုံးလာသည်၊

သားအနားမှာ ကောင်မလေးတွေ ဝိုင်းနေတာ သူသိသားပဲ၊ သားက နေစိုးတူမကိုမှ စွဲစွဲလန်းလန်း ဖြစ်နေတာကိုး. . အဲဒီ လောက်ထိ အရှုံးအမှုးဖြစ်မယ်မှန်း မထင်ထားတော့ ခပ်ပေါ့ပေါ့နေခဲ့မိသည်၊

အခု အဲဒီလိုနေလို့ မရတော့. .

'သားက အဖေ့ကို. . မနက်ဖြန် လိုက်တောင်းပေးစေချင်တယ်ပေါ့. . ဟုတ်လား'

'ဟုတ်တယ် အဖေ. . လောလောဆယ် စေ့စပ်ထားလို့ရ





ရင် ပိုပြီးအဆင်ပြေမယ်ထင်တယ်. . လေးစိုးက သူ့တူမလေး ငယ်သေးလို့တဲ့'

'ဟား. . ဟား. . ဟား. . အလကားပါကွာ၊ ပေးရမှာစိုးလို့ ဒီတောင် လျှောက်ပြောနေတာ'

ဦးမြတ်ထွန်းက သားရဲ့ပခုံးကို လက်ဖြင့်ပုတ်ပြီး

'စိတ်ချ သား. . နေ့မကူးစေရဘူး၊ ခုပဲ အဖေ ဖုန်းဆက်ပေးမယ်. . နို့မို့ ငါ့သား ဒီညအိပ်မပျော်မှာ စိုးလို့'

'ကျေးဇူးပဲ အဖေ. . အရမ်းကျေးဇူးတင်ပါတယ်'

ဂီတက ဦးမြတ်ထွန်းခါးကို ဖက်ပြီး ဝမ်းသာအားရ ပြန်ပြောလေသည်။

ဦးမြတ်ထွန်းက သူ့ကတိအတိုင်း သူငယ်ချင်းနေစိုးဆီသို့ ဖုန်းဆက်ပြီး သားရေးသမီးရေး ပြောရလေသည်၊

ဦးနေစိုး တော်တော်အံ့သြသွားသည်။

ဆိုင်းမဆင့် ဗုံမဆင့် ဒီနေ့ကျမှ တူမလေးကို ဝိုင်းတောင်းနေကြသည်၊ မနက်ဖြန် လာတောင်းမယ် ပြောသွားတဲ့ မောင်ဂီတအဖေ(သူ့သူငယ်ချင်းအရင်းခေါက်ခေါက်)မြတ်ထွန်းက နေ့ကူးမခံဘဲ ညတွင်းချင်း ဖုန်းဆက်ပြီး စကားကြောင်းလမ်းနေပြီ၊

တူမလေးကို မိသားဖသားပီပီ တန်ဖိုးထားပြီး တောင်းရမ်း

www.burmeseclassic.com



ယတ်ထစ်မည်ဆိုသည့်အတွက်တော့ အတိုင်းအဆ မရှိ ကျေနပ်မိလေသည်။

မြတ်ထွန်းကိုတော့ တူမလေး ဆယ့်ရှစ်နှစ်ပြည့်ပြီးမှ အိမ်ထောင်ပြုခွင့်ပေးမည် ဟု အကြောင်းပြန်လိုက်ရသည်။ ဒါတောင် မကျေနပ်သေးဘဲ စေ့စပ်ပွဲလုပ်ပေးရမည်ဟု စရံတစ်ဝက်တောင်းနေသေးသည်မို့ သူတို့ ကျေနပ်စေဖို့ နေ့ကောင်းရက်သာ ရွေးပြီး စေ့စပ်ပေးဖို့ သဘောတူလိုက်ရသည်။

ဝီတသည် အဖေ့ မျက်နှာကို ဆယ်တန်းအောင်စာရင်း ကြည့်သလို ကြည့်နေမိသည်။

အဖေတ ပြုံးပြီး သူ့ဘက်လှည့်ကာ လက်မထောင်ပြသော အခါမှ ရင်ထဲက အလုံးကြီးကျသွားပြီး ပျော်နိုင်တော့သည်။

'ထဲ. . စိတ်ချလက်ချသာ နေတော့၊ နေ့ကောင်းရက်သာ ရွေးပြီး စေ့စပ်ပေးမယ်. . တောင်မလေးကို မင်း တစ်ဝက်ပိုင်ပြီပေါ့ ကွာ. . ဘယ်လိုလဲ သား. . အရမ်းပျော်နေလား. . ဒုတ်. . ဒုတ်. . ဒုတ်နဲ့ ရင်ခုန်သံတွေ အပြင်ကတောင် ကြားနေရတယ်'

'တာဗျာ. . အဖေကလဲ'

အဖေက အတည်ပေါက်ကြီးနှင့် လာနောက်နေသည်။

ချွေးမရတော့မယ်ဆိုပြီး သူလည်း ပျော်နေပြီးတော့များ။

ဆောင်းညပြာသိုစာပေ



'သား. . မနက်ဖြန် မြရိပ်ညိုရှိုးပွဲအတွက် ရယ်ဒီပဲလား'

'ရယ်ဒီပဲ အဖေ'

'အချိန်ရတုန်း ဆက်ပြောထား သားရေ၊ အနုပညာဆိုတာ လုပ်ချင်တိုင်း လုပ်လို့မရဘူး၊ အကြောင်းကံ၊ အခါအခွင့်တိုက်ဆိုင်မှ အခြေအနေပေးမှ ဖြစ်လာတာ၊ လွယ်လွယ်နဲ့ရတာမဟုတ်တော့ ကြိုးစားရမယ် သား. . နားလည်လား၊ မင်းကို channelတစ်ခုက live show လွှင့်ဖို့ ကမ်းလှမ်းနေတယ်. . အဲဒီအတွက် အချိန်ယူပြီး ပြင်ဆင်ဦး'

'စိတ်ချပါ အဖေ. . သားမှာ လုပ်စရာတွေ အများကြီးရှိတာ သိပါတယ်. . ခုတော့ ပျော်တဲ့အနေနဲ့ သီချင်းသွားရေးလိုက်ဦးမယ်'

'အိုခေ. . ဂွတ်ဒ်နိုက်'

အမှန်တကယ်ပဲ သူ့ခေါင်းထဲ သံစဉ်လေးတစ်ခု ရနေသည်။ ရင်ထဲက လာတဲ့ စကားလုံးတွေနဲ့ တွဲစပ်ပေးလိုက်ရင် အလှပဆုံးသီချင်းလေးတစ်ပုဒ် ရလာမှာပါ. . .

◆

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

# [illegible]

'ကဲ. . လှရဲ့လား. . ကြည့်ပါဦး'

အနုပညာအမြင်ရှိတဲ့ ဂီတက သွန်းထွေးရဲ့ဖြူနုနေတဲ့လက်ထလေးကို ကိုင်ပြီး စိတ်ပါလက်ပါပင် Nail Art လုပ်ပေးနေသည်။

လက်သည်းပေါ်မှာ ကာလာအစုံသုံးပြီး ဒီဇိုင်းဖော်ထားသည်ကိုကြည့်ပြီး သွန်းထွေးလေး သိပ်ပျော်နေသည်။

အဲဒီအပျော်လေးတွေက သူ့ဆီကို ကူးစက်လာပုံရသည်။

'ကိုကို. . သိပ်တော်တာပဲ. . အဲဒါကြောင့် သွန်းထွေးက ချစ်တာ'

ပြောပြောဆိုဆို သူ့ပါးလေးကို ဖျတ်ခနဲ လှမ်းနမ်းလာသည်။ ဘယ်လိုမှ မထင်မှတ်ထားပါ။

ဆောင်းညပြာသိစာပေ



အချစ်ရဲ့သက်တေကို သူမလေး နားလည်ရဲ့လား။ ရင်ထဲမှာတော့ တော်တော်ကြီး တုန်ခါသွားသည်။

မချင့်မရဲဖြင့် သူမပါးလေးကို ဖျစ်ညှစ်မိသည်။

'အား. . နာတယ် ကိုကို. . သွန်းထွေးက နာအောင်မလုပ်ဘူးနော်. . ကိုကို့ပါးကို နမ်းပဲ နမ်းတဲ့ဥစ္စာ'

'နေဦး. . ကိုကိုပြောထားဦးမယ်. . ကိုကိုမဟုတ်ဘဲ သူများတွေကို သွားမနမ်းရဘူးနော်၊ ကြားလား'

'ဘာဖြစ်လို့လဲဟင်'

အရိုးခံလေးပါလား။ မင်း နားလည်အောင် ကိုယ် ဘယ်လိုရှင်းပြရမှာလဲ. .

'နမ်းတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ချစ်မှနမ်းလို့ရတာ၊ အရမ်းသွားနမ်းလို့ မရဘူး. . အဖမ်းခံရတတ်တယ်. . မှတ်ထားနော် သွန်းထွေး'

'ဘယ်သူလာဖမ်းမှာလဲ. . ရဲတွေလား'

'ဒါပေါ့'

'သွန်းထွေး ကြောက်တယ်'

'ဒါပေမယ့် ကိုကို့ကိုတော့ နမ်းလို့ရတယ်'

အဲဒီလို ရှင်းရှင်းလင်းလင်းပြောပြီး ဖြဲခြောက်ထားမှရမှာ

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့သွန်းထွေးကို ရှေ့လထဲမှာ စေ့စပ်ပေးဖို့ ရက်ရွေးထားပြီးပြီ။ စေ့စပ်ဖို့ ရက်နီးလာလေ ပိုပြီးရင်ခုန်လေပင်။

သူတို့ဘဝရှေ့ရေးအတွက် ပိုပြီး ကြိုးစားရဦးမည်။ ပထမနိုင်ငံမှာ အရမ်းအောင်မြင်ခဲ့တဲ့အတွက် ဒုတိယစီးရီးကို စီစဉ်တဲ့အခါ သူ့မှာ ပိုတာဝန်ကြီးလာသည်။ ရှေ့နှစ်ထဲမှာ တစ်ခွေ ထပ်ထွက်နိုင်အောင် အခုကတည်းက သီချင်းတွေ ရေးဖြစ်သည်။

သွန်းထွေးရဲ့အခြေအနေက အတော်လေးတိုးတက်လာပြီလို့ သူထင်သည်။

အရင်ကဆို သူ ဘာစားချင်နေမှန်း မသိသလို ဘာစားလို့စားနေမှန်းမသိတဲ့ ကောင်မလေး။

အခုကျတော့ ချင်စိတ်တစ်ခုကို အတိအကျ သိလာသည်။ ဒီနေ့ ခေါက်ဆွဲ စားချင်တယ်၊ မုန့်ဟင်းခါးစားချင်တယ် ဆိုတာမျိုး ပြောတတ်လာသည်။

သူပဲလား ဆိုတော့ မဟုတ်ပါဘူး။ ဒေါ်မိုးသူလည်း သိနေသည်။ ခုဆို သွန်းထွေးက သူမ ဝတ်ချင်တာကို လိုက်ဖက်အောင် အရောင်ကအစ တွဲဖက်ပြီး ဝတ်တတ်လာပြီ။ အရင်ကလို မသောင်းကျန်းတော့ဘူးတဲ့. .

အဲဒီအတွက် သူ အချိန်ပေးပြီး အပင်ပန်းခံရကျိုးနပ်ပါ

ဆောင်းညဖြာသိုစာပေ



သည်။ စိတ်ကို စိတ်နဲ့ပဲ ကုရမှာပေါ့. . သတိလေးကပ်လာအောင် ဖြည်းဖြည်းချင်း ဆွဲခေါ်လာရသည်။ စိတ်ဝေဒနာရှင်တွေကို လက်တွေ့လိုက်ပြပြီး စိတ်အကြောင်းကို အသေးစိတ်ရှင်းပြခဲ့ပြီးပြီ။

သူမထက် ပိုဆိုးတဲ့သူတွေကိုတွေ့ပြီး အတော်လေး ထိတ်လန့်သွားပုံရသည်။ လူကောင်းတစ်ယောက်လို ပုံမှန်ပြန်မဖြစ်သေးပေမယ့်. . လူကောင်းနီးနီးတော့ အခြေအနေတွေ တိုးတက်လာပါသည်။

ခုဆို ပုံမှန်စား၊ ပုံမှန်အိပ်ပြီး ကျန်တဲ့အချိန်လေးတွေမှာ တစ်ချောင်းထိုးအပ်နဲ့ သိုးမွေးထိုးရင်ထိုး၊ ဒါမှမဟုတ် သူမဝါသနာပါတဲ့ ပန်းပင်လေးတွေ စိုက်၊ ရေလောင်းရင်လောင်း၊ ဂီတလာလျှင် ဂီတနဲ့စကားတွေ ပြောမည်၊ ဆော့မည်။

သူ့အချိန်နဲ့သူ စနစ်တကျ လုပ်တတ်ကိုင်တတ်လာသည်။

ဂီတနဲ့သွန်းထွေး မိုနိုပိုလီဆော့တမ်းကစားနေကြသည်။

'တဲ. . ကိုတိုက မေမြို့မှာ အိမ်ဆောက်ပြီ'

'ဟင်. . မရဘူး၊ သွန်းထွေးလည်း ဆောက်မှာပဲ'

'မေမြို့ဆိုတာ ပြင်ဦးလွင်မြို့ပဲလေ. . သွန်းထွေးသိလား'

'ပြင်ဦးလွင်. . ဟုတ်လား ကိုကို. . သွန်းထွေးတို့ငယ်ငယ်က သွားဖူးတယ်လေ'

ဆောင်းညဖြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝိတတ သွန်းထွေးစိတ်ကို စမ်းသပ်ချင်လာသဖြင့်

'ဘယ်သူနဲ့သွားတာလဲဟင်'

ဒီလိုမေးတော့ သွန်းထွေးက ဘာမှ ဆက်မပြောတော့ဘဲ ထိုးအဝေးကြီးကိုငေးကြည့်ပြီး မျက်လုံးမှာ မျက်ရည်တွေရစ်ဝိုင်းလာသည်။ နုနယ်တဲ့ နှလုံးသားလေးမှာ ဒဏ်ရာတွေက အရွယ်နဲ့ မမျှပါဘူး။

'ကိုကို. . နားလည်ပါတယ် ညီမလေးရယ်. . ရှပြီး. . ဆက် မပြောနဲ့တော့နော်. . မငိုရဘူးနော်. . တိတ်. . တိတ်'

သူ့ရင်ခွင်ထဲမှာ သွန်းထွေးရဲ့ကိုယ်လေး တဆတ်ဆတ်တုန် နေသည်။

'ကြောက်တယ်. . သွန်းထွေး ကြောက်တယ် ကိုကို'

အဲဒီအချိန်တ စပြီး. . . သွန်းထွေးက သူ့ကို မျက်စိရှေ့မှ အပျောက်မခံတော့။ ညနေကျရင် သူငယ်ချင်း Hip Hop အဆို တော်တစ်ယောက်ရဲ့မင်္ဂလာပွဲသွားရမှာမို့

'သွန်းထွေး. . ကိုကို အိမ်ခဏပြန်ပြီးရင်. . ပြန်လာခဲ့မယ် နော်'

'ဟင့်အင်း. . ဟင့်အင်း. . ကိုကို မသွားရဘူး. . ကိုကိုသွား ရင် သွန်းထွေးလည်း လိုက်ခဲ့မယ်'





ဘယ်လိုမှ ချော့လို့ မရတော့ဘဲ အတင်းဆွဲထားသဖြင့် သွန်းထွေးကိုပါ ခေါ်သွားဖို့ သူ ဆုံးဖြတ်လိုက်သည်။

သူတို့နှစ်ယောက်တွဲပြီး လူကြားထဲ ထွက်ပြတာ ဒါပထမ ဆုံးမို့ ပျော်လည်း ပျော်နေသည်။ ရင်လည်း ခုန်နေသည်။ သူမလေး ကတော့ ဒါတွေကို သိမှာမဟုတ်။

'ဟုတ်ပြီ. . . လိုက်မယ်ဆိုရင် ရေမိုးချိုးပြီး အလှဆုံးဖြစ် အောင် ပြင်လာခဲ့. . အလှဆုံးနဲ့ အလန်းဆုံးဝတ်စုံလေး ဝတ်လာ ရမယ်. . ကိုကိုတ မင်္ဂလာဆောင်သွားမှာ. .'

'ဟေး. . သတို့သမီး ကြည့်ရမှာပေါ့ ဟုတ်လား ကိုကို'

'ဒါပေါ့ကွ. . တစ်နာရီအတွင်း ပြီးအောင် ပြင်ရမယ်နော်၊ မြန်မြန်သွား'

အလောသုံးဆယ်ထွက်ပြေးသွားတဲ့ ကောင်မလေးကိုကြည့် ပြီး မှန်ချပ်ကို ညနေ နေရောင်ဟပ်သလို သူ့နှလုံးသားတ ချစ်စိတ် တွေကလည်း ရောင်ပြန်ဟပ်ပြီး ကျန်နေခဲ့ရသည်။

အဲဒီတော့မှ သူလည်း အိမ်ပြန်၊ ရေချိုးပြီး အဝတ်အစား လဲယူရသည်။ အင်္ကျီဝတ်ခါနီးမှာ သတိရပြီး ဖုန်းဆက်ရသေးသည်။

အဲဒါက သွန်းထွေးလေး ဘာအရောင်ဝတ်မလဲဆိုတာ သိ ချင်လို့ပင်. .



www.burmeseclassic.com

www.burmeseclassic.com



ရှူတယ်လို့ပဲ ဆိုချင်ဆို. . လူရှေ့သူရှေ့မှာ လိုက်ဖက်ညီတဲ့ စုံတွဲလေး ဖြစ်ချင်သည်။ ဒီနေ့ည သတင်းထောက်တွေ၊ စာနယ်ဇင်းတ လူတွေ အစုံလာမှာဆိုတော့ သွန်းထွေးနဲ့သူ့ကို ခေါင်းစဉ်တပ်ပြီး တိုင်းသိပြည်သိကြော်ငြာပြီးသား ဖြစ်သွားနိုင်သည်။

ဖုန်းဝင်သွားတော့ ဒေါ်မိုးသူက လာကိုင်ပြီး

'ဟယ်လို'

'ဒေါ်ဒေါ် သွန်းထွေး ဘာအရောင်ဝတ်မှာလဲ'

'မသိပါဘူးကွယ်. . ခုထိ သူ့စိတ်ကြိုက်ရွေးတုန်း'

'ဒါဆို ဒီလိုလုပ်. . နီညိုရောင်ဝတ်စုံလေး ဒေါ်ဒေါ် သိလား. . အလက်အလက်တွေနဲ့ ပေါင်လယ်လောက်ရှိတဲ့ ဂါဝန်လေးလေ'

'အေး. . သိတယ်. . အရမ်းလှတယ်လေ၊ အဲဒါလေး ဝတ်ရမှာလား'

'ဟုတ်တယ်. . ပြီးရင် သစ်ခွစင်ပေါ်က ကတ်တလီယာနီညိုနဲ့ အဝါရောပြီး ပွင့်နေတဲ့ဟာလေ. . အဲဒါလေး ဆံပင်ဘေးတစ်ခြမ်းမှာ ပန်ပေးထားလိုက်. . ဆံနွယ်အခွေလေးတွေ ဒီအတိုင်းချထားပေးနော် ဒေါ်ဒေါ်၊ အလှဆုံးဖြစ်ပါစေ. . စိတ်ချမယ်နော်'

'မင်းနှယ်. . ဒီနေ့ကျမှ ထူးထူးခြားခြား'

ဆောင်းညပြာသိစာပေ



'ဟုတ်တယ်. . ဒီနေ့ သူ့ကို ကျွန်တော်ပွဲထုတ်မလို့'

'ဘာရယ်. .'

ပြောပြီး ဂီတက ဖုန်းချသွားတော့ ဒေါ်မိုးသူ အံ့ဩပြီး ကျန်ခဲ့သည်။

ဒီလိုလူမျိုးမှ သမီးရဲ့အိမ်ထောင်ဖက် မဖြစ်ရင် ဘယ်သူ ဖြစ်နိုင်ဦးမှာလဲ. . အသေးစိတ်ကအစ ဟိုးသေးသေးမွှားမွှားအထိ လိုက်ပြီး ဂရုစိုက်နိုင်လွန်းသည်။

သဲတာလား. . ကဲတာလား. . ချစ်လို့ပဲ ရှူတာလား မဆိုနိုင်ပါ။

ဘာပဲဖြစ်ဖြစ် သမီးလေး ကံကောင်းပါတယ်လေ. .

* * *

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com

နတ်သမီးရွှေအောင် လှတဲ့ ကောင်မလေးတစ်ယောက်ကို လက်ချင်းတွဲပြီး ခေါ်လာတဲ့ မိုင်ဂီတ။

မင်္ဂလာခန်းမထဲကို စဝင်တာနှင့် ကင်မရာမီးတွေ တဖျတ်ဖျတ်လင်းလာသည်။ ဒီနေ့ဒီအချိန်မှာ သူက super ဖြစ်နေတာပဲလေ. .

မိုင်ဂီတ ဆိုတာ ကောင်မလေးတွေပါးစပ်ဖျားမှာ ရေပန်းစားပြီး သည်းသည်းလှုပ်နေတာ မဟုတ်လား။

အခုတလော လွှင့်နေတဲ့ သူ့ကြော်ငြာတွေလည်း လူကြိုက်များနေချိန်မှာ သူတွဲလာတဲ့ ကောင်မလေးကို စိတ်ဝင်စားကြတာ အဆန်းတော့ မဟုတ်။

ဂီတအသိုင်းအဝိုင်းမှ ဘော်ဒါတွေလည်း သူတို့အတွဲကို စိတ်ဝင်စားကြသည်။





မင်္ဂလာပွဲမှာ သူ့ကိုသိတဲ့ကောင်မလေးတွေလည်း အချင်းချင်း လက်တို့နေကြသည်။

ဂီတက နီညိုရောင်ရှပ်လက်ရှည်နှင့် စတိုင်ပင်န်အနက်ရောင်ကို ဝတ်ထားတော့ ဖြူသောအသားမှာ ထင်းနေသည်။ သူ့ကောင်မလေးက ခြင်ထောင်ဇာအပါးနီညိုရောင်ကို ပြောင်လက်နေသော နီညိုရောင်အစဖြင့် ဒီဇိုင်းဖော်ပြီး ပေါင်လယ်လောက်သာ ရှိသော ကိုယ်ကျပ်အင်္ကျီလေးကိုဝတ်ထားတော့ အမြင်ဆန်းပြီး ချစ်စရာလေး ဖြစ်နေသည်။

ဘာမှအပြစ်ပြောစရာမရှိအောင် လှပပြီး လိုက်ဖက်ညီတဲ့ စုံတွဲလေးဖြစ်နေလို့ အားလုံးက ဝိုင်းငေးနေရသည်။

မွန်းချိုသည် သတို့သား သတို့သမီးကို မှတ်တမ်းတင်ဓာတ်ပုံရိုက်နေရာမှ ဓာတ်ပုံဆရာတွေ ဝိုင်းနေတဲ့နေရာကို ကြည့်မိရာ ဘယ်လိုမှမမျှော်လင့်ထားတဲ့မြင်ကွင်းကို တွေ့လိုက်ရသည်။

ဟိုကောင် အဆိုတော်က နုသွမ်းထွေးရဲ့ပခုံးလေးကိုဖက်ထားပြီး ပြုံးပျော်နေသည်။

ကောင်မလေးကို ဘာကိစ္စပွဲထုတ်လာတာလဲ. . ထိုအတွေးက သူ့ဦးနှောက်ထဲမှာ နေရာယူနေသည်။

ကိုယ့်အသက်လောက်ချစ်ရတဲ့ မိန်းကလေးက သူများနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွဲပြီး ကြည်နူးနေတဲ့မြင်ကွင်းကို ဘယ်လိုအင်အားနဲ့ ဆက်ကြည့်နိုင်မှာလဲ. .

ဖျာနယ်တိုက်များစွာရဲ့စာနယ်ဇင်း ဆရာ/ဆရာမများက မိုင်ဇီတာတို မေးခွန်းတွေ မေးကြသည်။ ဓာတ်ပုံတွေ ရိုက်ကြသည်။

ဒီပွဲမှာတော့ သူတို့အတွဲက ပေါ်ပြူလာအဖြစ်ဆုံး ဖြစ်နေသည်။

(Q) မိုင်ဂီတရော. . ဘယ်တော့ လက်ထပ်မှာလဲ?

(A) အချိန်တန်ရင် အားလုံးသိရမှာပါ. . ကျွန်တော် ဘာမှမဖုံးကွယ်ထားပါဘူး။

(Q) ဂီတန်ဘေးက တစ်ယောက်က?

(A) ကျွန်တော့် ကောင်မလေးပါ. . ရှေ့အပတ်ထဲမှာ စေ့စပ်မှာပါ။

(Q) နာမည်လေး သိလို့ရမလား?

(A) နုသွန်းထွေးလို့ ခေါ်ပါတယ်။

(Q) မင်္ဂလာပွဲကို ဘယ်မှာကျင်းပမယ် စိတ်ကူးထားသလဲ?

(A) ကျွန်တော့်စိတ်ထဲမှာ စိတ်ကူးထားတဲ့နေရာလေးက. . အရမ်း အေးချမ်းပြီး ချစ်စရာကောင်းတဲ့ တောင်ပေါ်မြို့လေးမှာပါ. . အဲဒီမှာ မင်္ဂလာပွဲ ကျင်းပချင်တယ်။

ဆောင်းညပြာသိုစာပေ



ဖြေပြီးတော့မှ ကောင်မလေးရှက်နေမလားဆိုပြီး ငဲ့စောင်းကြည့်မိသည်။

သွန်းထွေး မျက်နှာလေး ပန်းနုရောင်သမ်းနေသလို သူမကို ဓာတ်ပုံဝိုင်းရိုက်သည့်အတွက် ရှက်နေပုံရသည်မို့

'Please. . . ကျွန်တော့် ကောင်မလေး အရမ်းရှက်နေပြီဗျ'

ဒီလို ဖွင့်ပြောရသည့်အတွက် သူ အရမ်းကျေနပ်သည်။

မိုင်ဂီတရဲ့လက်တွဲဖော်ဟာ လှပပြီး ကျက်သရေရှိတဲ့ မိန်းကလေးဆိုတာ. . သိပ်မကြာခင်မှာ တိုင်းသိပြည်သိဖြစ်သွားတော့မည်။

ဟဲ. . A. မွန်းချို. . .

မင်း ဘာတတ်နိုင်သေးလဲ. .

နောက်တစ်ခါ လာနှောင့်ယှက်လို့ကတော့ နေ့မတူးဘဲ မင်္ဂလာဆောင်ပစ်လိုက်ဦးမယ်. .

လူကြားထဲ သိပ်မသွားဖူးတဲ့ သွန်းထွေးလေးက စားပွဲပေါ်မှ စားစရာတွေကို ဘာမှယူမစားဘဲ ယုန်သူငယ်လေးလို ကြောက်ရွံ့နေတာမို့ ဂီတက သူမ ကြိုက်သော ရေခဲမုန့်ခွက်လေးကို ယူကာ ခွံ့ကျွေးနေမိသည်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကလည်း အားလုံးအတွက် အထူးအဆန်းဖြစ်သွားခြင်းသည်။

သူတို့အတွက် ရေးစရာ သတင်းတစ်ပုဒ် ဖြစ်သွားပြန်ပြီပေါ့. .

ဘာမှမတတ်နိုင်. .

တမင်တကာလုပ်ယူနေတာတွေမှ မဟုတ်ဘဲလေ. .

စိတ်ရဲ့ခံစားချက်အတိုင်း၊ စိတ်ရဲ့စေညွှန်ရာအတိုင်း မလွဲမသွေ လိုက်လုပ်နေမိတာ အချစ်ကြောင့်ပေါ့. .

♦

ဆောင်းညပြာသီစာလေ

## [illegible]

'ဟဲ့. . ဘာတဲ့လဲ'

'မစားချင်ဘူးတဲ့'

'မနေ့ညကလည်း မစားဘူး မဟုတ်လား'

အမေဖြစ်သူမှာတော့ သားများ စားမလားဆိုပြီး သူကြိုက်တဲ့ ရွှေတောင်ခေါက်ဆွဲချက်ပြီး သွားခေါ်ခိုင်းတာတောင် မစားချင်ဘူးတဲ့. .

ဘာဖြစ်လာပြန်ပြီလဲ မသိဘူး။

'မဖြစ်သေးပါဘူး. . ငါကိုယ်တိုင် သွားခေါ်မယ်'

သွားခေါ်တဲ့ အိမ်ဖော်မလေးကို အပြစ်တင်ပြီး သူမကိုယ်တိုင် တက်ခေါ်ပါတော့သည်။

ဆောင်းညပြာသီစာလေ

www.burmeseclassic.com

www.burmeseclassic.com



မွန်းချိုသည် မှောင်မိုက်နေသော အခန်းထဲတွင် ဘေး စောင်းပြီး အိပ်နေသည်။ အမှန်က နေရောင်တွေ အခန်းထဲ မဝင် အောင် လိုက်ကာတွေ ဆွဲပိတ်ထားပြီး မီးတွေအားလုံး ပိတ်ထားသ ဖြင့် သူ့အခန်းတစ်ခန်းတည်း ကွက်ပြီး မှိုင်းချုပ်နေခြင်းဖြစ်သည်။

'သား. . မင်း ဘာဖြစ်နေတာလဲ. . နေမကောင်းဘူးလား။ မွန်းစမ်း. . '

သားဖြစ်သူကို သူ့ဘက်ဆွဲလှည့်ပြီး ကိုယ်ပူမပူ နဖူးလေး စမ်းကြည့်မိစဉ် အမေ့ရင်ခွင်ထဲမှာ ကလေးတစ်ယောက်လို ကျုံ့ကျုံ့ ဝါအောင် ငိုနေသော မွန်းချိုကြောင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ် သွားတာ. .

'သား ငိုနေတယ် ဟုတ်လား. . အမေ့ရင်တွေ ပူလိုက်တာ တွယ်. . ပြောစမ်း ဘာဖြစ်လို့လဲ'

'အမေ. . သူတို့ ရှေ့အပတ်ထဲမှာ စေ့စပ်တော့မယ်'

'မိန်းမတွေ ပေါပါတယ် သားရယ်၊ ဒီကောင်မလေးအတွက် နဲ့ အဲဒီလောက်ခံစားရလား. . မေ့ပစ်လိုက်နော်. . သား၊ အမေ တခြားမိန်းမ ရှာပေးမယ်'

သားမျက်နှာကိုကြည့်ပြီး သနားလိုက်တာ. .

ဘယ်တုန်းကမှ အဲဒီလိုမျက်နှာမျိုး မတွေ့ခဲ့ဖူးပါ။

ဆောင်းညပြာသိုစာပေ



ညှဉ်းသိုးသိုးနဲ့ လောကကြီးကို အရှုံးပေးထားတဲ့ မျက်လုံး တွေ. .

မတော် တစ်ခုခုလုပ်သွားမှာတောင် ကြောက်ရသေးသည်။

သားရယ်. . အမေ သားအတွက် ဘာမဆိုလုပ်ပေးချင်ပါ တယ်. . .

ဒေါ်နန္ဒာချိုသည် အခန်းတံခါးကို ပြန်ပိတ်ခဲ့ကာ စိတ်မ ကောင်းလွန်းသဖြင့် မျက်ရည်ကျမိသည်။ သူမဘဝမှာ ငိုခဲ့ရတာမျိုး မရှိဘဲ သားအတွက် မျက်ရည်ကျခဲ့ရပြီ။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

## သွန်းထွေး ပျောက်ဆုံးခြင်း

လမ်းမတော်ရှိ 'Junction Mawtin'တွင် သွန်းထွေးတို့ ရှော့ပ်ရှင်မြပြီး တစ်ခုခုကျွေးမလို့ သူခေါ်လာခဲ့သည်။

ခုဆို သွန်းထွေးက စက်လှေကားလည်း ကောင်းကောင်း စီးတတ်နေပြီ။

ကုန်တိုက်တွေစုံအောင် သူခေါ်သွားပြီး လှေကျင့်ပေးထားခြင်းဖြစ်သည်။

လက်မှတ်သွားဖြတ်ဖို့ သွန်းထွေးကို ခဏစောင့်ခိုင်းထားခဲ့ရသည်။

'ဒီနားမှာနေနော် သွန်းထွေး. . လျှောက်သွားမနေနဲ့ဦး. . ကိုကို လက်မှတ်သွားဝယ်မလို့'





'ဟုတ်. .'

ဒီနေ့ကျမှ လက်မှတ်ဖြတ်တဲ့လူတွေ များနေသည်မို့ ဆယ့်ငါးမိနစ်လောက်တော့ ကြာသွားသည်။

ဂိတ်ကို လူတွေက မှတ်မိနေပြီမို့ ဝိုင်းပြီး လက်မှတ်ထိုးခိုင်းနေလို့ ထိုးပေးနေရသေးသည်။

လူတွေတိုးနေလို့ သွန်းထွေးကို လှမ်းကြည့်တော့ မမြင်ရဘဲ ဖြစ်နေသည်။

သူ့စကားကိုတော့ သွန်းထွေး နားထောင်မှာပဲ၊ ဒီနေရာမှာ ရှိနေမှာပဲဟု ထင်ထားသမျှ သွန်းထွေးကို မတွေ့တော့မှ ပျာသွားသည်။

ရင်တွေပူပြီး ကုန်တိုက်အနှံ့ လျှောက်ရှာမိသည်။ ဘယ်မှာမှ မတွေ့တော့ အိမ်သာများ သွားသလားဆိုပြီး 'မ'အိမ်သာရှေ့မှာ သွားစောင့်သေးသည်။

အချိန်တွေ ကုန်လာလေ ပိုပြီးစိတ်ပူရလေပင်။

နောက်ဆုံးမှာတော့ ဦးနေစိုးဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်းလှမ်းပြောလိုက်ရသည်။

အဖေ့ဆီလည်း ဆက်ပြီး ဘာဆက်လုပ်ရမလဲဆိုတာ တိုင်ပင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ့ပါနဲ့ဆို. . သွန်းထွေး ပျောက်သွားတာ နှစ်ခါရှိပြီ။

ပထမအကြိမ်လို ပြန်မှတွေ့ပါ့မလား။ ယောက်ျားတန်မဲ့ ချက်ရှည်စိုလာရတဲ့အထိ ပူလောင်နေသည်။

သူငယ်ချင်းတွေကိုလည်း ကူပြီး ရှာပေးဖို့. . အကူအညီ တောင်းထားရသည်။ ရှင်တော်မြတ်ဘုရားကိုလည်း တိုင်တည်မိသည်။

'တပည့်တော်ရဲ့ချစ်ခြင်းတွေ မှန်ကန်ပါက သွန်းထွေးကို အမြန်ဆုံးပြန်တွေ့နိုင်ပါစေ ဘုရား'

*



'သား ခဏထဦး'

မွန်းချိုသည် မျက်လုံးတွေကို မဖွင့်ဘဲ ပေပြီး ဆက်အိပ် နေမိသည်။

'သား. . ဒီမှာကြည့်စမ်း. . ဘယ်သူပါလာသလဲ'

အမေ အခန်းထဲကို ညည့်သည့်ခေါ်လာပြီ ထင်သည်။

အားနာစိတ်ဖြင့် ထထိုင်ပြီး မျက်လုံးကို မဖွင့်ချင် ဖွင့်ချင် နှင့် ဖွင့်ကြည့်တော့ သွန်းထွေးကိုတွေ့ပြီး အရမ်းအံ့သြသွားသည်။

'အမေ. . သူ. . သူက ဘယ်လိုလုပ်ပြီး ပါလာတာလဲ'

'အမေ သားကို ပြောဖူးတယ်လေ. .'

ဒေါ်နန္ဒာချိုက မျက်လုံးတစ်ဖက်မှိတ်ပြကာ

'ဦးရာလူ ရတယ်ဆိုတာ မေ့သွားပြီလား'

'ဟာဗျာ. . အမေနဲ့တော့ ခက်တာပဲ. . . စိတ်ထင်ရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှောတ်လုပ်လာတယ်ဗျာ. . အမေ သူ့ကို အကြမ်းဖက်ပြီး ခေါ်လာတာလား'

'အမယ်လေး. . လေး. . အကြမ်းဖက်ရအောင် ငါက ဓားမြ လားဟဲ့. . ကြည့်လည်း ပြောဦး၊ နင့်လူက အကြမ်းတောင်ဖက်စရာမလိုဘူး၊ ရေခဲမုန့်လေး ကျွေးပြီး ခေါ်လာတာ'

'ဟား. . . ဟား. . . ခေတ်ပုံဆရာကလည်း အိပ်ပုတ်ကြီးလိုက်တာ'

သွန်းထွေးက သူ့ကို ဟားနေသေးသည်။

အမေက အလိုက်တသိပင် သူတို့နှစ်ယောက်ကို ထားခဲ့လေသည်။

'တဲ. . သမီးအစ်ကိုနဲ့စကားပြောကြဦး။ အန်တီ မုန့်သွားယူလိုက်ဦးမယ်နော်'

သူ့အခန်းထဲမှာရှိတဲ့ မွေးပွအရုပ်လေးတစ်ရုပ်နဲ့ ကလေးလေးလို ဆော့နေသော ကောင်မလေးကို ကြည့်ပြီး တစ်မျိုးလေးခံစားလာရသည်။

'သွန်းထွေး. . ဘာစားပြီးပြီလဲ'

'ဟင့်အင်း. . ကိုကိုနဲ့ အတူတူစားမှာ'

'ကိုကိုဆိုတာ ဘယ်သူလဲဟင်'

ဆောင်းညပြာသိစာလေ



'အဆိုတော်လေ. . ကိုကို့ကို မသိဘူးလား'

ဂီတကိုတော့ တော်တော်သံယောဇဉ်ကြီးပုံရသည်။ ဒါတွေသိရလေ ရင်နာလေပင်။

ကိုယ့်လက်ထဲမှာ ကြိုက်သလိုလှည့်ပြီး ကစားလို့ရပေမယ့် သူ လူပီသချင်သည်။

ချစ်လွန်းလို့ ရင်ကွဲချင်လည်း ကွဲပါစေတော့။ အကွဲခံလိုက်မည်။ ဒီလိုနည်းနှင့်တော့ အချစ်ကို မသိမ်းပိုက်လိုပါ။

နောက်ဆုံးအနေနဲ့ပဲဖြစ်ဖြစ် သူမမျက်နှာလေးကို ဝအောင်ကြည့်ချင်သေးသည်။

A.မွန်းချိုသည် နုသွန်းထွေးကို အရှေ့မှာ ထားပြီး အရုပ်ကလေးတစ်ရုပ်လို အလှထိုင်ကြည့်နေမိသည်။

အချိန် နည်းနည်းကြာလာတော့ သွန်းထွေးက ကြောက်လာပုံရသည်။

အိမ်ပြန်ဖို့ ဂျီကျလာသည်။

'ကိုကို့ဆီ ပြန်မယ်. . ကိုကို့ဆီ ပို့ပေး'

ပို့ပေးပါ့မယ်. . မင်းကို ငါပြန်ပို့ပေးမှာပါ။

ငါချစ်တဲ့မင်းကို သူများရင်ခွင်ထဲ အပြီးထည့်ပေးလိုက်ရတော့မှာ. . ခဏလေး နေပေးလို့ မရဘူးလားကွာ. .

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



'ခဏနေရင် ပြန်ပို့ပေးမယ်နော်'

တကယ်လည်း သူ ပြန်ပို့ပေးမှာပါ။ ကံကြမ္မာက ရက်စက်စုံများ ခဏလေးတောင် ကြည့်ခွင့် မပေးတော့။

'တဲ့. . မရှိဘူး၊ ပြန်ဆင်းလာခဲ့လို့ ပြောနေတာ မကြားဘူးလား. .'

အမေ့အော်သံတွေ ကြားနေရသည်။ ဘာပြဿနာ တတ်နေမှန်းမသိ၊

'မယုံဘူး. . ခင်ဗျားတို့ကို လုံးဝကို မယုံဘူး၊ ခင်ဗျား ကျွဲတို ဘာပြောခဲ့သလဲ. . ကျုပ်ကိုယ်တိုင်ရှာမယ်'

မွန်းချို သိလိုက်ပါပြီ၊ မိုင်ဂီတ လိုက်လာပြီပဲ. .

နားပါးသော သွန်းထွေးက

'တိုတို. . သွန်းထွေး ဒီအခန်းထဲမှာ. .'

ဟု ထပြီးအော်လေသည်။ အသံကြားတော့ ဂီတက အခန်းတံခါးကို ပြေးလာပြီး ဖွင့်လိုက်သည်။

သွန်းထွေးကို မွန်းချိုအခန်းထဲမှာတွေ့တော့ မွန်ထူပြီး ဆွဲထိုးသည်။

'အယုတ်တမာကောင်. . မင်း လူမှပုတ်သေးရဲ့လား'

မွန်းချို နှုတ်ခမ်းကွဲပြီး သွေးတွေစီးကျလာသည်၊





'ငါဘာမှမယုတ်မာဘူး ဟောကောင်. . အခုပဲ ပြန်လိုက်ပို့မလို့. . မင်း ငါ့ကို မစော်ကားနဲ့'

'မင်းက အပြစ်ကင်းတဲ့သူပေါ့. . ဟုတ်လား. . Junction Mawtin ကနေ မင်းအခန်းထဲ သူ ဘာလို့ ရောက်နေတာလဲ. . ပြောလေ'

ဒေါ်နန္ဒာချိုတ ဝင်ပြီး

'ငါခေါ်လာတာ. . ဘာဖြစ်လဲ. . သူ့သဘောနဲ့သူ လိုက်လာတာပဲ'

'တော်. . တိတ်. . ခင်ဗျားတို့ကို အမှုဖွင့်ပြီး အရေးယူမယ်၊ သာမန်မဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကို ဖျားယောင်းသွေးဆောင်ပြီး ခေါ်ထားတယ်'

'ကိုကိုက ဘာလို့ ထိုးရတာလဲ. . . မာတ်ပုံဆရာ သနားပါတယ်၊ သူက လူဆိုးမဟုတ်ပါဘူး. . သူ သွန်းထွေးကို ကိုကို့ဆီလိုက်ပို့ပေးမယ်တဲ့. . ခုပဲ ပြောနေတာ'

သွန်းထွေးက အရိုးခံအတိုင်း ဝင်ရှင်းပြသည်၊

'သွန်းထွေး. . မင်း ဘာဖြစ်သွားသေးလဲ'

သူမက ခေါင်းခါပြသည်၊

မွန်းချိုလည်း ဒေါသထွက်လာကာ



www.burmeseclassic.com

www.burmeseclassic.com



'ငါ ဘာလုပ်နေလို့ သူတ ဘာဖြစ်ရမှာလဲ. . . အမေ မုန်းသွားသူနေလို့ သူ့ဟာသူ အရှပ်နဲ့ဆော့နေတာ'

'တော့တောင်. . မင်းပြောနေတာတွေ အမှန်လား'

'မင်းမယုံလည်း ဘာမှမတတ်နိုင်ဘူးကွာ'

ဂီတက တောက်တစ်ချက်ကို ခံပြင်းစွာခေါက်လိုက်ပြီး

'မင်းကို ငါနောက်ဆုံးပြောခဲ့မယ်၊ ဘယ်တော့မှ ငါ့မျက်စိရှေ့ကို ထပ်ထွက်မလာနဲ့. . သွန်းထွေးကို ထပ်ပြီး မပတ်သက်နဲ့. . မနှောင့်ယှက်နဲ့. . ငါ့အသက်နဲ့လဲပစ်လိုက်မယ်၊ သွန်းထွေး လာ. . သွားမယ်'

သွန်းထွေးလက်ကိုဆွဲပြီး ထွက်သွားတဲ့ ဂီတကို

'နေဦး ဂီတ၊ ငါ တစ်ခွန်းပဲ ပြောလိုက်မယ်. . သူက မင်းတို့ဝဲ ချစ်တာပါ. . ငါ့ကို မချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ငါ လက်မျှားနဲ့တောင် မတို့ဘူးဆိုတာ မင်းမြဲမြဲမှတ်ထားပါ'

ဂီတက မျက်လုံးတွေမှေးစင်းကာ မဲ့ပြုံးတစ်ချက်ကို မထိတထိ ပြုံးပြီး လှည့်ထွက်သွားသည်။

ဝေါ်နန္ဒချိုက သားကို အပြစ်တင်လေသည်။

'မင်း အသုံးမကျလို့ သူများလက်ထဲ ပြန်ပါသွားပြီ၊ မင်းအချစ်က ဝေဿန္တရာလိုအချစ်မျိုးလား မွန်းချို၊ အေး. . မင်းကြည်





ဖြူလို့ ပြန်ထည့်လိုက်ပြီးမှတော့ လာငိုပြမနေနဲ့တော့. . ကိုယ့်ဘာသာကိုယ် ကြိတ်မှိတ်ပြီး ခံတော့'

အရှုံးသမားတစ်ယောက်ရဲ့ရင်ထဲကို. . . ဘယ်သူက မြင်အောင်ကြည့်ပေးနိုင်မှာတဲ့လဲ. .

ဒါပေမယ့်. . သူကတော့ အတုံန်လုံးကို ကွက်ကွက်ကွင်းကွင်း မြင်နေရပါတယ်. . .

သေရာပါမယ့် ဒဏ်ရာတွေအပြည့်နဲ့ပေါ့. . .

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စတွေ ဖြစ်ပြီးနောက်မှာတော့ ဂီတက ဧစပ်ပွဲမလုပ်ဘဲ တစ်ခါတည်း လက်ထပ်ဖို့ လူကြီးတွေကို တောင်းဆိုခဲ့သည်။

ဦးနေစိုးကိုယ်၌ကလည်း အချိန်မဆွဲချင်တော့. .

ပတ်ဝန်းကျင်မှာ တူမလေး အရှက်တကွဲဖြစ်မှာ၊ နာမည်ပျက်သွားမှာကို စိုးရိမ်လာသည်။

'လက်ထပ်ပွဲကို ဘယ်မှာလုပ်မှာလဲ သား'

'မြင်ဦးလွင်မှာ'

'ဘာ. .'

မြင်ဦးလွင်ဟာ သမီးလေးဘဝမှာ အိပ်မက်မြို့တော်လေးဖြစ်ခဲ့ပေမယ့် အတိတ်ရဲ့အကြောင်းကဲ မလှပခဲ့တာမို့. .

'ခွင့်ပြုပေးပါ လေးစိုး၊ သူ သိပ်ပြီးသွားချင်ခဲ့တဲ့ မြို့လေး





မှာ သူ့ကို တခမ်းတနားလက်ထပ်ချင်တယ်. . သူ့စိတ်တွေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေချင်လို့ပါ'

ဦးမြတ်ထွန်းကပါ ဝင်ထောက်ခံသည်။

'ငါလည်း ဒီလိုပဲတွေးမိတယ် နေစိုး. . တို့တူမလေးက အဲဒါကို စွဲလန်းနေတာဆိုတော့. . သူ့အစွဲကိုချွတ်ပြီး အမှန်ကို မြင်နိုင်အောင် ပြကြည့်ရင် မကောင်းဘူးလား'

'အေးလေ. . မင်းတို့ဆန္ဒပြင်းပြနေမှတော့ အဲဒီမှာပဲ စီစဉ်လိုက်ပါ. . ဘယ်ဟော်တယ်မှာ လုပ်မှာလဲ'

'သား. . ပြောလိုက်လေ'

'အဲဒါတော့. . အခုပြောလို့ မရဘူး လေးစိုး. . ကျွန်တော့်သတို့သမီးကို surprise လုပ်မှာမို့လို့'

'အေးပါကွာ. . မင်းတို့လူငယ်တွေ တော်တော်အဆန်းထွင်တာပဲ'

မိသားစုတွေအားလုံး မင်္ဂလာပွဲအတွက် အလုပ်ရှုပ်သွားကြသည်။

အဝတ်အစားကိစ္စ စီစဉ်ရသည်။

မြင်ဦးလွင်တက်ဖို့ Expressကား စီးလုံးငှားပြီး လိုက်မယ့်လူစာရင်း ယူသူက ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ Extra-5 ဝိုင်းတော်သားတွေလည်း တက်ညီလက်ညီဝင် လုပ်အားပေးကြသည်။

ဒီအပတ်ထုတ်တဲ့ ဂျာနယ်တွေမှာလည်း 'ခမ်းနားပြီး ဆန်းပြားမယ့် မင်္ဂလာပွဲ'၊ 'ပန်းမြို့တော်မှာ ကျင်းပမယ့် မင်္ဂလာပွဲ'ခေါင်းစဉ်တွေ ပြောင်းပြီး သူတို့မင်္ဂလာပွဲသတင်းကို အကျယ်တဝင့်ဖော်ပြထားကြသည်၊

ဂီတရဲ့မန်နေဂျာ နေမျိုးက ပိုအလုပ်ရှုပ်နေသည်။

သူတို့နှစ်ယောက် တိုးတိုးတိတ်တိတ်တိုင်ပင်ထားပြီး ဘာတွေကျိတ်လုပ်နေသလဲဆိုတာ လူကြီးတွေ ဘာမှမသိရ။

သူတို့အားလုံးထဲမှာ ဘာဆို ဘာတစ်ခုမှမသိရသောသူမှာ သတို့သမီးလောင်းသာ ဖြစ်သည်။

သွန်းထွေးတို့ ဘာမှကြိုမပြောထားကြ။

မင်္ဂလာပွဲမတိုင်မီ နှစ်ရက်အလိုမှာ အမျိုးတွေ၊ မိတ်ဆွေတွေ ကားတစ်စီးလုံးအပြည့်တင်ပြီး ပြင်ဦးလွင်သို့ ထွက်လာခဲ့ကြသည်။ နေပြည်တော်ကိုဖြတ်ပြီး ညဘက်ထွက်ကြတာမို့ သွန်းထွေးလေး အိပ်ပျော်ပြီး ပါလာသည်။

ဂီတနံဘေးမှာ အိပ်ပျော်နေတဲ့ သွန်းထွေးကိုကြည့်ပြီး ဝိုင်းစနေကြသည်။

ဆောင်းညမြူသီတာလေ



'အိပ်ပါစေကွာ. . မအိပ်ရင် ပိုပြီး စိတ်လှုပ်ရှားနေမှာစိုးလို့ ငါ ဆေးတိုက်ထားတာ. . ဖြဖ်ဦးလွင်မြို့ကို ရောက်မှပဲ ဒါပြင်ဦးလွင်ဆိုပြီး ပြပေးချင်တာ'

သွန်းထွေးရဲ့နောက်ခံသမိုင်းကြောင်းကို သိထားကြသူတွေမို့ သူမအပေါ်ထားတဲ့ ဂီတရဲ့လေးနက်တဲ့ အချစ်စစ်တွေကို ပိုပြီး လေးစားသွားရသည်။

ဒါတွေ ဘာမှမသိတဲ့ သတို့သမီးလေးကတော့ သူ့ပခုံးလေးပေါ် ခေါင်းတင်ပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျလို့ပေါ့. .

ကျန်တဲ့သူတွေကတော့ ဘာမှန်းမသိတဲ့ မင်္ဂလာပွဲအတွက် ကြိုတင်ပြီး ရင်တွေခုန်လို့. . .

♦

ဆောင်းညမြူသီတာလေ

www.burmeseclassic.com

www.burmeseclassic.com

## [illegible]

မြင့်ဦးလွင်ရဲ့ အလုပ်ဆုံးနေရာတစ်ခု ဖြစ်တဲ့ 'ကန်တော်ကြီးအမျိုးသားဥယျာဉ်'မှာ 'မိုင်ဂီတ မင်္ဂလာပွဲ'ကျင်းပမည့်သတင်းက မြို့လေးမှာ နာမည်ကြီးနေသည်။

သူ့ရဲ့ပရိသတ်တွေအားလုံးလည်း ပါဝင်ဆင်နွှဲနိုင်ကြောင်း ဂီတက ဖိတ်မန္တကပြုထားသေးသည်။

သူ့ရဲ့မင်္ဂလာပွဲနေ့မှာ ပန်းဥယျာဉ်ထဲ၌ Extra-5 အဖွဲ့နှင့်အတူ နာမည်ကြီးအဆိုတော်များ လာရောက်သီဆိုမည့်အပြင် ဆိုမည့်သူများစာရင်း၌ မိုင်ဂီတနာမည်လည်း ပါနေတော့ ပိုပြီး အံ့ဩနေကြသည်။

သတို့သားကိုယ်တိုင် သီချင်းဆိုမှာကို ကြည့်ချင်ကြသလို





ကိုယ့်မြို့မှာ ထူးထူးခြားခြားမင်္ဂလာ လာဆောင်တဲ့. . . **celebrity** အတွက်လည်း ဂုဏ်ယူနေကြသည်။

သူတို့မင်္ဂလာပွဲကို မန္တလေးမြို့က ပရိသတ်တွေပါ စိတ်ဝင်တစားဖြင့်တက်လာကြလေသည်။

ပရိသတ်တွေ တိုးမပေါက်အောင် စည်တားနေကြသည်။

ညနေ ငါးနာရီမှာ မင်္ဂလာပွဲစတင်ပြီလို့ ကြေညာပြီး စင်ပေါ်မှတီးလုံးသံတွေ စထွက်လာသလို ပန်းရောင်စုံတွေကြားထဲမှ သီချင်းသံလေး ထွက်လာသည်။

လူတွေအားလုံး အသံလာရာဘက်ဆီ ဝိုင်းကြည့်ကြစဉ်မှာတော့ မဟာဆန်စွာ ခမ်းနားနေသော သတို့သားက သီချင်းဆိုကာ ငယ်ရွယ်လှပပြီး ချစ်စရာကောင်းသော သတို့သမီးလက်ကလေးကို ဆွဲပြီး ထွက်လာသည်။ လူတွေ ဝိုင်းပြီး လက်ခုပ်တီးကြသည်။

ဂီတ ဆိုလာတဲ့ သီချင်းလေးက Rခိုင် ရေးပြီး Rဇာနည်နှင့် ဝိုင်းစုခိုင်သိန်းတို့ ဆိုထားတဲ့ 'လိုက်ဖက်တဲ့ဘဝ' သီချင်းလေးဖြစ်ပြီး နားထောင်လို့ ကောင်းနေသည်။

နေရောင်တွေ တောက်နေတဲ့ ဆည်းဆာ ညနေခင်းလေးဟာ ပြီးပြည့်စုံတဲ့ ပန်းချီကားလေးတစ်ချပ်နှယ် လှပပြီး အဓိပ္ပာယ်ရှိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



♫ အကောင်းဆုံး မင်းကို ပေးမယ် xxx အချစ်လေး ယူ မလား xxx

အကြင်နာခမ်းခမ်းနားနား ကိုယ့်ရဲ့ရင်မှာ xxx ဘာမှနှိုင်းယှဉ်လို့ မရသလို xxx တကယ် မပြောင်းနိုင်တဲ့သစ္စာ xxx ချစ်သူမင်းအတွက် အမြဲတမ်းရှင်သန် xxx ဟိုး xxx

တစ်ယောက်ဆို တစ်ယောက်သာ ပုံချစ်မှာပါ xxx ဖြန်လည်တို့ရဲ့အချစ်က အေးမြစေမှာ xxx တစ်သက်လုံးပဲကွယ် အနား နားဝယ် xxx တကယ်မပြောင်းနိုင်တဲ့အချစ်ပါ xxx ဒါကြောင့် တို့တို စိတ်ချထား xxx

ရှင်သန်ချိန် မင်းကိုပဲ xxx ဘယ်သူနဲ့မှ xxx တို့ ဘယ်သူမှ xxx လာတာ မယှဉ်ပြိုင်နိုင်အောင် ပိုချစ်မှာ xxx ရည်ရွယ်ရာ xxx မှန်းမျှော်ရင်း xxx ဘယ်လောက် အရှုံးနဲ့တို့တွေ့လိုက် xxx ဒီအချစ်ကို အမြဲလိုတန်ဖိုးထားချစ်နေမှာ xxx

ဒီလိုလိုက်ဖက်တဲ့ဘဝ xxx ပျော်စရာလောကကြီးထဲ တကယ်ပါ ကြင်နာသူလေး ရှိနေမှ xxx ယုံထားမယ် အချစ်လေး xxx မင်းလေးနဲ့အတူတူပါ xxx အရာရာ အားပေးခံစား အချစ်လေးများ xxx အိုး. . လိုက်ဖက်တဲ့ ဘဝ xxx ပျော်စရာလောကကြီးက တကယ်ပါ ကြင်နာသူလေး ရှိနေမှ xxx

ဆောင်းညပြာ သိစာပေ



အပြန်အလှန်နားလည်နေရင်း ဂရုစိုက်ပြီး ချစ်သွားမယ် xxxဒီလို မင်းနဲ့ကိုယ်နဲ့ ချစ်နေမှာ xxx

ဒီလို မင်းနဲ့ကိုယ်နဲ့ သိပ်ချစ်သွား xxx

ဒီလို မင်းနဲ့ကိုယ်နဲ့ ချစ်မှာ xxx

(နာ. . နာ. . . နာ. . . နာ. . . )၂ ဟိုးxxx ♫

'ဖြောင်း. . . ဖြောင်း. . . ဖြောင်း'

လက်ခုပ်သံတွေ သောသောညံနေသည်၊

ဒီလိုမင်္ဂလာပွဲမျိုး မြင်မှမမြင်ဖူးကြတာ. .

အရမ်းကို ခမ်းနားပြီး ဆန်းပြားနေတယ်လေ၊ ဂီတတ သွန်းထွေးကို တိုးတိုးလေး လှမ်းပြောသည်၊

'ဒါ ပြင်ဦးလွင်ပဲ ချစ်လေး'

တအံ့တသြဖြစ်ပြီး မျက်လုံးလေးတွေ လက်ကာ ဝီထတို ပြုံးပြီးကြည့်လိုက်စဉ် ကင်မရာမီးတွေ တဖျတ်ဖျတ်လင်းသွားသည်၊

'အဝိတ်ဆိုးတွေ ထားခဲ့ပြီး ခုချိန်ကစ ပျော်ပျော်ကြီး နေတော့နော်'

စင်ပေါ်ကို သွန်းထွေးလက်ကလေးဆွဲတာ တက်သွားပြီး နောက်. .

ဆောင်းညပြာ သိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ပရိသတ်ကြီးတွေ ပျော်ကြရဲ့လား. . ကျွန်တော့် မင်္ဂလာပွဲကို အခုလို လာချီးမြှင့်တဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ်ဗျာ. . ဒီကောင်မလေးကို ကျွန်တော့်အသက်လောက် ချစ်ရပါတယ်'

'ရှိုး. . ဖြောင်း. . ဖြောင်း'

ဂီတနှင့် သူ့ပရိသတ်တွေ အပေးအယူ တည့်နေကြသည်။ ပြင်ဦးလွင်ရဲ့ညနေခင်းတွေထဲမှာ ဒီညနေလောက် အဓိပ္ပာယ်ရှိပြီး လှပတဲ့ညနေခင်းမျိုး ရှိမည် မထင်ပါ။

သူတို့နှစ်ယောက်ရဲ့ချစ်ခြင်းတာ ခမ်းနားနေတော့ ပန်းလေးတွေ ပိုသင်းနေပြီပေါ့။

ဂီတက ဒီဘဝမှာ နောက်တစ်ယောက် မချစ်တော့ဘူးတဲ့။

မုပိုင်နှင်းဆီ

2:00 Am

11th, Sep, 2011

Sunday.

ဆောင်းညပြာသိုလ

စာရေးဆရာမ

မုပိုင်နှင်းဆီ ၏ ထွက်ရှိပြီး စာအုပ်များ



Like MU PAING ROSE on Facebook.

BURMESE CLASSIC .com

www.burmeseclassic.com